MYANMAR
# ICT JOURNAL
WEEKLY JOURNAL OF INFORMATION AND COMMUNICATIONS TECHNOLOGY.
အိုင်စီတီ ဂျာနယ် | VOLUME 2, ISSUE 13 THE WEEK OF APR 1- 7, 2013
WWW.ICT.COM.MM



## Google မှ Mr.Eric Schmidt လာပြီး ရလဒ်အနေဖြင့် Free Website နှစ်ခုပြန်ပွင့်

## ဧပြီလ ၁ရက်နေ့မှစ၍ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်း လိုင်စင် လျှောက်ထားခ လျှော့ချမည်

## ဈေးနှုန်း အတိအကျ မရှိသေးသော Sim Card ထွက်လာသည့်အခါ ဘယ်လိုဝယ်မလဲ

## စိတ်ဖိစီးမှုတွေ ဖြစ်စေနိုင်သော အချက် (၆) ချက်ရှိဟု iPhone မှဆို

## Facebook ရဲ့ Comment Feature အသစ်

## မိုဘိုင်းဖုန်းဖြင့် အင်တာနက် အသုံးပြုသူများလာသော်လည်း မြန်နှုန်းအရ လိုအပ်ချက်များရှိနေ



Mercedes-Benz GL **Series**



Sony Cyber Shot **DSCWX300**



HTC **ONE**



Nokia770 **Internet Tablet**

IMPROVED **SHOP** WEEKLY INCLUDED

360,000 Kyats
Silver, Gold, Platinum, Platinum+, Prepaid Plan
* Limited Stock
* Limited Area
* Terms & Condition Apply
270,000 Kyats
Gold+ Plan Only
Broadband WiMAX Service
REDLINK COMMUNICATIONS
မြန်မာ နှစ်သစ်ကူးအကြို
PROMOTION 22nd - 31st March 2013
RedLink Sales Offices များ နှင့် Sales Agents များထံတွင် ဝယ်ယူရရှိနိုင်ပါသည်။
Sales Offices
* Pearl Condo : 09 73031684 ~ 85
* BAK (IT Mall) : 09 43170015
* Junction Square : 09 43170016
* Chaw Twin Gone : 01 660304, 664282
* Junction Maw Tin : 09 431 38326



Model: နိုနိုဝေ, Makeup: Aroma, Photography: သိန်းဇော်ဝင်း (Photo Magic)


KING POWER COMPUTER
အမှတ်(၁၃၁) ဆိပ်ကမ်းသာလမ်း(အောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၃၉၈၀၀၈၊ ၃၈၅၈၂၄၊ ၀၉-၇၃၀၃၀၅၈၆
TABLET
T One
Display : 7" wide multi-touch
Resolution : 800 x 480 pixel
Processor : 1.0GHz
RAM : 512M
Storage : 8GB
Sys : Android 4.0.4
Card Reader, USB, WiFi, Camera
48,000/-Ks
MO MO 9
Display : 7" wide multi-touch
Resolution : 800 x 480 pixel
Processor : 1.0GHz
RAM : 512M
Storage : 8GB
Sys : Android 4.0.4
Card Reader, USB, WiFi, Camera
53,000/-Ks
Onda V702
Display : 7" wide multi-touch
Resolution : 800 x 480 pixel
Processor : 1.0GHz
RAM : 512M
Storage : 8GB
Sys : Android 4.0.4
Card Reader, USB, WiFi, Camera
55,000/-Ks
Viewsonic VB71
Display : 7" wide multi-touch
Resolution : 800 x 480 pixel
Processor : 1.0GHz
RAM : 512M
Storage : 8GB
Sys : Android 4.0.4
Card Reader, USB, WiFi, Camera
57,000/-Ks
MO MO 8
Display : 8" wide multi-touch
Resolution : 800 x 480 pixel
Processor : 1.0GHz
RAM : 512M
Storage : 8GB
Sys : Android 4.0.4
Card Reader, USB, WiFi, Camera
74,000/-Ks
Ason M92
Display : 9" wide multi-touch
Resolution : 800 x 480 pixel
Processor : 1.0GHz
RAM : 512M
Storage : 8GB
Sys : Android 4.0.4
Card Reader, USB, WiFi, Dual Camera
79,000/-Ks
Brome V99M
Display : 10" wide multi-touch
Resolution : 800 x 480 pixel
Processor : 1.0GHz
RAM : 512M
Storage : 16GB
Sys : Android 4.0.4
Card Reader, USB, WiFi, Dual Camera
132,000/-Ks
Onda V971T
Display : 10" wide multi-touch
Resolution : 1024 x 680 pixel
Processor : 1.5GHz
RAM : 1GB
Storage : 16GB
Sys : Android 4.1.1
Card Reader, USB, WiFi, 2Camera
129,000/-Ks
Ason M71G
Display : 7" wide multi-touch
Resolution : 800 x 480 pixel
Processor : 1.0GHz
RAM : 512M
Storage : 8GB
Sys : Android 4.0.3
Card Reader, USB, WiFi, Camera
GSM SIM (3G)
108,000/-Ks
O Pad
Display : 7" wide multi-touch
Resolution : 800 x 480 pixel
Processor : 1.0GHz
RAM : 512M
Storage : 8GB
Sys : Android 4.0.4
Card Reader, USB, WiFi, 2Camera
GSM SIM (3G)
82,000/-Ks
SAMSUNG GALAXY Tab 2 (7.0) GT-P3100
Display : 7" wide multi-touch
Resolution : 1024 x 600 pixel
Processor : Dual 1.0GHz
RAM : 1GB
Storage : 16GB
Sys : Android 4.03
Card Reader, USB, WiFi, 2Camera
GSM SIM (3G)
277,000/-Ks
SAMSUNG GALAXY Tab 2 (7.0) GT-P5100
Display : 10" wide multi-touch
Resolution : 1024 x 800 pixel
Processor : Dual 1.0GHz
RAM : 1GB
Storage : 16GB
Sys : Android 4.03
Card Reader, USB, WiFi, 2Camera
GSM SIM (3G)
370,000/-Ks
lenovo A 2
Display : 7" wide multi-touch
Resolution : 1024 x 680 pixel
Processor : 1.0GHz
RAM : 512M
Storage : 4GB
Sys : Android 4.0.4
Card Reader, USB, WiFi, Dual Camera, BT
GSM SIM (3G)
164,000/-Ks


Apple Specialist
U-Store
Only One But Different
Apple Sale & Service
ဒိနှစ်သင်္ကြန်အတွက် U Store မှ
iPhone Cover အလန်းစားများနဲ့
ရေကစားရအောင်
WATER PROOF
DIRT PROOF
SNOW PROOF
SHOCK PROOF
One Case. Four Proofs.
LIFEPROOF®
LET'S GO!
SEaLABox
SEaLABox WATERPROOF
Mobile Case IPX7 Approved
CAUTION! Sealing surface Do not damage
Guide
အမှတ်(၄၅)၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ -၀၉-၄၄၈၀၀၄၇၁၆၊ ၀၉-၅၁၀၂၀၇၆
Email : wathery@ustore.asia
Website : www.UStore.asia

MYANMAR ICT JOURNAL အိုင်စီတီ ဂျာနယ်
Volume 2, Issue 13



# ၂၀၁၃ခုနှစ် ရန်ကုန်နှင့် မန္တလေး သင်္ကြန်မဏ္ဍပ်များအတွက် မြို့တော်စည်ပင်မှ သတင်း ထုတ်ပြန်ချက်များ

ဇေဒီ၊ သန့်စင်

မဟာသင်္ကြန်ရက်များအတွင်း ရန်ကုန်တိုင်း စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ် ၂၀ အား ပုံမှန်အတိုင်း ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရပါသည်။ အဆိုပါ မြို့နယ် ၂၀အတွင်း တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ မင်္ဂလာဒုံ၊ အင်းစိန်၊ မရမ်းကုန်း၊ ရန်ကင်း၊ ကမာရွတ်၊ လှိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ သင်္ဃန်းကျွန်း၊ သာကေတ၊ ဒေါပုံ၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်းနှင့် အရှေ့ဒဂုံမြို့နယ်တို့ ပါဝင်ပြီး သင်္ကြန် အကြိုနေ့မှ အတက်နေ့အထိ ပေးဝေနေကျ အစီအစဉ်အတိုင်း ရေပေးသွားမည်ဟု စည်ပင်သာယာကော်မတီ၊ အင်ဂျင်နီယာဌာန (ရေသန့်နှင့် သန့်ရှင်းမှု)ဌာနမှ ပြောသည်။

ရေကစား မဏ္ဍပ်များအတွက် ၁ လက်မ ၁.၅လက်မနှင့် ၂ လက်မ ရေပိုက်လိုင်းများသာ စည်ပင် ရေပေးဝေရေး ပိုက်လိုင်းမှ သွယ်ယူ အသုံးပြုခွင့် ပေးသွားမည်ဖြစ်ပြီး တခြားမြို့နယ်များဖြစ်သော အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်နှင့် ရန်ကုန်မြို့လယ်ပိုင်းရှိ မြို့နယ် ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗဟန်း၊ ဒဂုံမြို့နယ်တို့ကိုလည်း မနက် ၇ နာရီမှ ၁၁ နာရီအထိ တစ်ကြိမ် ညနေ ၃ နာရီမှ ၆ နာရီအထိ တစ်ကြိမ် တစ်နေ့လျှင် နှစ်ကြိမ် အချိန်အတိုင်း မဏ္ဍပ်များကို ယခင်နှစ်များအတိုင်း ပေးသွားမည်ဟုသိရသည်။

ရေယူသုံးမည့် မဏ္ဍပ်များအနေဖြင့် ၁ လက်မနှင့် ၁.၅ ပိုက် အသုံးပြုမည် ဆိုပါက ကျပ် ၁ သိန်း၊ ၂ လက်မပိုက်အတွက် ကျပ် ၁သိန်းခွဲ ပေးသွင်းရမည်ဖြစ်ပြီး အင်းလျားလမ်းနဲ့ ကန်တော်ကြီးပတ်လမ်းရှိ


Image Credit: maunghtoo.blogspot.com

ရေယူ သုံးသူမည့်သူများအတွက် ၃လက်မ ပိုက်လိုင်းကို ခွင့်ပြုပေးကာ ၃ လက်မ ပိုက်သုံး မဏ္ဍပ်များသည် ရေသွယ်ယူခ ကျပ် ၂.၂ သိန်းကို သင်္ကြန်အကြိုနေ့ နေ့လည် ၁၂ နာရီအမီ ပေးသွင်းရမည်ဟု သိရသည်။ ထို့ပြင် ရေပိုက်ဖိုးများမှာ ယခင်နှစ်နှုန်းထားထက် ထက်ဝက်ခန့် ဈေးမြင့်တက်လာကြောင်း သိရသည်။

မန္တလေးမြို့တွင်လည်း သင်္ကြန်မဏ္ဍပ် တည်ဆောက်လိုသူများသည် မတ်လအတွင်း လာရောက် လျှောက်ထားသူ ၈၀ကျော် ဝန်းကျင်ခန့် ရှိနေပြီဟု သိရသည်။ မန္တလေးမြို့ မဏ္ဍပ်တည်ဆောက် လိုသူများသည် ကျုံးဘေး ပတ်လည်မှာ တည်ဆောက်လိုပါက အာမခံကြေး ငွေကျပ် ၅ သိန်း ပေးသွင်းရမည်ဖြစ်ပြီး ကန်တော်ကြီးနေရာနဲ့ မြို့တွင်းနေရာများတွင် မဏ္ဍပ်ဆောက်လိုပါက အာမခံကြေး ပေးသွင်းဖို့ မလိုအပ်ကြောင်း သိရသည်။ မဏ္ဍပ် ဆောက်လိုသူများသည် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီမှ ချပေးထားသော သတ်မှတ်နေရာ အကျယ်အဝန်း အတွင်းသာ တည်ဆောက်ရမည်ဖြစ်ပြီး မဏ္ဍပ်အောက် ၁၀ပေ ပတ်လည် အမှိုက်ကန်နဲ့ ယာယီ ရေလောင်း အိမ်သာတို့ ပါရှိရမည် ဖြစ်ပြီး မဏ္ဍပ်များတွင် ဆေးလိပ်၊ အရက်နဲ့ ဘီယာများ ရောင်းချခြင်း များ၊ ပြုလုပ်ခွင့်များ မရှိကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ အခွန် ဌာနမှ သတင်းထုတ်ပြန်ထားသည်ဟု သိရသည်။

ယခင်နှစ်များက မဏ္ဍပ်ဆောက်မည်ဆိုလျှင် အာမခံကြေး ငါးသိန်း ပေးသွင်းရပြီး အဆိုပါ အာမခံကြေးများကို ပလက်ဖောင်း အပျက်အဆီးများအတွက် ပြန်မထုတ်ပေးခြင်းများ ရှိကြောင်း၊ ၂၀၁၂ခုနှစ် သင်္ကြန်ကာလတွင် တောင်ဘက်ကျုံး၌ မဏ္ဍပ် ၁၇ခုရှိခဲ့ရာ ၁၀နေရာ အတွက်ပင် မဲနှိုက်ခဲ့ရသည်များ ရှိကြောင်း ယခင်နှစ် လမ်း ၈၀တွင် မဏ္ဍပ် ဆောက်လုပ်ဖူးခဲ့သူတစ်ဦးက ဆိုသည်။

ရန်ကုန်နှင့် မန္တလေး သင်္ကြန်မဏ္ဍပ်များတွင် CCTV ကင်မရာများ တပ်ဆင်ပြီး၊ လုံခြုံရေး ဝန်ထမ်းများ ထားရှိပေးသွားမည် ဖြစ်ကြောင်း သိရသည်။

## သုံးနှစ်မြောက် ယဉ်ကျေးမှု တက္ကသိုလ်ကို ၃နှစ်အတွင်းတွင် တည်ဆောက်သွားမည်ဟု သိရ

ဇေဒီ

မြန်မာနိုင်ငံတွင် ယဉ်ကျေးမှု တက္ကသိုလ်မှာ ရန်ကုန်နှင့် မန္တလေး မြို့နှစ်မြို့တွင် ရှိနေခဲ့ရာတွင် ယခု ကလေးမြို့တွင် ထပ်မံ တည်ဆောက်ဖွင့်သွားရန် စီစဉ်နေပြီဟု စစ်ကိုင်းတိုင်းဒေသမှ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးထံမှ သိရသည်။ ချင်းပြည်နယ်ရှိ ကလေးမြို့တွင် (၂၀၁၆) ခုနှစ်အတွင်းတွင် ယဉ်ကျေးမှု တက္ကသိုလ်ကို စတင်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း အထက်ပါ ပုဂ္ဂိုလ်ထံမှ သိရသည်။ အဆိုပါ ကျောင်းကို သွားလာရေး လွယ်ကူပြီး အချက်အချာကျသော နေရာတွင် သော်လည်းကောင်း၊ အသားပေးရွေးချယ် တည်ဆောက်သွားမည်ဖြစ်ပြီး အနည်းဆုံး မြေဧက (၁၀၀)ဝန်းကျင်ခန့် ယာယီ ခန့်မှန်းထားကြောင်း သိရသည်။ ချင်းပြည်နယ် ကလေးမြို့တွင် ယဉ်ကျေးမှု တက္ကသိုလ် တည်ဆောက်မည်ဟု သိရသည်မှာ ချင်းတွင်း အထက်ပိုင်း၊ နာဂ၊ ရှမ်း၊ အပါအဝင် မြန်မာပြည် အထက်ပိုင်းရှိ လူငယ်များကို မြန်မာယဉ်ကျေးမှုကို ထပ်ဆင့်တိုးပွားလာစေသည့်အပြင် လူမျိုး ပေါင်းစုံတို့၏ ယဉ်ကျေးမှု ဖလှယ်ရာ နေရာ ကျောင်းတော်ကြီး ဖြစ်နိုင်သည်ဟု ယူဆရသည်။ ကလေးမြို့သည် စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်ကို ဆက်စပ်ထားနေသော နေရာလည်း ဖြစ်သောကြောင့် လူမျိုး ဘာသာပေါင်းစုံ လူငယ်များအတွက် မြန်မာ့ယဉ်ကျေးမှုကို လေ့လာ သင်ယူနိုင်သည်။

## ဒုတိယအကြိမ်အဖြစ် ပုဂ္ဂလိက နေ့စဉ်သတင်းစာ (၈)စောင်အား ထပ်မံ ထုတ်ဝေခွင့်ပြု

မင်းခန့်

ပြန်ကြားရေး ဝန်ကြီးဌာနမှ ပုဂ္ဂလိက နေ့စဉ်သတင်းစာများ ထုတ်ဝေသွားနိုင်ရန်အတွက် လျှောက်လွှာများအား ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်၍ လျှောက်ထား ခွင့်ပြုခဲ့ရာ ယနေ့အထိ လျှောက်ထားသူပေါင်း ၂၂ ဦးထိ ရှိကြောင်း သိရပါသည်။ ပထမအကြိမ်အနေဖြင့် ဖေဖော်ဝါရီလ ၂၈ ရက်နေ့က လျှောက်ထားသော သတင်းစာလျှောက်လွှာ ၁၇စောင် အနက်မှ ၈စောင်အား ဧပြီလ ၁ရက်နေ့မှ စတင်၍ ပုံနှိပ်ထုတ်ဝေခွင့် ပြုခဲ့ကြောင်း သိရပါသည်။ ယခုအခါ ဒုတိယအကြိမ်အဖြစ် ယခင် လျှောက်ထားခဲ့သော သတင်းစာလျှောက်လွှာ ၆စောင် အနက်မှ ပြင်ဆင် လျှောက်ထားလာသည့် သတင်းစာ လျှောက်လွှာ ၃ စောင်၊ အသစ်ထပ်မံ လျှောက်ထားသော သတင်းစာ လျှောက်လွှာ ၅စောင်နှင့် စိစစ်နေဆဲ သတင်းစာ လျှောက်လွှာ ၃စောင်တို့အထဲမှ နေ့စဉ်သတင်းစာ ၈စောင်အား ထပ်မံ ပုံနှိပ်ထုတ်ဝေခွင့် ပြုလိုက်ကြောင်း သိရပါသည်။ ထပ်မံခွင့်ပြုလိုက်သော နေ့စဉ်သတင်းစာများမှာ The Daily Eleven၊ စံတော်ချိန်၊ ခေတ်သစ်နေ့စဉ်၊ ရန်ကုန်တိုင်း(မ်)၊ မြန်မာဓိက၊ ဒီလှိုင်း၊ ပြည်ထောင်စုအသံနှင့် ၇-ရက်နေ့စဉ် သတင်းစာများ ဖြစ်ကြောင်း သိရပါသည်။

## အင်တာနက် ရုပ်မြင်သံကြား နယ်ပယ်သို့ Intel ဝင်ရောက်လာမည်

ဇေဒီ

ကမ္ဘာ့အကြီးဆုံး ချစ်ပ်ကုမ္ပဏီ Intel သည် အင်တာနက်လိုင်းများမှ တစ်ဆင့် ရုပ်ရှင်ကားများနှင့် ရုပ်မြင်သံကြား အစီအစဉ်များကို ထုတ်လွှင့်ပေးမည့် အင်တာနက် ရုပ်မြင်သံကြား နယ်ပယ်သို့ ဝင်ရောက်လာမည် ဖြစ်ကြောင်း အတည်ပြု ပြောကြားသည်။ ၎င်းတို့အနေဖြင့် Set-Top Boxများကို စတင်ရောင်းချရန် စီစဉ်နေကြောင်း သိရပြီး လက်ရှိ အသုံးပြုနေသည့် အင်တာနက် ရုပ်မြင်သံကြား စနစ်များထက် ထူးခြားမှု ရှိစေရန် ဖန်တီးသွားမည် ဖြစ်ကြောင်းလည်း သိရသည်။ ၎င်းတို့၏ အဓိက ရည်မှန်းချက်မှာ ကြိုးများဖြင့် ချိတ်ဆက်သည့် စနစ်မှ ကြိုးမဲ့ချိတ်ဆက်မှု စနစ်သို့ အပီပြင်ဆုံး ကူးပြောင်းနိုင်ရန် ဖြစ်ကြောင်း သိရပြီး ရုပ်မြင်သံကြား စက်များမဟုတ်သည့် iPad ကဲ့သို့သော တက်ဘလက် ကွန်ပျူတာများဖြင့်လည်း အသုံးပြုနိုင်ရန် စီစဉ်ပေးသွားမည် ဖြစ်သည်။ Intel ၏ မီဒီယာဌာနမှ မန်နေဂျာဖြစ်သူ အဲရစ်ဟက်ဂါက "ကျွန်တော်တို့ အနေနဲ့ ထူးခြားတဲ့ ရုပ်မြင်သံကြား အတွေ့အကြုံသစ်ကို အင်တာနက်ကနေ တစ်ဆင့် ထောက်ပံ့ပေးနိုင်ဖို့ အဓိက ရည်ရွယ်ထားပါတယ်။ ဆန်းပြားတဲ့ နည်းပညာတွေ ထည့်သွင်းထားပြီး ကမ္ဘာ့ရုပ်မြင်သံကြား နယ်ပယ်ကို ပြောင်းလဲနိုင်ဖို့ စဉ်းစားသွားမှာပါ" ဟု ထုတ်ဖော် ပြောကြားခဲ့သည်။

## Googleမှ Mr. Eric Schmidtလာပြီး ရလဒ်အနေဖြင့် Free Website နှစ်ခု ပြန်ပွင့်

ဇေဒီ၊ မင်းခန့်

Googleမှ အမှုဆောင် ဥက္ကဋ္ဌဖြစ်သူ Mr. Eric Schmidtသည် မတ်လ ၂၂ ရက်နေ့က မြန်မာပြည်သို့ လာရောက်ခဲ့ပြီး ပထမဆုံး ရလဒ်အနေဖြင့် Googleမှ လွှင့်တင်ထားသော Free Download Website နှစ်ခုအား ပြန်လည် သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရပါသည်။ အဆိုပါ Website နှစ်ခုမှာ Google Playနှင့် Google Analyticsတို့ဖြစ်ကြောင်း သိရပါသည်။ Google Playတွင် နည်းပညာပစ္စည်းများ၏ How toနှင့် Creation ဆိုင်ရာ Mini-Game၊ Softwareများ၊ Android Versionများနှင့် ဆက်စပ်လျက်ရှိသော နည်းလမ်းများကို Free Download လုပ်နိုင်မည် ဖြစ်သည်။ Google Analyticsတွင် Websiteဆိုင်ရာ Softwareများနှင့် Web Developingဆိုင်ရာ Statisticsများလည်း ပါရှိပြီး Visitor Counter ကဲ့သို့သော Softwareများကို Free Download ရယူနိုင်မည် ဖြစ်သည်။ "Visitor Counterက ကိုယ့် Websiteကို ဘယ်သူတွေက ဝင်ကြည့်သလဲဆိုတာ Detail ဖော်ပြပေးနိုင်ပါတယ်။ နာမည်တွေ၊ အချိန်တွေ၊ တည်နေရာတွေ အကုန်လုံးကို Record လုပ်ပြီး ပြန်ကြည့်နိုင်တယ်"ဟု ရန်ကုန်မြို့မှ Developer တစ်ယောက်က ပြောပါသည်။ ထို့အပြင် Statistics များသည် Web Developerများအတွက် အလွန် အရေးပါသော Dataများကို ဖော်ပြပေးထားကြောင်း သိရပါသည်။ ၎င်း Website နှစ်ခုမှာ လွန်ခဲ့သော နှစ်နှစ်ခန့်ကတည်းက သုံးစွဲခွင့် ပိတ်ပင် ခံထားရကြောင်းနှင့် ပြီးခဲ့သော ရက်ပိုင်းအတွင်းကစ၍ ပြန်လည် သုံးစွဲနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 13
MYANMAR ICT JOURNAL


## WHO WE ARE

### MYANMAR ICT JOURNAL

| | |
|---|---|
| Telephone | (01) 430-897, (01) 553-918 |
| Email (Ad) | advertising@myanmarict.com |
| Email (News) | newsroom@myanmarict.com |
| Email (Classified) | classified@myanmarict.com |
| SubscribeICT | circulation@myanmarict.com |
| Website | www.ict.com.mm |
| | www.facebook.com/myanmarict |
| Head Office | 58B, Myanma Gon Yaung Housing, Than Thu Mar Road, Tamwe Township, 11211, Yangon, Myanmar. |

### EDITORIAL TEAM

| | |
|---|---|
| CEO<br>Editor in Chief | Phyo Min Min |
| Editor | Than Htay |
| Feature Editor | Win-win, Dr. PTS, Ma Ma Zee Kwet, Ma Naw Phyu Lay |
| | APT, TZO, Nay Aung Latt, iGeek, Key |
| Translator | Nyi Nyi Naing |
| Reporter | Daiwe, Jet Sin, Myo Zin, Min Khant, Thant Zin Oo |
| Proof Editor | Thandar Su Htwe, Kyawt Kyawt Paing |
| Accountant | Wai Wai Tun |
| Illustration | Ko Ko Aung, Lin Kyal |
| Photographer | Thein Zaw Win (Photo Magic) |
| Art Director | Media Lane, The Creative Agency |
| Film | Eagle Press Colour Separation |
| Printing | Seik Ku Cho Cho |

### ADVERTISING

| | |
|---|---|
| Snr. Marketing | Thwe Thwe Aye |
| Coordinator | May Thu Kyaw, Kyaw Lwin Htun, Ei Hnin Phyo, Moe Thidar Hlaing, Hnin Wai Aung |

### CIRCULATION/ DISTRIBUTION

| | |
|---|---|
| Manager | U Aung Than Htun |
| Coordinator | Nyi Min Htike, Thein Linn |

မြန်မာအိုင်စီတီဂျာနယ်ကို ယာယီမှတ်ပုံတင်အမှတ် ၁၅၂၁ဖြင့် ထုတ်ဝေပါသည်။


# ဈေးနှုန်း အတိအကျ သတ်မှတ်မှု မရှိသေးသော Sim Card ထွက်လာသည့်အခါ ဘယ်လို ဝယ်ရမလဲ

အေဂီ

Sim Cardများကို GSMကို ကျပ် ၂၀၀၀နှင့် WCDMA 800ကို ကျပ် ၅၀၀၀ဖြင့် ဧပြီလအတွင်း ထွက်ပေါ်လာတော့မည်ဟု တချို့သော ဂျာနယ်များ၏ ဖော်ပြရေးသားချက်များနှင့် တာဝန်ရှိသူများ၏ သတင်းထုတ်ပြန်ချက်များကြောင့် လူလတ်တန်းစားများမှာ မျှော်လင့် စောင့်စားနေကြရသည်။ တန်ဖိုးနည်း ဆင်းမ်ကတ်တွေနဲ့ ပတ်သက်ပြီး မကြာခင် ရောင်းချပေးဖို့ အစီအစဉ်ရှိပေမယ့် ဈေးနှုန်း မသတ်မှတ် ရသေးပါဘူးလို့ ဆက်သွယ်ရေး ဝန်ကြီးဌာနက အိုင်တီ ဝန်ဆောင်မှု အင်ဂျင်နီယာချုပ် ဦးဌေးဝင်း ကပြောသည်။ ဘယ်နေ့ ဘယ်ရက်မှာ ဘယ်ဈေးနှုန်းနဲ့ ဘယ်ပုံစံ ဖြန့်ဖြူးမယ်ဆိုတာ မသိရသေးကြောင်း ဦးဌေးဝင်းက မတ်လ ၂၅ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ပြောသွားသည်။ ဖုန်းအလုံး ၃ သန်းခန့် ချပေးရန်ရှိ နေကြောင်း ဖုန်းတစ်သန်းပဲ ချပေးမည် ဆိုသည်မှာ လုံးဝ မဟုတ်ကြောင်း မြန်မာအလင်းသတင်းစာတွင် ဖော်ပြထားသည်။ ဖုန်းလိုင်းတွေ ချထားပေးဖို့ ဆက်သွယ်ရေး တာဝါတိုင်တွေ လုံလောက်မှု မရှိသေးကြောင်းလည်း ပြောထားသည်။ "ရန်ကုန်နဲ့ မန္တလေးမှာ တော်တော်လေး ကြိုးစားရမယ်။ မြို့ပေါ်တွေမှာ နေရာသစ်မရရင် စခန်းတိုးချဲ့လို့ မရဘူး၊ စခန်းတွေ ထပ်ချဲ့ပြီး လိုအပ်တာတွေ ထပ်ဝယ်ဖို့ ကိစ္စတွေကို အထက်လူကြီးတွေလည်း စီစဉ်နေတယ်"ဟု ထပ်မံ ပြောကြားခဲ့သည်။ မိုဘိုင်းဖုန်း ဆင်းမ်ကတ် ဈေးချပေးနိုင်ဖို့ စီစဉ်နေကြောင်းနှင့် ပတ်သတ်ပြီး "မကြာခင် ကာလမှာ လက်ရှိ ဆက်သွယ်ရေး အခြေခံ အဆောက်အအုံများကို အခြေခံပြီး တိုးချဲ့ပေးနိုင်မည့် မိုလ်ဘိုင်းဖုန်း အရေအတွက်ကို သက်သာသော ဈေးနှုန်းတစ်ရပ်ဖြစ် လာမည့် ဧပြီလအတွင်းမှာ ရောင်းချပေးနိုင်ရန် စီစဉ် ဆောင်ရွက်လျက် ရှိပါတယ်"ဟု သမ္မတကြီးက မတ်လ ၁ ရက်နေ့က ထုတ်လွှင့်တဲ့ သူ့ရဲ့ရေဒီယိုမိန့်ခွန်းထဲမှာ ပြောသွားခဲ့သေးသည်။ အလားတူ သတင်းများ ထွက်ပေါ်နေသည်မှာ အချိန် အတန်ကြာပြီး ဖြစ်သော်လည်း အကြောင်းကြောင်းကြောင့် အတည်ပြုနိုင်ခြင်း မရှိသေးပါ။ အဆိုပါ Sim Cardများ၏ တန်ဖိုးကို ဆက်သွယ်ရေးမှ အတိအကျ ပြောကြားနိုင်ခြင်း မရှိသေးသော်လည်း ယေဘုယျအားဖြင့် နှစ်သောင်းဝန်းကျင် (သို့မဟုတ်) နှစ်သောင်းအောက် ရှိမည်ဖြစ်ကြောင်း သိရသည်။ ၂၀၁၂ခုနှစ်၊ ဧပြီလတွင် ၂သိန်းနှင့် ၂သိန်းခွဲတန် တန်ဖိုးရှိ Sim Cardများ ထွက်ပေါ်ခဲ့သည့် အချိန်၌ အချို့သော နာမည်ရ Mobile အရောင်းဆိုင်များ၊ Hansetများဖြင့်သာ တွဲပြီး ရောင်းခြင်း၊ Sim Cardများကို ၂သောင်း (သို့မဟုတ်) ၁သောင်းခွဲ အပိုဆောင်း ပေးရခြင်း အစရှိသော ပြဿနာများနှင့် ဝယ်ယူသူများ အချို့မှ ရင်ဆိုင် ကြုံတွေ့ခဲ့ရသည်ဟု သိရသည်။ ၂သိန်းတန် Sim Cardတွေ ထွက်တုန်းက ကိုယ့်ဆီမှာလည်း Handsetက အဆင်သင့် ရှိပြီးသားဆိုတော့ Sim Cardပဲ ဝယ်ဖို့ ဆိုင်ကို သွားလိုက်တယ်။ အဲဒီဆိုင်က Handsetနဲ့ပါ တွဲပြီးရောင်းတယ်ဆိုလို့ နောက်တစ်ဆိုင် သွားတယ်။ နောက်တစ်ဆိုင်ကတော့ Handsetနဲ့ တွဲပြီး မဝယ်ရင် ၂၁၀,၀၀၀ ပေးရမယ်လို့ ဆိုတယ်။ အဲဒီနားမှာရှိတဲ့ ဆိုင်တွေ တော်တော်များများက အဲဒီလိုဆိုတာနဲ့ ၂၁၀၀၀၀နဲ့ပဲ ပေးပြီးဝယ်လိုက်ရတယ်"ဟု လသာမြို့နယ်ရှိ (09-420...)နံပါတ်ကိုင်ဆောင်ထားသူ တစ်ဦးက ပြောပါသည်။ Sim Card သိန်းဂဏန်းကို သောင်းဂဏန်းပိုတောင်းပြီး ရောင်းခဲ့သော အရောင်းဆိုင်များမှာ ယခု သောင်းဂဏန်း ထောင်ဂဏန်းရှိ Sim Cardများ ထွက်ပေါ်မည်ဆိုပါက မည်သို့ ပြင်ဆင်ထားကြောင်းကို သိလို၍ "အခု ဆက်သွယ်ရေးက Sim Cardတွေကို ဘယ်လိုချပေးမလဲတော့ မသိသေးဘူး။ တိုက်ရိုက်ချပေးရင်တော့ အဲဒီ ဈေးအတိုင်းပဲ ရောင်းပေးမှာပါ။ အရင် ၂သိန်းတန်တုန်းက အလယ်က ကြားခံ ကိုယ်စားလှယ်တွေဆီကဆိုတော့ ဈေးတင်ရောင်းရတယ်။ အခုလို ထောင်ဂဏန်းဆိုရင် Sim Cardဖိုး ပေးစရာမလိုဘဲ ဟန်းဆက်ကိုပဲ ရောင်းလိုက်မယ်" ဟု Mobile Sale and Service Centre၏ Managing Director တစ်ဦးက ပြောပါသည်။

# ကိုရီးယားနိုင်ငံ သွားရောက် လုပ်ကိုင်မည့်သူများအတွက် ကွန်ပျူတာ စစ်ဆေးမည့် စာစစ် ဌာနသစ် ဖွင့်လှစ်ခဲ့

အေဂီ

မတ်လ ၂၅ ရက်နေ့က ၈ မိုင် မဟာစည် မှတ်တိုင်ရှိ အစိုးရပြည်ပ အလုပ်အကိုင် အေဂျင်စီ ရုံးအနီးမှာ ကိုရီးယားနိုင်ငံမှာ သွားရောက် လုပ်ကိုင်မယ့် သူများအတွက် ကိုရီးယား ဘာသာစကား ကျွမ်းကျင်မှုကို ကွန်ပျူတာ အခြေခံထား စစ်ဆေးတဲ့ စာစစ်ဌာန အသစ်တစ်ခု ဖွင့်လှစ်ခဲ့ တယ်လို့ သိရပါတယ်။ အခုလို ဖွင့်လှစ်ရာ မှာလည်း ကိုရီးယား သမ္မတနိုင်ငံ အလုပ်အကိုင်နှင့် အလုပ်သမား ဝန်ကြီးဌာန လက်အောက်ရှိ ကိုရီးယား လူ့စွမ်းအား ဖွံ့ဖြိုးမှု အဖွဲ့အစည်းနဲ့ ပြည်တွင်းမှ အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိ သူများမှ ကြီးမှူးပြီး ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ အခုလို ကွန်ပျူတာ အခြေပြု စစ်ဆေးတဲ့ စာစစ်ဌာနကို ပြည်တွင်းမှာ ပထမဆုံး အကြိမ် အနေနဲ့ ဖွင့်လှစ်ခဲ့တာဖြစ်ပြီး ကိုရီးယားနိုင်ငံကို သွားရောက် အလုပ် လုပ်ကိုင်လိုသူတွေ အနေနဲ့ ထူးချွန် ထက်မြက်တဲ့ လုပ်သားတွေ ပိုမိုပေါ်ထွက် လာစေဖို့ ရည်ရွယ်တာ ဖြစ်တယ်လို့ သိရပါတယ်။ ဒါ့အပြင် ကိုရီးယား သံရုံးမှ တာဝန်ရှိသူ တစ်ဦးရဲ့ ပြောပြချက်အရ အခုလို ဖွင့်လှစ်ရခြင်းဟာ ဖြေဆိုသူတွေ အနေနဲ့ ပိုမို လွယ်ကူ စေဖို့နဲ့ ပေါ်လွင်ထင်ရှား တရားမျှတတဲ့ လုပ်သား ခေါ်ဆိုမှုတွေ အတွက် အဓိကထား ဆောင်ရွက်ရတာ ဖြစ်တယ်လို့ သိရပါတယ်။ အခုလို ပြုလုပ်တဲ့ ကွန်ပျူတာ အခြေခံ စစ်ဆေးတဲ့ CBT (Computer Based Test) ဟာ ဆိုရင် ယခင် Paper Based Test ထက် ပိုမိုစိတ်ချ လုံခြုံမှုရှိစေပြီး အချိန်ကုန် သက်သာစေတာ ဖြစ်တယ်လို့လည်း သိရပါတယ်။ အဲ့ဒီ EPS Topsik(CBT) ကိုတော့ ကိုရီးယား နိုင်ငံမှာ တရားဝင် လုပ်သက် အနည်းဆုံး ၃ နှစ် လုပ်ထားပြီး ဖြစ်တဲ့ လုပ်သားများ အနေနဲ့သာ ဝင်ရောက် ဖြေဆိုနိုင်မှာ ဖြစ်တယ်လို့ သိရပါတယ်။

# ဧပြီလ ၁ရက်နေ့မှ စတင်ကာ အင်တာနက် ဝန်ဆောင်မှု လုပ်ငန်း လိုင်စင်လျှောက်ထားခ လျှော့ချမည်

သန့်စင်

ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ အင်တာနက်ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် လျှောက်ထားခကို ဧပြီလ ၁ရက်နေ့မှစ၍ ကနဦး လိုင်စင်ကို ကျပ်ငါးသိန်းမှ ကျပ်ငါးသောင်းသို့ လျှော့ချလိုက်ပြီး နှစ်စဉ်ကြေးကိုလည်း သုံးသိန်းခြောက်သောင်းမှ ခြောက်သောင်းသို့ လျှော့ချလိုက်ပြီဟု သိရသည်။

မြန်မာ့ဆက်သွယ်ရေးမှ အင်တာနက် ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် လျှောက်ထားခနှုန်းများ လျှော့ချပေးလိုက်သော်လည်း ရန်ကုန်မြို့ရှိ အင်တာနက်ဆိုင် အများစုမှာ ဆိုင်တိုးချဲ့ ဖွင့်လှစ်မှုထက် လက်ရှိ ဖွင့်လှစ်ထားသည့် ဆိုင်ကိုပင် ပြန်လည် ပိတ်သိမ်းမည့် အနေအထားတွင် ရှိနေကြောင်း အင်တာနက်ဆိုင် ဖွင့်လှစ်ထားသူများမှ ပြောသည်။ "မိုဘိုင်းဖုန်းတွေနဲ့ အင်တာနက် သုံးစွဲနေတဲ့ ခေတ်မှာ ဒီဈေးနှုန်းဖြစ်သွားလည်း မဆန်းတော့ပါဘူး။ လျှောက်ထားခတွေ၊ နှစ်စဉ်ကြေးတွေ လျှော့ချရုံနဲ့ အင်တာနက်သုံးတဲ့လူ တက်မလာပါဘူး။ လိုအပ်နေတဲ့ မြန်နှုန်း၊ မြင့်မားနေတဲ့ လစဉ်ကြေးတွေကို အကောင်းဆုံး လုပ်ပေးမှ သုံးတဲ့သူ များလာပြီး ဆိုင်ဖွင့်ချင်တဲ့လူ ရှိလာမှာပါ" သာကေတမြို့နယ်တွင်းရှိ အင်တာနက်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။ ယခု မိုဘိုင်းဖုန်းဖြင့် အင်တာနက် သုံးစွဲသူပမာဏမှာ လွန်စွာမြင့်တက်လျက် ရှိနေပြီး အင်တာနက်လိုင်း ကောင်းသည့် အင်တာနက်ဆိုင်များမှာလည်း နည်းပါးနေသည်ကို တွေ့ရသည်၊ အင်တာနက်ဆိုင်များ အနေဖြင့် Network ဂိမ်းကစားသူများကိုသာ အားထားနေရပြီး နောက်ရောင်းချမည့် ဖုန်းများတွင်လည်း အင်တာနက် စနစ်များ ပါဝင်လာဖွယ်ရှိသည့်အတွက် အင်တာနက် သုံးစွဲသူများမှာ မိုဘိုင်းလ်ဖုန်းကိုသာ ဦးစားပေးတော့မည့် အခြေအနေများ ရှိနေသည်ကိုလည်း တွေ့မြင်ရသည်။ အင်တာနက် ဆိုင်ပိုင်ရှင်များ အနေဖြင့် ငွေကြေးကုန်ကျမှု များစွာဖြင့် ဖွင့်လှစ်ထားသည့် အင်တာနက်ဆိုင်များ ဆက်လက်ရပ်တည်ရန် လစဉ်ကြေးနှင့် မြန်နှုန်းကို အဆင်ပြေအောင် ဆောင်ရွက်ပေးစေလိုသည်ဟု ပြောသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာနသည် Public Access Center (PAC) ဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်က စ၍ ဆောင်ရွက်ပေးခြင်း ဖြစ်သည်။


INNWA
Computer Sales & Service Centre
အတာသင်္ကြန်အကြို Special Promotion
24.3.2013 to 11.4.2013
Laptop တစ်လုံးဝယ်ယူသူတိုင်း
ဗလာမပါ ကံစမ်းမဲ နှင့် အခြားပစ္စည်းဝယ်ယူသူတိုင်းကို
.......အထူးလျှော့ဈေးဖြင့်ရောင်းချပေးသွားမည်.......
ဗလာမပါ ကံစမ်းမဲများ
20000 KYATS.
10000 KYATS.
5000 KYATS.
8 Gb MEMORY STICK
MOBILE AND IT NEW SHOP NOW OPEN
YOUR ONLY CHOICE
Windows 8
Windows 8
acer Aspire V5-571PG
ASUS S550CM - CJ081H
128 Gb(Available)
128 Gb,Wifi/4G
Nexus 7
New
New
ရန်ကုန်
(၁) အမှတ်(၁၄၂)၊ ၃၈လမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ် ။ ဖုန်း-၀၁ ၃၉၈၂၉၇၊ ၀၁ ၃၉၁၅၁၁။
(၂) အမှတ်(၅၁၄)၊ ဆိပ်ကမ်းသာလမ်းနှင့် ကုန်သည်လမ်းထောင့် ။ ဖုန်း-၀၁-၃၇၃၄၈၈ ၊ ၃၈၅၁၈၃။
(၃) အမှတ်(၉၅)၊ ဆိပ်ကမ်းသာလမ်း(အောက်ဘလောက်) ။ ဖုန်း-၀၉-၄၂၀၁၈၀၈၈၈ ၊ ၀၉-၇၃၀၀၁၉၀၂ ။
မန္တလေး
နှစ်သစ်သကြန်မှာ မိတ်ဆောင်း/မိတ်သစ်များ ရွှင်လန်းချမ်းမြေ့ကြပါစေ...
(၁) အမှတ်(၉)၊ ၇၅လမ်း၊ ၃၅ နှင့် ၃၆လမ်းကြား ။ ဖုန်း- ၀၂-၇၁၁၀၈ ၊ ၇၃၀၇၈။
(၂) အမှတ်-အေ(၉)၊ ၇၃လမ်း နှင့် လမ်း၃၀ ထောင့်၊ မင်္ဂလာဈေး ။ ဖုန်း - ၀၂-၇၁၇၆၇။
(၃) အမှတ်-ဘီ(၃)ဂျီ၊ ၃၂လမ်း၊ ၇၇ နှင့် ၇၈လမ်းကြား။ဖုန်း - ၀၂ ၃၄၃၄၆ ၊ ၀၉-၄၉၂၁၆၆၂၃။


GiONEE
GOLDEN QUANLITY TO STAND LONG
New Product Arrival
30days Standby Battery
Model: L 200
2.4" QVGA TFT Display
VGA Camera, Bluetooth 2.0
MP3, Video, T-flash (Up to 16Gb)
FM, GPRS Class 10,
3.5mm Earphone Jack
Ultra Big Battery (1800 mAh)
Dual SIM, Dual Standby
Ultra Big Speaker
JAVA Supported
1 YEARS Service Warranty
လိုင်းဆွဲအားကောင်းခြင်း
အရည်အသွေးပြည့်မှီခြင်း
STRONG SOURCE
အမြို့မြို့အနယ်နယ်ရှိ Mobile Phone ဆိုင်တိုင်းတွင် 'ဝယ်ယူရရှိနိုင်ပါသည်'
Building - A, Room - 106, Yuzana Highway Complex,
Kamaryut Township, Yangon, Myanmar.
Business Phone: 09 543 6333, 09 863 3992, 01 705 308.
Show Room No - 57, Lan Thit Street (Mawtin Street)
Lammataaw Township, Yangon.
Hot-Line : 09 731 25555.

အိုင်စီတီ ဂျာနယ်
Volume 2, Issue 13
MYANMAR ICT JOURNAL

# မိုဘိုင်းဖုန်းဖြင့် အင်တာနက် အသုံးပြုသူဦးရေ များလာသော်လည်း မြန်နှုန်း အရေ လိုအပ်ချက်များ ရှိနေ

ဓဒဂီ


Image Credit: www.technologijos.lt

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ ပြည်တွင်း၌ အင်တာနက် အသုံးပြုသူ ဦးရေသည် မိုဘိုင်းဖုန်းဖြင့် အသုံးပြုသူ ဦးရေထက် အလျင်အမြန် တိုးတက်လာသော်လည်း အင်တာနက် အသုံးပြုရသည့် မြန်နှုန်းအရ လိုအပ်ချက်များ ရှိနေကြောင်း တွေ့ရပါသည်။ လက်ရှိတွင် ပြည်တွင်းရှိ မိုဘိုင်းဖုန်းဖြင့် အင်တာနက် သုံးစွဲသူ ဦးရေ စာရင်းအရ နှစ်သိန်းခွဲကျော် ရှိလာခဲ့ရာ အင်တာနက် သုံးစွဲသူ အရေအတွက် လျင်မြန်စွာ တိုးတက်လာခဲ့ခြင်း ဖြစ်ပါသည်။ ယခုကဲ့သို့ အင်တာနက် အသုံးပြုသူ တိုးတက်လာခြင်းဟာ Wi-Fi ကဲ့သို့ အင်တာနက် ဆက်သွယ်ရေး ဝန်ဆောင်မှုများ တိုးချဲ့လာခြင်း အပါအဝင် GSM နဲ့ CDMA ကဲ့သို့ မိုဘိုင်းဖုန်းများတွင်လည်း အင်တာနက် အသုံးပြုလာနိုင်ရန် ဆောင်ရွက်ပေးလာခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

"အခုကတော့ မိုဘိုင်းဖုန်းနဲ့ အင်တာနက် သုံးတဲ့အခါမှာ မြန်နှုန်းက တက်မလာသေးဘူး။ အရင်အတိုင်းပဲ။ တကယ်ဆိုရင် မိုဘိုင်းဖုန်းတွေနဲ့ အင်တာနက် သုံးရတဲ့အခါ မြန်နှုန်းကို ဒီထက်မြန်အောင် လုပ်ပေးသင့်ပါတယ်။ ဒါမှလည်း သုံးတဲ့သူက အဆင်ပြေမှာပါ။ အင်တာနက် ဆိုတာကတော့ သုံးတဲ့သူ ပိုများလာလေ ကောင်းလေပဲ။ ပိုကောင်းတယ်ဆိုတာ နိုင်ငံအတွက်ကို ပြောတာပါ။ နိုင်ငံသားတွေ အင်တာနက် သုံးလာနိုင်ပြီး သူတို့ရဲ့ စီးပွားရေး၊ လူမှုရေး ကိစ္စတွေကို ပိုကောင်းအောင် လုပ်လာနိုင်တယ်ဆိုရင် နိုင်ငံအတွက်လည်း အကျိုးရှိတာပဲ" ဟု အိုင်တီပညာရှင် တစ်ဦးက ယင်းရဲ့အမြင်ကို ပြောပြပါသည်။ လက်ရှိတွင် အင်တာနက် သုံးစွဲသူ များလာသည်နှင့် အမျှ သုံးစွဲရသည့် အင်တာနက် Band-width ပမာဏမှာ 14G အထိ ရှိလာခဲ့သည်ဟု မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ထုတ်ပြန်ချက်များအရ သိရပါသည်။

အစိုးရသစ် ပြောင်းလဲပြီးနောက် မူဝါဒဆိုင်ရာ အပြောင်းအလဲများ ပြုလုပ်ခဲ့ရာ ဝန်ကြီးဌာနများ အနေနဲ့လည်း Reform Planများ ရေးဆွဲ ဆောင်ရွက်ကြရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာနမှလည်း မူဝါဒပိုင်းကိုသာ အဓိက စီမံခန့်ခွဲပြီး ပုဂ္ဂလိကပိုင်းကို ပါဝင်လုပ်ကိုင်ခွင့် ခေါ်ယူထားရာ အင်တာနက် ဝန်ဆောင်မှုအပြင် မိုဘိုင်းဖုန်း ချထားပေးမှုကိုလည်း ပုဂ္ဂလိပိုင်းက ပါဝင် ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။ လာမည့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံတွင် လက်ခံကျင်းပမည့် SEA game ပြိုင်ပွဲ၌ အင်တာနက် ဝန်ဆောင်မှု ပေးရန်အတွက် Wi-Fi ဝန်ဆောင်မှုပေးရန် ပုဂ္ဂလိက လုပ်ငန်း ကုမ္ပဏီများကို တင်ဒါ ခေါ်ယူလျက်ရှိရာ အင်တာနက် သုံးစွဲနိုင်မည့် အခြေအနေ ပိုမို တိုးတက်လာမည် ဖြစ်ပါသည်။

# Elite Techနှင့် Huaweiတို့ ပူးပေါင်းပြီး Mobile ဆားဗစ်စင်တာ ၂၀ ဖွင့်မည်

ဓဒဂီ

Huawei တယ်လီဖုန်း ကုမ္ပဏီနှင့် ဦးတေဇပိုင် Elite Tech ကုမ္ပဏီတို့ ပူးပေါင်း၍ မြန်မာတစ်ပြည်လုံးတွင် ဖုန်းဆားဗစ်စင်တာများ ယခုနှစ်အတွင်း ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း Eliteမှ ဒုတိယ အထွေထွေ မန်နေဂျာ ဦးဆန်းမင်းထွန်းက ပြောသည်။ အစိုးရသစ် လက်ထက်တွင် စီးပွားရေး မူဝါဒများ ပြောင်းလဲလိုက်သည်နှင့် အညီ ဆက်သွယ်ရေး ကဏ္ဍသို့ နိုင်ငံတကာမှ ဖုန်းကုမ္ပဏီများ ရင်းနှီးမြှုပ်နှံရန် ဝင်ရောက်လာခြင်း ဖြစ်ပြီး Huawei ကုမ္ပဏီမှ ဆားဗစ်စင်တာများကို မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ "Huawei ကုမ္ပဏီကနေ ဆားဗစ်စင်တာတွေကို ဒီနှစ်အတွင်း ဖွင့်လှစ်သွားဖို့ စီစဉ်နေတယ်။ အခုကစပြီး ဒါနဲ့ပတ်သက်တဲ့ ပရောဂျက်တွေ စပြီး ရေးဆွဲနေတယ်။ မြန်မာနိုင်ငံမှာလည်း Huaweiက ဈေးကွက်ရှိတယ်။ ကုမ္ပဏီကြီးတွေ ဝင်လာတဲ့အတွက် မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေး အခြေအနေက အားတက်စရာပဲ"ဟု ဦးဆန်းမင်းထွန်းက ပြောသည်။ အဆိုပါ ဆားဗစ်စင်တာများကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အစရှိသည့် မြို့ကြီးများတွင် ကနဦးအနေဖြင့် ဖွင့်လှစ်မည်ဖြစ်ကာ ယင်းသို့ ဖွင့်လှစ်နိုင်ရန်အတွက် Huawei ဖုန်းကုမ္ပဏီမှ နည်းပညာရှင်များက မြန်မာနိုင်ငံတွင် သင်တန်းများ ပို့ချသွားမည်ဟု သိရသည်။ ဆားဗစ်စင်တာများတွင် အင်ဂျင်နီယာအဖြစ် လုပ်ကိုင်ကြမည့် ဝန်ထမ်းများအတွက် Huawei ကုမ္ပဏီမှ လေ့ကျင့် သင်ကြားပေးရန် စီစဉ်နေကြောင်း ယင်းအတွက်လည်း နှစ်ဖက်စလုံးမှ ပြင်ဆင်နေလျက်ရှိနေကြောင်း ထပ်မံပြောသည်။ အဆိုပါ ဆားဗစ်စင်တာများတွင် Huawei ဖုန်းကုမ္ပဏီထုတ် ဟန်းဆက်များသာမက အခြား နာမည်ကြီးတံဆိပ် ဖုန်းများကိုလည်း ပြင်ဆင်ပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။ ယင်းနှင့်ပတ်သက်၍ လှကြီးမင်းဖုန်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက "ကုမ္ပဏီကြီးတွေကနေ ဆားဗစ်စင်တာ လာဖွင့်တာဆိုတော့ ကောင်းပါတယ်။ ဈေးကွက်ထဲမှာလည်း Huawei ဟန်းဆက်က ရောင်းအား အကောင်းဆုံးဆိုတော့ ဆားဗစ်စင်တာရှိရင် ပိုကောင်းတယ်။ မြို့ကြီးတိုင်းမှာ ဖွင့်မယ်ဆိုတော့ သုံးရတဲ့သူဘက်က အားသာချက်တွေ ရှိမယ်"ဟု ပြောသည်။ ယင်းစင်တာတွင် ဖုန်းနှင့် ပတ်သက်သည့် Hardwareပိုင်း၊ Software ပိုင်းတို့ကို အပို ပြန်လည် လဲလှယ်နိုင်သည့် ပစ္စည်း အစုံအလင်ဖြင့် ဝန်ဆောင်မှု ပေးနိုင်ရန် စီစဉ်သွားမည် ဖြစ်ကြောင်း သိရသည်။ Huawei ဟန်းဆက် သုံးစွဲသူ ဦးစိုးမောင်က "Huawei ဖုန်းက မြန်မာနိုင်ငံရဲ့ လိုင်းနဲ့လည်း ကိုက်ညီတယ်။ လိုင်းဆွဲအားရော အင်တာနက်ပါ ကောင်းလို့ ဒီဟန်းဆက်ပဲ သုံးဖြစ်တာ ကြာပြီ။ ဟန်းဆက်ပျက်ရင် ဆားဗစ်စင်တာရှိတော့ အလွယ်တကူ ပြင်လို့ရတာပေါ့။ ဖုန်းဝယ်တဲ့အခါ တံဆိပ်ကို ကြည့်ရမယ်။ နောက်ပိုင်းဆိုရင် ဆားဗစ်စင်တာ ရှိ၊ မရှိ ကြည့်ပြီး ဝယ်ရမလို ဖြစ်နေပြီ"ဟု ပြောသည်။ Hawai မိုဘိုင်းလ် ဟန်းဆက်များသည် မြန်မာပြည်တွင်း အရောင်းရဆုံး လူလတ်တန်း အကြိုက်များဆုံး ဖုန်းဖြစ်ပြီး တရားဝင် တင်သွင်းသည်များ ရှိသကဲ့သို့ နယ်စပ်မှ တင်သွင်းလာသည့် ထုတ်ကုန်များလည်း ဈေးကွက်အတွင်း ပျံ့နှံ့လျက်ရှိနေကြောင်း၊ လွန်ခဲ့သည့် ၂၀၁၂နှစ် ကာလအတွင်း Hawai စမတ်ဖုန်း ရောင်းချနိုင်မှုနှုန်းထားတွင် မြန်မာနိုင်ငံမှ ဂယ်လိုအား တစ်သန်းရှိခဲ့ကြောင်း သိရသည်။

# ဆက်သွယ်ရေးနှင့် သတင်းအချက်လက် နည်းပညာ ဝန်ကြီးဌာနမှ မိုဘိုင်းလ် ဖုန်းများတွင် 3Gနှင့်အထက် သုံးစွဲနိုင်ရန်စီစဉ် ဆောင်ရွက်မည်ဟု သိရ

ဓဒဂီ

မိုဘိုင်းလ်ဖုန်းများတွင် 3G နှင့်အထက် သုံးစွဲနိုင်ရန် ဆောင်ရွက်မည် ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်လက် နည်းပညာ ဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဖြစ်သူ ဦးဝင်းသန်းက ပထမအကြိမ် ပြည်ထောင်စု လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့တွင် ပြောကြားခဲ့ပါသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဖြစ်သူ ဦးဝင်းသန်းက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ အမျိုးသား စီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်းပြီး မူဝါဒအပိုင်းတွင် ထပ်မံ ဖြည့်စွက်မည့် ၂ချက်တွင် အဆိုပါ မိုဘိုင်းလ်ဖုန်းများ အသုံးပြုရာတွင် 3Gနှင့်အထက် သုံးစွဲနိုင်ရန် ဆောင်ရွက်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းမူဝါဒတွင် ထပ်မံဖြည့်စွက်မည့် အခြားအချက် အနေဖြင့် 3G မိုဘိုင်းလ်ဖုန်းနှင့် အင်တာနက် အသုံးပြုနိုင်မည့် ကိစ္စရပ်များအပြင် ဆက်သွယ်ရေး ဝန်ဆောင်မှုများ ဖြစ်သည့် ICT Eco System ဖြစ်သည့် e-government, e-license, e-procurement, e-Visa, e-Payment, Online Billing System စတဲ့ ဆောင်ရွက်မှုများကိုလည်း ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်းတွင် ရည်မှန်းချက် အပိုင်း၌ မြို့ပြနှင့် ကျေးလက်ဒေသ တယ်လီဖုန်း သိပ်သည်းဆ တစ်ပြိုင်နက် အချိုးညီ တိုးတက်စေရေးအတွက် မျှော်မှန်းချက် အနေဖြင့် ဖြစ်ပေါ်လာမည့် Operatorများမှ လုပ်ငန်းဆောင်ရွက်ရာတွင် ရရှိမည့် ဝင်ငွေ၏ အချိုးတစ်ခုကို Universal Service Obligation (USO) ရန်ပုံငွေအဖြစ် ထူထောင်ပြီး ကျေးလက်ဒေသ တယ်လီဖုန်း သိပ်သည်းဆနှင့် ဝန်ဆောင်မှုလုပ်ငန်း အချိုးညီ တိုးတက်လာစေရန် ဆက်သွယ်ရေး ဥပဒေကြမ်းတွင် ထည့်သွင်း ရေးဆွဲထားရှိရန် ရည်မှန်းချက်ထားရှိကြောင်း ဦးဝင်းသန်းက ပြောကြားခဲ့ပါသည်။ ပြီးခဲ့သည့်နှစ်က ကျေးလက် ဒေသများတွင် မိုဘိုင်းလ်ဖုန်းများ အရစ်ကျ ရောင်းချပေးမည့် အစီအစဉ်ကို ဆောင်ရွက်လျက်ရှိရာ အဆိုပါ မိုဘိုင်းလ်ဖုန်း ရောင်းရငွေ၏ ၂ရာခိုင်နှုန်းကို ဒေသ ဖွံ့ဖြိုးရေးအတွက် အသုံးပြုသွားမည် ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ထုတ်ပြန်ချက်အရ သိရပါသည်။

မြန်မာနိုင်ငံတွင်လည်း ၂၀၁၂-၂၀၁၃ ခုနှစ်တွင် မိုဘိုင်းလ် တယ်လီဖုန်းများ တိုးချဲ့ တပ်ဆင်ခဲ့သည့်အတွက် တယ်လီဖုန်း သိပ်သည်းဆ ၅.၈၆ ရာခိုင်နှုန်း တိုးတက်ခဲ့ရာ ဆက်သွယ်ရေး ဝန်ဆောင်မှု ကဏ္ဍအနေဖြင့် နိုင်ငံတော်၏ GPDကို ၀.၇ ရာခိုင်နှုန်း တိုးတက်စေရန် အထောက်အကူ ပြုခဲ့သည်ဟု သိရသည်။ ကျေးလက်ဒေသနေ ပြည်သူများအား မိုဘိုင်းလ် တယ်လီဖုန်းများ ကိုင်ဆောင် အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးခြင်းနှင့် ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းများကို ကျေးလက် ဒေသများသို့ အရောက် တိုးချဲ့ဝန်ဆောင်မှု ပေးခြင်းတို့ကြောင့် မြို့ပြနှင့်ကျေးလက်၊ ကျေးလက်နှင့် ကျေးလက်အချင်းချင်း ဆက်သွယ်မှု လွယ်ကူစွာ ဆောင်ရွက်နိုင်သည်ဟုလည်း သိရသည်။

Camera Review

# Sony Cyber-shot DSC-WX300

မျိုးဇင်

အပျော်တမ်း ဓာတ်ပုံရိုက်ကူးတာ ဝါသနာပါသူတွေအတွက် Sonyမှ အသစ် ထုတ်လုပ်လိုက်တဲ့ Cyber-shot DSC-WX300 ဒီဂျစ်တယ် ကင်မရာလေးနဲ့ ဒီတစ်ပတ် အိုင်စီတီ ပရိသတ်တွေအတွက် မိတ်ဆက် ပေးလိုက် ရပါတယ်။ Sonyရဲ့ Cyber-shot စီးရီး ကင်မရာတွေဟာ ခေတ်မီ ဆန်းသစ်တဲ့ ဒီဇိုင်းပုံစံ၊ နောက်ဆုံးပေါ် Featuresတွေ ပါဝင်မှု၊ ပုံရိပ်အရည်အသွေး ကောင်းမွန်မှုတို့ကြောင့် ကင်မရာလောကမှာ ထင်ရှားကျော်ကြားမှု ရှိပါတယ်။ Sony ကုမ္ပဏီကတော့ Cyber-shot DSC-WX300ကို ဒီဂျစ်တယ် ကင်မရာ အမျိုးအစားတွေထဲကမှ ကမ္ဘာ့ အသေးငယ်ဆုံးနှင့် အပေါ့ပါးဆုံး ကင်မရာလို့တောင် တင်စားထားပြီး အခိုင်အမာ ပြောဆိုထားပါတယ်။

## Features

အဝေးမှာရှိတဲ့ ပုံရိပ်တွေကို ကြည်လင်ပြတ်သားစွာ ဖမ်းယူပေးမယ့် Optical Zoom ပမာဏက 20x ရှိတဲ့ အတွက်ကြောင့် အရင်ထွက်ခဲ့ပြီးတဲ့ Cyber-shot DSC-WX150ရဲ့ Optical Zoom 10x ထက် သာလွန် ကောင်းမွန်နေတာ တွေ့ရပါတယ်။ စိုပြည် တောက်ပတဲ့ ရုပ်ထွက် အရည်အသွေးကို ရရှိစေမယ့် Resolution ကတော့ 18.2 Megapixels ရှိပါတယ်။ Exmor R CMOS Sensorကို တပ်ဆင်ထားပြီး Light Sensitivity ကတော့ ISO 80 to 12800 အထိ ရရှိပါတယ်။ Focal Length အနေအထား ကတော့ 25-500mm ဖြစ်ပါတယ်။ LCD မျက်နှာပြင် အရွယ်အစား ၃လက်မကို တပ်ဆင်ပေး ထားတဲ့အတွက် ဖန်သားပြင်ပေါ်မှာ ရိုက်ကူးမယ့် ပုံရိပ်များကို စိတ်ကြိုက် အနေအထားဖြင့် ဖန်တီးနိုင်သလို ရိုက်ကူးပြီးသား ဓာတ်ပုံများကိုလည်း အလွယ်တကူ ကြည့်ရှုနိုင်ပါသေးတယ်။ Anti Motion Blur, Sweep Panorama, Face Detections, Smile Shutter Technology, Image Stabilization, Blink Detection အစရှိတဲ့ စနစ်တွေ စုံလင်စွာ ထည့်သွင်းပေးထားပါတယ်။

## Capturing The Action

Full HD ရုပ်ထွက် အရည်အသွေးရှိတဲ့ ဗီဒီယိုတွေကိုလည်း 1080pဖြင့် ရိုက်ကူးနိုင်ပြီး Burst Mode ကတော့ တစ်စက္ကန့်မှာ 10 Frames နှုန်းဖြင့် လျင်မြန်စွာ ရိုက်ကူးနိုင်ပါလိမ့်မယ်။ ကင်မရာရဲ့ ဘက်ထရီကို အားအပြည့် သွင်းထားရင်တော့ ဓာတ်ပုံပေါင်း ၅၀၀ အထိကို မှတ်တမ်းတင် ရိုက်ကူး ထားနိုင်စွမ်း ရှိပါတယ်။

## Wi-Fi Connectivity

WX300 ကင်မရာမှာ Wi-Fi စနစ် ထည့်သွင်းပေးထားပြီး ဝါယာလက် နည်းပညာဖြင့် ရိုက်ကူးထားသော ဓာတ်ပုံနှင့် ဗီဒီယိုများကို စမတ်ဖုန်းနှင့် တက်ဘလက်များ ထံသို့ အလွယ်တကူ ရွှေ့ပြောင်းလို့ ရပါတယ်။

## Battery

ဘက်ထရီ အမျိုးအစားကတော့ Lithium Ion NP-BX1 3.6V အမျိုးအစားဖြစ်ပြီး Battery Capacityကတော့ 4.5Wh (1240mAh) ဖြစ်ပါတယ်။

## Interface

အချက်အလက်တွေကို စိတ်ကြိုက် သိမ်းဆည်းနိုင်အောင် Memory Card Slot ပိုင်းကို MS Duo, SD/SDHC အစရှိတဲ့ ကတ်တွေနှင့် လိုက်ဖက်ညီစွာ အသုံးပြုနိုင်ပါတယ်။ HD Output စနစ်မှာ Micro HDMI ပါဝင်ပြီး Hi-Speed USB Port (USB2.0)ကိုလည်း ထည့်သွင်း ပေးထားပါတယ်။




## Body & Weights

WX-300ရဲ့ ကိုယ်ထည် အရွယ်အစားကတော့ အကျယ် ၃.၈လက်မ၊ အမြင့် ၂.၂လက်မ၊ အထူ ၁လက်မ အနေအထားရှိတဲ့ အတွက်ကြောင့် သွားလေရာကို အလွယ်တကူ ယူဆောင် သွားနိုင်ပါတယ်။ အလေးချိန်ကတော့ ၅.၉အောင်စ (၁၆၆ဂရမ်) ဖြစ်ပါတယ်။

## Price

WX-300 ကင်မရာကို USD 300 တန်ဖိုး သတ်မှတ်ပေးထားပြီး ၂၀၁၃ ဧပြီလပိုင်းလောက်မှာ ဈေးကွက်ထဲသို့ ဖြန့်ချိပေးမှာ ဖြစ်ပါတယ်။ သုံးစွဲသူတွေ စိတ်ကြိုက် အရောင် ရွေးချယ်နိုင်အောင် အဖြူ၊ အနီနှင့် အနက် အရောင်သုံးမျိုး ထုတ်လုပ် ပေးထားပါတယ်။

# အပျော်တမ်း ကင်မရာသမားတွေအတွက် အသင့်တော်ဆုံးဖြစ်မဲ့ Fuji GA645

မင်းခန့်




## အားသာချက်

ကင်မရာရဲ့ မှန်ဘီလူးအမျိုးအစားက Fujinon Super-EBCဖြစ်ပြီး Focus စွမ်းဆောင်ရည်က 60 mm 1:4 ဖြစ်လို့ အဝေးက ပုံရိပ်တွေကို အကောင်းဆုံးဆွဲယူ ရိုက်ကူးနိုင်မှာပါ။ Exposuresကလည်း 15 ကနေ 30အထိ ရှိမှာဖြစ်လို့ စိတ်ကြိုက်တွေ့ပါလိမ့်မယ်။

## အားနည်းချက်

ထည့်သွင်း အသုံးပြုနိုင်မယ့် Film အမျိုးအစားကတော့ 120/220 film ဖြစ်လို့ အခက်အခဲတော့ နည်းနည်း ရှိမှာပါ။ အခက်အခဲဆိုတာကလည်း 120/220 filmဟာ အသုံးများတဲ့ Filmအမျိုးအစား မဟုတ်လို့ပါပဲ။ ဒါပေမဲ့ ရုပ်ထွက်ကိုတော့ အကောင်းဆုံး လက်ခံပေးနိုင်ပါတယ်။ နောက်တစ်ချက်က အလေးချိန်ဖြစ်ပြီး Batteryမပါပဲ ၈၁၅ဂရမ် ရှိမှာဖြစ်လို့ Weightingအပိုင်းကတော့ နည်းနည်း ပြောစရာဖြစ်နေပါတယ်။ ရေရှည်ကိုင်တွယ် အသုံးပြုဖို့ဆိုရင်တော့ နည်းနည်းစဉ်းစားရပါလိမ့်မယ်။

## သုံးသပ်ချက်

ဒါကြောင့် Fuji GA645ဟာ ပုံရိပ်တွေကို အကောင်းဆုံး ဖမ်းယူရိုက်ကူးပေးနိုင်မဲ့ Film ကင်မရာတစ်လုံးဖြစ်ပြီး၊ သူ့ရဲ့ Lenအားသာချက်၊ Designကောင်းမွန်မှု၊ Programဆန်းသစ်မှုတွေကြောင့် ကောင်းမွန်တဲ့ ကင်မရာ တစ်လုံးလို့ ဆိုနိုင်ပြီး ဈေးနှုန်းကလည်း ဖြစ်တာကြောင့် အပျော်တမ်းသမားတွေအတွက် သင့်တော်တဲ့ ကင်မရာလို့ ဆိုနိုင်ပါတယ်။

Filmကင်မရာတွေကိုမှ သဘောကျပြီး ဓါတ်ပုံတွေကို ကိုယ်တိုင်ချိန်ရွယ်ရိုက်ကူးရတာကိုမှ နှစ်ခြိုက်သူတွေအတွက် Fujiက ထပ်မံထုတ်လုပ်လိုက်တဲ့ Fuji GA645ကို မိတ်ဆက်ပေးလိုက်ရပါတယ်။ GA645ဟာ Professionalကင်မရာ တစ်လုံးမဟုတ်ပေမယ့် အပျော်တမ်း ရိုက်ကူးလိုသူတွေ၊ မိသားစုတွေ အတွက်တော့ အကောင်းဆုံး စွမ်းဆောင်ပေးနိုင်ပါလိမ့်မယ်။

## Feature

Filmသုံး ကင်မရာဖြစ်ပေမယ့် Lenကို ပြောင်းလဲအသုံးမပြုနိုင်ခြင်းကြောင့် Professionalကင်မရာတစ်လုံးအဖြစ် အသိအမှတ်မပြုကြပါဘူး။ ဒါကြောင့် Fuji GA645ဟာ ယေဘူယျကြည့်လိုက်မယ်ဆိုရင် သာမန် Digital ကင်မရာနဲ့တောင် အမြင်လွဲနိုင်ပါတယ်။ ဒါပေမဲ့ သေချာလေ့လာကြည့်မယ်ဆိုရင် GA645ရဲ့ အကောင်းဆုံး ဒီဇိုင်း ဆန်းသစ်မှုတွေကြောင့် လက်က မချချင်အောင် ဆွဲဆောင်နိုင်တာကို တွေ့ရမှာပါ။

## အသေးစိတ် ဖော်ပြချက်

Focusအပိုင်းမှာတော့ Hybrid active/passive Auto-Focus လုပ်ဆောင်နိုင်မှာဖြစ်ပြီး Focus Lock နဲ့ Set လုပ်ထားနိုင်ပါတယ်။ ဒါမှမဟုတ်ရင် Manual Modeကို သုံးပြီးတော့လည်း စိတ်ကြိုက်ချိန်ယူနိုင်ပါတယ်။ Program အပိုင်းမှာတော့ Aperture-Priority Modeကို Auto အဖြစ်သုံးနိုင်ပြီး Manual Modeကိုလည်း သုံးနိုင်မှာပါ။ Fuji GA645ရဲ့ Shutter Speedက 2″ – 1/700 ဖြစ်တာကြောင့် ဓါတ်ပုံရိုက်ကူးနေချိန်တွေမှာ အရိပ်တွေ၊ လှိုင်းတွေကိုတော့ အကောင်းဆုံး Recover လုပ်ပေးနိုင်မှာဖြစ်သလို လှုပ်ရှားနေတဲ့ ပုံရိပ်တွေကို အကောင်းဆုံး ဖမ်းယူရိုက်ကူးနိုင်မှာပါ။ Exposureက +/- 2 EVအထိလုပ်နိုင်မှာပါ။ လှုပ်ရှားပုံရိပ်တွေနဲ့ အုပ်စုလိုက် ရိုက်ကူးမှုတွေကိုတော့ Automatic Parallax Correctionက တစ်ဆင့် အလိုအလျောက် ချိန်ညှိပေးသွားမှာ ဖြစ်ပါတယ်။ Filmအပိုင်းမှာတော့ Sensingကို အလိုအလျောက် ဆောင်ရွက်ပေးနိုင်တာကြောင့် ကိုယ့်ကင်မရာမှာ ရှိနေတဲ့ Film အခြေအနေကို လွယ်လွယ်ကူကူ သိနိုင်ပါတယ်။ Data Printing လုပ်ပေးမှုကတော့ Frameအဖြစ်နဲ့ ထုတ်ပေးမှာဖြစ်ပြီး Date, Time, Shutter Speed, Aperture, Exposureတွေကိုပါ တစ်ပါတည်း ထုတ်ပေးပါလိမ့်မယ်။

## Battery Life

Battery အပိုင်းကတော့ ထူးထူးခြားခြား ပြောစရာမလိုတော့ဘူးလို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ Rechrgeable Batteryဖြစ်ဖြစ် တခြားသော တစ်ခါသုံး Batteryကိုဖြစ်ဖြစ် စိတ်ကြိုက်ဝယ်ယူ သုံးစွဲနိုင်မှာပါ။ တစ်ခုရှိတာက ခရီးရှည် တစ်ခု ထွက်မယ်ဆိုရင်တော့ Batteryအပို ဝယ်သွားဖို့ပါပဲ။

Ref: www. camerapedia.wikia.com

## Tablet **Asus** Transformer Pad Infinity TF700

ညီညီနိုင်



Asus Transformer Pad Infinity TF 700ဟာ Resolution အထူး ကောင်းမွန်တဲ့ Android Tablet တစ်လုံးပဲ ဖြစ်ပါတယ်။ Resolution 1920x1200 Pixel ပါဝင်ပြီး 1080P Full HD Videoတွေ ကြည့်ရှုနိုင်ပါတယ်။ မျက်နှာပြင် အရွယ်အစား 10.1inches ရှိပြီး Android 4.0.3 OSကို အသုံးပြုထားပါတယ်။ Technical Specificationတွေ အနေနဲ့ CPU Speed 1.6GHZရှိတဲ့ NVIDIA Tegra 3 Quad Core Processorကို သုံးထားလို့ လုပ်ဆောင်ချက်တွေကတော့ တကယ်ကို သွက်လက်မြန်ဆန်နေမှာပါ။ 1GB RAM ပါဝင်ပြီး Storage Memoryကတော့ 32GB ပါဝင်ပါတယ်။ Memory ထပ်တိုးချင်တယ် ဆိုရင်တော့ 64GBအထိ တိုးမြှင့်လို့ ရပါတယ်။ Multimediaပိုင်းအနေနဲ့ Graphic Accelator, HD Playback, DNLAစတဲ့ နည်းပညာတွေ ပါဝင်သလို GPS Navigationပိုင်းမှာလည်း အခြား Tabletတွေထက် သာလွန် ကောင်းမွန်တယ်လို့ သိရပါတယ်။ Bluetooth Wi-Fi, DNLAစတဲ့ Wirless Connectivityတွေ ပါဝင်ပြီး USB 3.0 Port, MicroSD Card Slot, Micro-HDMI Port စတာတွေလည်း ပါဝင်ပါတယ်။ Cameraနဲ့ ပတ်သက်ပြီးလည်း အထူးကောင်းမွန်ပြီး ကျောဘက်မှာ 8MPနဲ့ ရှေ့ဘက်မှာ 2MPရှိတဲ့ Camera နှစ်လုံး ပါဝင်ပါတယ်။ Li-Polymer Batteryကို အသုံးပြုထားလို့ ၉နာရီနဲ့ မိနစ် ၃၀တိတိ ဆက်တိုက် အသုံးပြုလို့ရမှာမို့ Battery Lifeလည်း တကယ်ကို ကောင်းမွန်လှပါတယ်။ အလေးချိန်ကလည်း 1.3lbပဲ ရှိတာမို့ ပေါ့ပါးကျစ်လစ်ပြီး စွမ်းဆောင်ရည် မြင့်မားတဲ့အပြင် လှပသေသပ်တဲ့ ဒီဇိုင်းနဲ့မို့ Tabletကောင်း တစ်လုံးအဖြစ် တင်ဆက်လိုက်ပါတယ်။

Ref: tablets.techcrunch.com

## Tablet **Nokia** 770 Internet Tablet

မင်းခန့်



Nokia 770 Internet Tabletဟာ ကြိုးမဲ့စနစ်နဲ့ အင်တာနက် သုံးစွဲနိုင်မယ့် Tablet တစ်လုံး ဖြစ်ပါတယ်။ ဒါ့အပြင် E-mail, Internet Radio, RSS News Reader, E-book Reader, Image Viewerနဲ့ Media Playingတွေကိုပါ လွယ်လင့်တကူ လုပ်ဆောင်နိုင်မှာပါ။ Tabletရဲ့ ဈေးနှုန်းက ဒေါ်လာ ၃၆၉ဂန်းကျင် အနေနဲ့ ဈေးကွက် ကွာခြားမှုအပေါ် မူတည်ပြီး အနည်းငယ် ကွာဟချက်တော့ ရှိပါတယ်။ Tabletရဲ့ အကျယ်က ၅.၅ × ၃.၁လက်မ ရှိပြီး ထုထည်ကတော့ ၀.၇ လက်မ ရှိတာကြောင့် ပါးလွှာတဲ့ ဒီဇိုင်းနဲ့ သယ်ယူရ လွယ်ကူမှာပါ။ တကယ်လို့ ကုမ္ပဏီထုတ် Coverကိုပါ တစ်ခါတည်း ဝယ်ယူ တပ်ဆင်ထားမယ် ဆိုရင်တော့ အလေးချိန်က ၂၃၀ဂရမ် ရှိမှာဖြစ်ပြီး Cover မပါရင်တော့ ၁၈၅ဂရမ်ပဲ ရှိမှာမို့ ပေါ့ပါးတဲ့ Tablet တစ်ခုလို့ ဆိုနိုင်ပါတယ်။ Processor အနေနဲ့ Texas Instrument OMAP 1710ကို တပ်ဆင်ထားပြီး CPUရဲ့ စွမ်းဆောင်ရည်က 252MHz ရှိမှာပါ။ ဒါ့အပြင် ARM926TEJ Core Subsystem ပါဝင်ပြီး Texas Instrument TMS320 C55x Digital Signal Processor တပ်ဆင် ထားပါသေးတယ်။ Memoryအနေနဲ့ကတော့ DDR Ram အနေနဲ့ 64MiB ရှိပြီး Flash အနေနဲ့ကတော့ 128MiB ရှိမှာပါ။ Extended Virtual Memoryအနေနဲ့လည်း 1Gb ဒါမှမဟုတ် 2Gb အမျိုးအစားတွေကို Repare လုပ်နိုင်မှာပါ။ Display အပိုင်းမှာတော့ ၄.၁လက်မရှိတဲ့ Screen ပါရှိပြီး Resolution စုစုပေါင်း ၈၀၀×၄၈၀ ရှိပြီး တစ်လက်မကိုတော့ 225Pixels နှုန်းနဲ့ အကောင်းဆုံး ရုပ်ထွက်ကို ပေးစွမ်းနိုင်ပါတယ်။ ချိတ်ဆက် သုံးစွဲနိုင်မှု အပိုင်းမှာတော့ WLAN (IEEE 802.11b/g), Bluetooth 1.2, Dail-up Access, USB (Both user Mode, Non-power Host Mode)တွေ ရရှိနိုင်ပါတယ်။ Expansion အနေနဲ့ကတော့ RS-MMC (Both RS-MMC and DV-RS-MMC) ကဒ် အမျိုးအစားတွေကို လက်ခံနိုင်မှာပါ။ Audio အပိုင်းမှာတော့ Speakerရော၊ Microphone နှစ်မျိုးလုံးကို သုံးစွဲနိုင်ပါတယ်။ Tabletရဲ့ Home Screenကို အပိုင်း နှစ်ပိုင်းခွဲထားတာ တွေ့ရပြီး တစ်ခုက Menu Barအပိုင်း ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ Customisable Area ဖြစ်ပြီး RSS Reader, Internet Radio Player, Google Search Boxစတဲ့ Tabတွေကို ဖော်ပြသွားမှာပါ။ သူ့ရဲ့ဆက်စပ် Accessoriesတွေအနေနဲ့ Navigation Kit for Nokia 770 Internet Tabletနဲ့ Nokia LD-3W GPS Receiverတွေကို ဝယ်ယူ သုံးစွဲနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဆက်စပ် Charger အမျိုးမျိုးကိုလည်း ထပ်မံ ဝယ်ယူနိုင်ပါသေးတယ်။ Nokia 770ဟာ Linuxရဲ့ OSကို အခြေခံပြီး တည်ဆောက် ထားတာကြောင့် Hackerနဲ့ DIYတွေရဲ့ ဝင်ရောက် နှောင့်ယှက် တိုက်ခိုက်မှုတွေကိုတော့ အကောင်းဆုံး ကာကွယ်မှု ပေးနိုင်မှာပါ။ Battery Lifeက ၄ နာရီလောက်ပဲ ရှိတာမို့ Power Supply အပိုင်းမှာတော့ အားနည်းတယ်လို့ ဆိုရမှာပါ။ ဒါပေမယ့် သူ့ရဲ့ အားသာချက် တစ်ခုကတော့ Wi-Fiနဲ့ မမီနိုင်တဲ့ နေရာတွေ ရောက်ရှိနေချိန်မှာတောင် Bluetooth 1.2က Modem တစ်ခုအနေနဲ့ ဆောင်ရွက်ပေးသွားမှာ ဖြစ်တာကြောင့် Internet Accessကိုတော့ အဆက်မပြတ် သုံးစွဲနိုင်မှာပါ။ ဒါကြောင့်လည်း Nokia 770ဟာ သေးငယ်ပါးလွှာပြီး သယ်ယူရ လွယ်ကူတဲ့ Tabletကောင်း တစ်လုံးဆိုတာ မိတ်ဆက်ပေးလိုက်ပါတယ်။

Ref: www.nokia.com

## TV **Samsung** UA32EH5330 Smart

မင်းခန့်

Samsungကတော့ သူ့ရဲ့ ကုန်ပစ္စည်းသစ် တစ်မျိုးဖြစ်တဲ့ UA32EH5330R Smart TVကို အိန္ဒိယမှာ မကြာသေးခင်ကမှ ဈေးကွက် တင်ခဲ့ပြီး ကမ္ဘာ တစ်ဝှမ်းလုံးကိုလည်း ဖြန့်ဖြူး ရောင်းချနေပြီ ဖြစ်တာကြောင့် သူနဲ့ ပတ်သက်တဲ့ အားနည်းချက်၊ အားသာချက်တွေကို Smart TVအသစ် ဝယ်ယူဖို့ စဉ်းစားနေသူတွေ အတွက် တင်ဆက် ပေးလိုက်ပါတယ်။ UA32EH5330R Smart TVဟာ ရုပ်ထွက်ပိုင်းမှာ Full HDကို ခံစား ရရှိစေနိုင်မယ့် ပစ္စည်းကောင်း တစ်ခုပါ။ ဒါ့အပြင် Web Browserနဲ့ Wi-Fi စနစ်တွေကိုလည်း သုံးစွဲနိုင်မှာပါ။ အားသာချက် တစ်ခုက Media Player တစ်စုံတစ်ခုမှ မခံပဲ USB Port ကနေ တိုက်ရိုက် Input လုပ်ပြီး ကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။ Colour Changing အပိုင်းမှာလည်း Wide Colour Enhancer Plus ပါဝင်တာကြောင့် ကိုယ်ကြိုက်တဲ့ Color Settingကို လွယ်ကူစွာ ရွေးချယ်နိုင်မှာပါ။ ဒါ့အပြင် LED TV အမျိုးအစား ဖြစ်တာကြောင့် အကောင်းဆုံး Vivid HD Imageတွေကိုလည်း ပေးစွမ်းနိုင်မှာပါ။ အကျယ်အဝန်းက ၈၁.၂၈ စင်တီမီတာ ဖြစ်တာကြောင့် ၃၂ လက်မ အပြည့်ရှိတဲ့ Screen တစ်ခုပါ။ သူ့ရဲ့ Resolutionက 1920×1080 Pixels ရှိပါတယ်။ အသံပိုင်း အနေနဲ့ကလည်း Digital Noise Filter တပ်ဆင်ထားလို့ ကောင်းမွန်တဲ့ အသံတွေကို နားဆင် ခံစားနိုင်ပါတယ်။ Clear Motion Rateက 100MHz ရှိတာကြောင့် Display အပိုင်းမှာ ကြည်လင်တဲ့ ရုပ်ထွက်တွေကို မြင်ရမှာပါ။ တပ်ဆင်ထားတဲ့ Speaker အမျိုးအစားတွေက Down Firingနဲ့ Full Rangeတွေဖြစ်ပြီး SRS Theatre Sound HD အမျိုးအစား အရည်အသွေး ကောင်းမွန်တဲ့ အသံတွေကို နားဆင်ရမှာ ဖြစ်ပါတယ်။ Digital Outအတွက် စနစ်သီးသန့် တပ်ဆင်ပေးထားပြီး Output Sound Qualityက 10 Watts×2 ရှိမှာ ဖြစ်ပါတယ်။ External Port အပိုင်းမှာတော့ USB Portက နှစ်ခုပါရှိပြီး HDMI Portက သုံးခုနဲ့ Headphone Port ကတော့ တစ်ခု ပါရှိမှာပါ။ ဒါကြောင့် Samsung UA32EH5330Rဟာ အရည်အသွေး ကောင်းမွန်တဲ့ Smart TV တစ်လုံးဖြစ်ပြီး ဈေးနှုန်းအနေနဲ့လည်း တစ်လုံးကို ရူပီး ၃၈,၀၀၀ ဖြစ်ကြောင်း တင်ဆက် လိုက်ရပါတယ်။



Ref: www.samsung.com

## Monitor **Viewsonic** VX2433wm



Viewsonicရဲ့ VX2433wm 24" Wide Screen Monitor ဈေးနှုန်းက တစ်လုံးကို ၁၅၉.၉၉ ဒေါ်လာဖြစ်ပြီး LCD အမျိုးအစား Monitor တစ်လုံး ဖြစ်ပါတယ်။ Resolution အနေနဲ့ 1920×1080 Pixels ဖြစ်ပြီး Adjustment ကတော့ Tile-onlyလို့ ဆိုပါတယ်။ Inputအတွက်ကိုတော့ Digital, Analog နှစ်မျိုးလုံးကို လက်ခံ ပေးနိုင်ပါလိမ့်မယ်။ Digitalအပိုင်းမှာ DVI နဲ့ HDMI နှစ်မျိုးကို လက်ခံပေးနိုင်မှာ ဖြစ်ပြီး Analog အပိုင်းမှာတော့ VGA Signalတွေကို လက်ခံပေးနိုင်မှာပါ။ ရုပ်ထွက်ပိုင်းမှာတော့ Digital HD Broadcast-quality အတိုင်း ပြည့်မီအောင် ပြသပေးနိုင်လို့ Displayအပိုင်းက ပြစ်ချက် မရှိဘူးလို့ ဆိုနိုင်ပါတယ်။ ဒါ့အပြင် အလင်းအမှောင် စနစ်ကိုလည်း လွယ်ကူစွာ စိတ်ကြိုက် ပြုပြင်နိုင်မှာ ဖြစ်ပြီး Front-of-Screen စနစ်အဖြစ် Keyတွေလည်း ပါဝင်တာကြောင့် သုံးစွဲရ လွယ်ကူမှာပါ။ အသံပိုင်းမှာတော့ အဆင့်မြင့် Stereo Speakerတွေ တပ်ဆင်ထားလို့ အကောင်းမွန်ဆုံး သံစဉ်တွေကို နားဆင်နိုင်မှာပါ။ Screenရဲ့ အကျယ်က ၉.၁×၂၂.၄×၁၆.၁ လက်မ ရှိပါတယ်။ ထုပ်ပိုးပြီး အလေးချိန်ကတော့ ၁၆.၂ ပေါင်ရှိမှာ ဖြစ်ပြီး အသားတင် အလေးချိန်က ၁၅.၄ ပေါင်ရှိမှာပါ။ စွမ်းအင် ချွေတာဖို့အတွက် အဓိက ရည်ရွယ်ပြီး ထုတ်လုပ်ထားတာကြောင့် Power Useage အပိုင်းမှာတော့ သိသိသာသာ သက်သာတာကို တွေ့နိုင်ပါတယ်။ နိုင်ငံတကာ စံနှုန်း တိုင်းတာချက်များ အရလည်း VX2433 wmဟာ အကောင်းဆုံး မှတ်ချက်တွေ ရရှိထားတာကြောင့် ယုံကြည်စွာ သုံးစွဲနိုင်ပါတယ်။

Ref: www.viewsonic.com

## Laptop Hp 1000-1202TX



Kyats 435,000

Hp Brand အသစ်ဖြစ်တဲ့ 1000-1202TX ပြည်တွင်း ဈေးကွက်ထဲ ပင်ရောက်လာပါတယ်။ 1000-1202 TXဟာ ဆိုရင် စွမ်းဆောင်ရည်မြင့် Intel Pentium B890ကို အသုံးပြုပြီး သူရဲ့ မြန်နှုန်းမြင့်ဟာဆိုရင် (2.4 GHz) ရှိပါတယ်။ ၎င်းကို ပိုမိုလျင်မြန်စေရန် Memory DDR3 4GBက အထောက်အကူ ပြုပေးထားပါတယ်။ Memory တိုးချင်သူ Customerများအတွက်လည်း 8GB အထိ ပြုလုပ်ပေးနိုင်ပါတယ်။

Graphic Series အသုံးပြုသူများအတွက် ATI Radeon 7450M (1GB)အထိ ပါရှိပါတယ်။ HDD 500 ပါရှိတဲ့အတွက် Data များများ သိမ်းဆည်းလိုသူ Customerများ အတွက်လည်း အရမ်း အဆင်ပြေစေပါတယ်။ Screen Sizeကလည်း 14.1လက်မ ပါရှိပြီး Wireless, Wi-Fi, Bluetooth, DVD R/W, Webcam, HDMI, Cardreader စသည့် Specification များလည်း အပြည့်အစုံ ပါရှိပါတယ်။

ဈေးနှုန်းမှာ 435,000 ကျပ်ဖြစ်ပြီး ဆက်သွယ် စုံစမ်းမေးမြန်း ဝယ်ယူချင်ရင်တော့ Golden Phoenix Technology (GPT)၊ ဖုန်း -01-392-576မှ ဖြန့်ဖြူး ရောင်းချပေးနေပါတယ်။

## Laptop Acer Aspire V5-571PG-9814

ကျော်ထင်



USD 999

### အားသာချက်

DVD Driveပါ ထည့်သွင်း ပေးထားတယ်ဆိုပေမယ့် Laptopရဲ့ ဒီဇိုင်းလေးကတော့ ပါးပါးလေးနဲ့ Portable ဒီဇိုင်းလေးနဲ့ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ Graphicsပိုင်းကိုလည်း လုံလုံလောက်လောက် ထည့်သွင်း ပေးထားပါတယ်။

### အားနည်းချက်

အခြား Laptopတွေနဲ့ နှိုင်းယှဉ် ကြည့်မယ်ဆိုရင် Resolutionပိုင်း အားနည်းနေတာ တွေ့ရပါတယ်။ Battery သက်တမ်းကလည်း နည်းနေပြီး Games ကစားခြင်းများ ပြုလုပ်မယ်ဆိုရင် Laptop အပူချိန် မြင့်တက် လာတတ်ပါတယ်။

### သုံးသပ်ချက်

Acer Aspire V5-571PG-9814 Performance ကောင်းကောင်း အသုံးပြုနိုင်ဖို့အတွက် Graphicsနဲ့ Processor ပိုင်းကို မျှမျှတတ အသုံးပြုပေးထားတဲ့ Laptop တစ်လုံး ဖြစ်ပါတယ်။ Keyboard Mouse Control အပြင် Touch Screen အသုံးပြုနိုင်ပြီး Multi Touchပါ Support လုပ်မှာ ဖြစ်ပါတယ်။ Graphics ပိုင်းမှာလဲ Gaming Laptop တစ်လုံးလောက် မစွမ်းဆောင်နိုင်ရင်တောင်မှ အဆင်ပြေပြေ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

### အသေးစိတ် ဖေါ်ပြချက်

Acer Aspire V5 -571PG-9814 Laptopမှာ တပ်ဆင် အသုံးပြုထားတဲ့ အစိတ်အပိုင်းတွေကို အသေးစိတ် ဖေါ်ပြရမယ် ဆိုရင်တော့ Screen Resolution အနေနဲ့ 1366 x 768 ရရှိမှာ ဖြစ်ပြီး Screen အကျယ် 15.6 လက်မ ရရှိမယ့် Active Matrix TFT Color LCD HD Displayကို သုံးထားပါတယ်။ LED Backlight Technologyကို အသုံးပြုပေးထားပြီး Touch Screenပါ အသုံးပြုနိုင်ပါတယ်။ Laptopရဲ့ Performanceကို ကောင်းကောင်းနဲ့ အသုံးပြုနိုင်ဖို့အတွက် Processor ပိုင်းကိုတော့ 2GHz Speedနဲ့ Intel Core i7 - 3537U CPUကို အသုံးပြု ပေးထားပါတယ်။ Memory ပမာဏ အနေနဲ့ကတော့ DDR3 8GB ထည့်သွင်း ပေးထားပါတယ်။ Graphics ပိုင်းကိုလည်း လုံလုံလောက်လောက် ထည့်သွင်းပေးထားပြီး နောက်ဆုံးထွက် Gamesတွေကို ဆော့ကစားနိုင်ဖို့အတွက် Intelရဲ့ HD Graphics 4000/ Nvidia GeForce GT 710Mနှင့်အတူ Video Memory 1GBပါ ထည့်သွင်း ပေးထားပါတယ်။ Laptopရဲ့ Data သိမ်းဆည်းဖို့ အတွက်ကတော့ 5400 rpm TB Hard Drive တစ်လုံး တပ်ဆင်ပေးထားပါတယ်။ OS အနေနဲ့ကတော့ Microsoft Windows 8ကို အသုံးပြုရမှာ ဖြစ်ပါတယ်။ Laptopမှာ အသုံးပြုပေးထားတဲ့ Optical Driveကတော့ 8x Speedနဲ့ Super Multi Driveကို တပ်ဆင် ပေးထားပါတယ်။ Laptopရဲ့ Wi-Fi Model အမျိုးအစားကတော့ Qualcomm Atheros AR5BWB222 Wireless Network Adapter အမျိုးအစားဖြစ်ပြီး 802.11b/g/n အကုန် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Bluetooth အသုံးပြုမှု အနေနဲ့ကတော့ Bluetooth 4.0+HSကို အသုံးပြုရမှာ ဖြစ်ပါတယ်။ အခြား Deviceတွေနဲ့ ချိတ်ဆက်ဖို့အတွက် Portတွေကတော့ USB 2.0, 3.0, Gigabit Ethernet Lan, HDMI, Hard Phone Jack, Kensington Lock, 2-1 Card Readerတို့ကို တပ်ဆင်ပေးထားပါတယ်။ Built-in Webcam ပါရှိပြီး 1.3 MP ရရှိမှာ ဖြစ်ပါတယ်။ Warrantyကတော့ One Year International Travelers Limited Warranty ရရှိမှာ ဖြစ်ပါတယ်။

### ဒီဇိုင်း

Laptopရဲ့ ကိုယ်ထည် ဒီဇိုင်းလေးကတော့ Aluminum ငွေရောင် Bodyလေး ဖြစ်ပြီး ဆန်းသစ်တဲ့ ဒီဇိုင်းလေးနဲ့ တွေ့ရမှာ ဖြစ်ပါတယ်။ နောက်ကာဘာ ကိုတော့ Aluminum အပြောင်စား ဒီဇိုင်းလေးနဲ့ Acer logoကို အလယ်မှာ တွေ့ရမှာ ဖြစ်ပါတယ်။ DVD Driveပါ တပ်ဆင် ပေးထားတယ် ဆိုပေမယ့် ကိုယ်ထည်ကိုတော့ ပေါ့ပေါ့ပါးပါးလေး ထုတ်လုပ်ထားတာ တွေ့ရပါတယ်။ ကိုယ်ထည် အတိုင်းအတာ အနေနဲ့ကတော့ အလျား 15.4 လက်မ၊ အနံ 9.96 လက်မ၊ အထူ 0.88သာရှိပြီး အလေးချိန် 5.6ပေါင်သာ ရှိပါတယ်။

### Battery Life

Laptopမှာ တပ်ဆင်ပေးထားတဲ့ Battery အမျိုးအစားကတော့ 2500 mAh 4 Cell Li-ion Battery အမျိုးအစားကို အသုံးပြုပေးထားပြီး Maximum Battery Run Time 5နာရီ ရရှိမှာ ဖြစ်ပြီး Wi-Fi ချိတ်ဆက် သုံးမယ်ဆိုရင်တော့ 3နာရီ 29 မိနစ် အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

## Laptop ASUS Vivo Book S500CA

ကျော်ထင်



USD 699

Asusရဲ့ အသစ်ထွက်လာတဲ့ Ultra Book အမျိုးအစားလေးနဲ့ မိတ်ဆက် ပေးလိုက်ပါတယ်။ ကိုယ်ထည်ကိုတော့ ငွေရောင်နဲ့ အမည်းရောင်ကို ပေါင်းစပ်ထားပြီး Aluminum ကိုထည်လေးနဲ့တွေ့ရမှာဖြစ်ပါတယ်။ Display ပိုင်းကတော့ 15.6 လက်မ HD Touch Screen Panelကို အသုံးပြု ပေးထားပါတယ်။ Processorပိုင်းကိုတော့ Intel HM76 Express Chipsetနဲ့ အတူ 1.7GHz Speed Intel Core i5-3317U Processorကို သုံးပေးထားပါတယ်။ Memoryကိုတော့ 1600 Speedနဲ့ DDR 3ကို 6 GB ထည့်သွင်း ပေးထားပြီး Intelရဲ့ HD Graphics 4000ကို အသုံးပြု ပေးထားပါတယ်။ Storage Space အနေနဲ့ကတော့ 500GB Hard Driveနဲ့အတူ 24GB SSD တစ်လုံးပါ ထည့်သွင်း ပေးထားတဲ့အတွက် Data လုံလုံလောက်လောက် သိမ်းဆည်းနိုင်မှာ ဖြစ်ပါတယ်။ Operation Systemကိုတော့ Microsoft Windows 8နဲ့ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ Wi-Fi Bluetooth Webcam Featureတွေပါ ထည့်သွင်း ပေးထားတဲ့အပြင် Ethetnet, HDMI, VGA, USB, Card Reader ပါရှိမှာ ဖြစ်ပါတယ်။ Audio Performanceကိုလည်း ကောင်းကောင်း ရရှိမှာ ဖြစ်ပြီး ဒီဇိုင်းလေးကိုလည်း အကြိုက် တွေ့စေမှာ ဖြစ်ပါတယ်။ Battery သက်တမ်းကတော့ 4.43 မိနစ်ထိ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ကိုယ်ထည် အတိုင်းအတာ ကတော့ အလျား 15.1လက်မ၊ အနံ 10.2 လက်မ၊ အထူ 0.8 လက်မနဲ့ 4.8ပေါင်သာ အလေးချိန် ရှိပါတယ်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 13
MYANMAR ICT JOURNAL

# Application Dolphin Browser

ညီညီနိုင်

Android Deviceတွေမှာ သုံးဖို့အတွက် Browserတစ်ခု ရွေးချယ်မယ်ဆိုရင် Dolphin Browserက သုံးစွဲဖို့ အဆင်ပြေတဲ့ Browser တစ်ခုပဲ ဖြစ်ပါတယ်။ သုံးစွဲရတာ ရိုးရှင်းလွယ်ကူပြီး ကောင်းမွန်တဲ့ Featuresတွေနဲ့ Dolphinဟာ အသံနဲ့ အမိန့်ပေးပြီး ရှာဖွေလို့ရတဲ့အပြင် Add-on Enabled ဖြစ်တဲ့ ပထမဆုံး Mobile Web Browser တစ်ခုလည်း ဖြစ်ပါတယ်။ ပါဝင်တဲ့ Featuresတွေကို လေ့လာကြည့်ရင်တော့ Webpageတွေကို Facebookပေါ်မှာ Shareဖို့ သို့မဟုတ် Emailကနေတစ်ဆင့် Shareဖို့တင်သာမက Evernoteလိုမျိုး Applicationတွေထဲမှာ ထည့်ထားဖို့ပါ အဆင်ပြေစေမယ့် One-Tap Share ပါဝင်ပါတယ်။ ဒါ့အပြင် Tabbed Browsing ဖြစ်လို့ Webpage အသစ်တစ်ခုကို ကြည့်ချင်ရင် လက်ရှိ Webpageပေါ်မှာ Refresh လုပ်ပြီး ကြည့်စရာမလိုဘဲ Tab အသစ်မှာ သီးသန့်ခွဲပြီး ကြည့်ရှုနိုင်မှာပါ။ Wi-Fi Broadcast Featureကတော့ Wi-Fi Network တစ်ခု ဖန်တီးပြီး ဧရိယာ တစ်ခုအတွင်းမှာ ရှိတဲ့ Dolphin Browser အသုံးပြုသူတွေ အချင်းချင်း Linkတွေကို Share လုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကိုယ်အသုံးပြုနေကျ Social Networkတွေ Bookmark လုပ်ထားတဲ့ Websiteတွေကို အသံနဲ့ အမိန့်ပေးပြီး ရှာဖွေလို့ရတဲ့ Featureလည်း ပါဝင်ပါတယ်။ အသံနဲ့ အမိန့်ပေးလို့ ရရုံတင်မကသေးပါဘူး။ ဘယ် Websiteကို သွားချင်ရင် ဘယ်လိုပုံစံဆိုပြီး လက်လှုပ်ရှားမှု ဟန်ပန်တွေကို မှတ်သားထားစေပြီးလည်း လက်ရဲ့ လှုပ်ရှားမှု ဟန်ပန်နဲ့ အမိန့်ပေးစေခိုင်းလို့ ရတာမို့ တကယ်ကို အံ့သြစရာပါပဲ။ Download Speedလည်း ကောင်းမွန်ပြီး မှတ်သားထားတဲ့ Favourite Websiteတွေကိုလည်း တစ်ချက်တို့ထိရုံနဲ့ Browse လုပ်ပေးမှာ ဖြစ်လို့ Android သမားတွေအတွက် အားထားရမယ့် Mobile Browser တစ်ခုပဲ ဖြစ်ပါတယ်။ အသုံးပြုလိုတယ်ဆိုရင်တော့ play.google.comမှာ အခမဲ့ Download ရယူနိုင်ပါတယ်။ လက်ရှိ အချိန်အထိ Download ဆွဲယူမှု သန်းငါးဆယ်ကျော်သွားပြီလို့ သိရပြီး Android ဈေးကွက်ထဲမှာ နံပါတ်တစ်အသုံးအများဆုံး Browser တစ်ခု ဖြစ်ပါတယ်။

Ref: play.google.com




# Game Console JXD S5110

ညီညီနိုင်

USD
90



Portable Game Playerတွေကို ကြိုက်နှစ်သက်တဲ့ သူတွေအတွက် Android OS သုံးထားတဲ့ JXD S5110 Game Consoleနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ Gaming Tablet တစ်လုံးလို့လည်း ပြောလို့ရတဲ့ JXD S5110ဟာ Operating System အနေနဲ့ Android 4.0ကို သုံးထားပြီး ၅လက်မ အရွယ်အစားရှိတဲ့ Touch Screen Display ပါဝင်ပါတယ်။ ARM Mali400 3D Graphic Acceleratorနဲ့ ARM Cortex A9တို့ ပါဝင်တဲ့ Amlogic M3 Chipsetကို အသုံးပြုထားပြီး 512MB DDR3 RAM ပါဝင်ပါတယ်။ Storage Memoryကတော့ 4GBနဲ့ 8GB နှစ်မျိုး ရရှိနိုင်ပြီး TF Cart slort ပါဝင်တာကြောင့် 32GB ထပ်မံ မြှင့်တင်နိုင်တယ်လို့ သိရပါတယ်။ Resolutionကတော့ 800x480 Pixel ပါဝင်တာမို့ Portable Game Player တစ်ခုအတွက်တော့ ကျေနပ်သင့်တဲ့ အနေအထားပဲ ဖြစ်ပါတယ်။ Wi-Fi ချိတ်ဆက်လို့လည်း ရပြီး 802.11 b/g/n Standard သုံးမျိုးနဲ့ ချိတ်ဆက်နိုင်မှာပါ။ ဒါ့အပြင် AVI, MPEG-4, ASP, RMVB, DIVX, F4V, FLVစတဲ့ Video Formatတွေကို ထောက်ပံ့ပေးနိုင်ပြီး MP3, WMA, FLACနဲ့ OGGတို့လို Audio Fileတွေကိုလည်း ဖွင့်လို့ ရပါတယ်။ Keyboard, Mouseတို့နဲ့ ချိတ်ဆက်လို့ ရသလို 1080P HDMI Out-Put ပါဝင်တာကြောင့် Monitorနဲ့ ချိတ်ဆက်ပြီးတော့ Resolution ကောင်းကောင်းနဲ့ ဂိမ်းတွေကို ကစားနိုင်မှာပါ။ ကျောဘက်မှာ ပါဝင်တဲ့ 0.3MP Cameraက သိပ်ပြီး မကောင်းမွန်လှပေမယ့် TPEG, BMP, PNGစတဲ့ Formatတွေနဲ့ သိမ်းဆည်းလို့ရပြီး Video Recordingလည်း လုပ်လို့ရပါတယ်။ Applicationတွေအနေနဲ့ MSN, Email, Facebook, Skype စတဲ့ Applicationတွေကို အသုံးပြုနိုင်ပါတယ်။ Lithium-Polymer Batteryကို သုံးထားပြီးတော့ Power Adapterနဲ့ သာမက USB Portကနေ ကွန်ပျူတာနဲ့ ချိတ်ဆက်ပြီးလည်း အားသွင်းနိုင်ပါတယ်။ Android Gravity and Touch Game, Acrade Game, GBA Game, Nitendo N64 3D Game, Nitendo FCနဲ့ SEGA MD Gameတွေကို Support လုပ်တာမို့ ဂိမ်းကစားသူတွေ ကြိုက်နှစ်သက်မယ်လို့ ထင်ပါတယ်။ အဖြူနဲ့ အနက် အရောင်နှစ်မျိုးနဲ့ ရရှိနိုင်ပြီး ဈေးနှုန်း ကတော့ USD 90ခန့် ရှိပါတယ်။

Ref: www.willgoo.com

# Speaker Teeny Sound

သန့်စင်

Kyats
8,500




ထူးခြား ဆန်းသစ်တဲ့ Sound System ပါဝင်တဲ့ Speakerတွေကို Design ဆန်းဆန်းလေးတွေနဲ့ လိုချင်တဲ့ Customerများအတွက် ထိုင်းနိုင်ငံမှ ထုတ်လုပ်သော SAAG အမှတ်တံဆိပ် Speaker မြန်မာပြည် ဈေးကွက်အတွင်းသို့ ရောက်ရှိလာပါတယ်။ ယင်း Speaker လေးဟာဆိုရင် အသံကို ကြည်လင် ပြတ်သားစေသော P.M.P.0စနစ် ပါဝင်ပါတယ်။ 2.0 Channel Audio Systemများလည်း ပါရှိတဲ့အတွက် သယ်ဆောင်ရ လွယ်ကူပြီး Desktop, Notebook, MP3တို့နှင့်လည်း တွဲဖက် အသုံးပြုနိုင်ပါတယ်။ အပြာရောင်၊ အနက်ရောင်၊ ပန်းရောင်၊ ငွေရောင် ထုတ်လုပ်ထားပြီး ခိုင်ခန့် လှပကာ အသံအားစနစ် ကောင်းမွန်ခြင်းတို့ကြောင့် နိုင်ငံတကာမှာ လူကြိုက်များနေတဲ့ အမျိုးအစား တစ်ခု ဖြစ်ပါတယ်။ ၎င်း SAAG Speakerများသည် ထိုင်းနိုင်ငံတွင် ရောင်းအား အကောင်းဆုံး ထိပ်တန်းစာရင်းဝင် Speakerများဖြစ်ပြီး Thai Industrial Standard (TIS)နှင့် ISOတို့မှ အသိအမှတ် ပြုထားသော Brand ဖြစ်ကြောင်း သိရပါတယ်။ ဈေးနှုန်း ၈,၅၀၀ကျပ်ဖြင့် SAAG အမှတ်တံဆိပ် Speaker လေးတွေကို ဝယ်ယူချင်တော့ Golden Phoenix Technology (GPT)၊ 01-392-576သို့ စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါတယ်။

# Mobile HTC One

ညီညီနိုင်



အရွယ်အစား ကြီးမားတဲ့ Smartphoneတွေ လူကြိုက်များလာတဲ့ ခေတ်မှာ HTC Oneကလည်း အရွယ်အစား ကြီးကြီးနဲ့ လှပ ကောင်းမွန်တဲ့ Smartphone တစ်လုံးပဲ ဖြစ်ပါတယ်။ ခမ်းနား တောက်ပြောင်တဲ့ သတ္တုကိုယ်ထည်နဲ့ HTC Oneဟာ 4.7inches အရွယ်အစား ရှိတဲ့ Display ပါဝင်ပြီး 1920x1080 Pixel Resolutionနဲ့ Full HD Displayပဲ ဖြစ်ပါတယ်။ Operating Systemကတော့ Android 4.1 (JellyBean)ကို သုံးထားပြီး CPU Speed 1.7 GHzရှိတဲ့ Qualcomm Quad-Core Snapdragon 600 Processorကို သုံးထားလို့ ကောင်းမွန် မြန်ဆန်တဲ့ Performance ရရှိမှာ သေချာပါတယ်။ 2GB RAMနဲ့ Storage Memory 32GB ပါဝင်ပြီး Memory Cord Slot ကတော့ မပါဝင်ပါဘူး။ Camera ကတော့ 4MP ရှိပြီး Mega-Pixel နည်းတယ်လို့ ထင်ရပေမယ့် BSI Sensor ပါဝင်တဲ့အတွက် ဓာတ်ပုံရိုက်တဲ့အခါ အခြား Smartphoneတွေထက် အလင်းရောင် ၃၀၀% ပိုမို ရရှိပြီး ကြည်လင်ပြတ်သား ကောင်းမွန်လှတဲ့ ပုံရိပ်တွေကို ရရှိမှာပါ။ ဒါ့အပြင် ဖုန်းရဲ့ ရှေ့ဘက်မှာလည်း 2.1MP Camera တစ်လုံး ပါဝင်ပါသေးတယ်။ 1080P Full HD Video တွေကိုလည်း ရိုက်ကူးနိုင်မှာ ဖြစ်လို့ အားရကျေနပ်ဖွယ် ကောင်းပါတယ်။ Bluetooth 4.0နဲ့ GPS ပါဝင်ပြီး Wi-Fi အတွက်ကလည်း a/ac/b/g/n စတဲ့ Standardတွေ အားလုံးနဲ့ ချိတ်ဆက်နိုင်တာကြောင့် ပြည့်စုံကောင်းမွန်နေပါပြီ။ အသံစနစ်နဲ့ ပတ်သက်ပြီးတော့လည်း Amplifierနဲ့ တွဲဖက်ထားတဲ့ Speaker နှစ်လုံး ပါဝင်တဲ့ HTC Boom Sound အသံစနစ်က HTC Oneကို အကောင်းဆုံး Smartphone တစ်လုံး ဖြစ်လာဖို့ အားဖြည့်ပေးနေပါတယ်။ သေသပ်လှပမှုနဲ့ အတူ ဆွဲဆောင်မှု ရှိလွန်းတဲ့ ဒီဇိုင်းနဲ့ HTC Oneဟာ Samsungရဲ့ Galaxy S4ကို ယှဉ်ပြိုင်ဖို့ ရည်ရွယ်ထားတယ်လို့ သိရပြီး လာမည့် ဧပြီလ တတိယပတ်မှ စတင် ဖြန့်ချိမယ်လို့ သိရပါတယ်။

Ref: news.softpedia.com

# Winter Root Computer

Laptop Computer (Sales & Service)

## မြန်မာနှစ်သစ်ကူးသင်္ကြန်အကြို အထူး လျှော့ဈေး

**FUJITSU FMV S8235** — Hot Item
Core Duo 1.7GHz
RAM - 1GB
HDD - 40GB
COMBO
VGA - 256MB
LAN-Wi-Fi-USB
LCD- 13"
Battery Good
~~175000/-~~
**149,000/-**

**DELL Latitude D630** — Hot Item
Core 2 Duo 2.0GHz
RAM - 2GB
HDD - 120GB
DVD-RW
VGA - 375MB
LAN-Wi-Fi-Modem
LCD- 14"
Battery Good
~~235000/-~~
**195,000/-**

**DELL Latitude D520**
Core Duo 1.7GHz
RAM - 1GB
HDD - 40GB
COMBO
VGA - 256MB
LAN-Wi-Fi-USB
LCD- 15"
External CD Battery ~~195000/-~~
**165,000/-**

**hp Compaq 2510p**
Core 2 Duo 1.1GHz
RAM - 1GB
HDD - 60GB
DVD-RW
VGA - 256MB
Wi-Fi-Bluetooth-Modem
LCD- 12"
Battery Good ~~205000/-~~
**169,000/-**

**DELL Latitude D630**
Core 2 Duo 1.7GHz
RAM - 1GB
HDD - 60GB
DVD-RW
VGA - 256MB
LAN-Wi-Fi-USB
LCD- 14"
Battery Good ~~225000/-~~
**175,000/-**

**FUJITSU FMV S8240**
Core 2 Duo 1.7GHz
RAM - 1GB
HDD - 60GB
DVD-RW
VGA - 256MB
LAN-Wi-Fi-USB
LCD- 13"
Battery Good ~~205000/-~~
**169,000/-**

**hp Compaq 2510p**
Core 2 Duo 1.1GHz
RAM - 2GB
HDD - 60GB
DVD-RW
VGA - 358MB
Wi-Fi-Bluetooth-Modem
LCD- 12"
Battery Good ~~215000/-~~
**179,000/-**

**FUJITSU FMV R 8290**
Core 2 Duo 1.4GHz (U9400)
RAM - 2GB
HDD - 120GB
DVD-RW
VGA - 766MB
LAN-Wi-Fi-USB
LCD- 12"
Battery Good ~~245000/-~~
**210,000/-**

**Brand New — acer Aspire V5-431**
Dual Core Pen: 1.5 GHz
2GB (DDR-3)
500GB HDD (SATA)
DVD R/W, 789MB
Card Reader/ Wi-Fi
Web Cam, Integrated Microphone
10/100/1000Mbps LAN (GLAN)
6 Cells Li-ion Battery
**385,000/-**

**Brand New — lenovo G480**
Intel Core i3 (2110M) 2.4GHz
4GB DDR 3
500GB HDD (SATA)
DVD Writer Super Multi DL
1GB Nividia
Web Camera, Card Reader
Wirless LAN (N), LAN, HDMI, eSATA
6-Cells Li-on Battery
**440,000/-**

**Brand New — MSI CR 430**
Intel AMD 1.7GHz
4GB DDR 3
500GB HDD (SATA)
DVD Writer, 1462MB VGA
Web Camera, Card Reader
Wirless LAN (N), LAN, HDMI, eSATA
6-Cells Li-on Battery
**345,000/-**

**Brand New — SUZUKI R42ii1**
Intel Core i3 2.5GHz
2GB (DDR-3), 320GB HDD
14.0" LED Screen, DVD RW,
716MB VGA
Web Cam, Wi-Fi, Card Reader,
Bluetooth, HDMI
10/100/ 1000 Mbps LAN (GLAN)
6-Cells Li-on Battery
**349,000/-**

**Brand New — SINGTECH SGT W243**
Intel AMD 1.0GHz
2GB DDR 3
320GB HDD (SATA)
DVD Writer Super Multi DL
943MB Nividia
Web Camera, Card Reader
Wirless LAN (N), LAN, HDMI, eSATA
6-Cells Li-on Battery
**285,000/-**

| | | |
|---|---|---|
| Yangon | Winter Root Show room (1) | No. (287, 289), Bo Aung Kyaw Street (Middle), Kyauktada Tsp, Yangon. Ph: 01-392969, 09421023209 |
| Yangon | Winter Root Show room (2) | No.220, Seikkanthar St, Kyauktada Tsp. Ph: 01-253385, 095061303. 09421023208 |
| Mandalay | Winter Root Show room (1) | No.D-20, 32 x 33, 77x78, Zawtika Street, Mdy Ph: 02-71021. 0991016780 |
| Mandalay | Winter Root Showroom (2) | No.(209), 84 Street, 32 x 33, Chan Aye Tharzan Tsp, Mandalay, Ph: 09-91051585, 09402617641 |
| Sittway | Techno City Computer | Ph: 095680644 |
| Taungtwingyi | Sinnyaw Computer & Mobile Phone Centre | Ph: 063-51003, 09 5333295 |
| Taungyi, Naypyidaw | Shan Nyi Naung Computer Sales & Services | Ph: 0949357657, 09425013838 |

လက်ဆောင် (၅)မျိုးနှင့် အတူ
Services (1) Year & Parts (6) Months

အိုင်စီတီ ဂျာနယ်
Volume 2, Issue 13
MYANMAR ICT JOURNAL


## Game Preview





ရထား

ဂိမ်းကတော့ Action ဂိမ်းမျိုးပဲ။ ဒါပေမယ့် ဟဲဗီးကြမ်းတယ်လို့ ပြောလို့ရတယ်။ Capcomက ထုတ်တော့မှာဖြစ်တဲ့ Lost Planet 3 Action ဂိမ်းကို Juneလထဲမှာ ဆော့ရတော့မှာပါ။ အရမ်းကောင်းတဲ့ ဂိမ်းလို့မပြောခင် ဂိမ်းဇာတ်လမ်းလေးကိုပဲ အရင်ကြည့်ပါလို့ ပြောချင်တယ်ဗျာ။ ဇာတ်လမ်းမိုက်တယ်၊ ရုပ်ထွက် ကောင်းတယ်၊ အရာရာပြည့်စုံတဲ့ Action ဂိမ်းတစ်ခုပါ။ Developerတွေက Capcom ကိုယ်တိုင် ပါဝင်တဲ့အပြင် Spark Unlimitedပါ ပူးပေါင်း ထားပါတယ်။ PS3, Xbox 360, PCစတဲ့ Platformတွေပေါ်မှာ ကစားနိုင်မယ့် Lost Planet 3ဂိမ်းဟာ အာကာသပေါ်မှာ လူတချို့စခန်းတွေ တည်ဆောက်ပြီး လက်နက်တွေ၊ သိပ္ပံပညာတွေကို စမ်းသပ်နေတဲ့ နေရာတစ်ခုပုံစံ ဇာတ်အိမ် ဖွဲ့ထားတာပါ။ အနာဂတ်မှာ ဖြစ်လာနိုင်တဲ့ လက်နက်တွေနဲ့ သိပ္ပံပညာတွေအကြောင်း ပုံဖော်ထားတဲ့ ဂိမ်းတစ်ခုပါ။ Lost Planet 2ကို 2010မှာ ထုတ်ခဲ့စဉ်က Capcomက သူ့ကိုယ်တိုင် Developer၊ Publisherအဖြစ် တာဝန်ယူထုတ်ခဲ့တာပါ။


အခု Lp3မှာ Developer နောက်တစ်ဖွဲ့ပါလာတယ်ဆိုတော့ ပိုကောင်းမယ်ဆိုတာ သေချာပါတယ်။ သိပ္ပံပညာရှင်တွေ တည်ဆောက်တဲ့ အာကာသပေါ်မှာရှိတဲ့ မြို့လေးထဲမှာ စမ်းသပ်မှုများစွာ လုပ်နေရင်း တစ်ဖွဲ့နဲ့ တစ်ဖွဲ့ပြဿနာတွေ တက်လာပါတော့တယ်။ နောက်ပိုင်းမှာ ဇာတ်လိုက်တို့ အဖွဲ့နဲ့ ရန်သူတွေအပြင် Monsterတွေနဲ့ပါ တိုက်ပွဲတွေ ဖြစ်လာပါတော့တယ်။ ရန်သူတွေလည်း အမျိုးမျိုးပါတဲ့အပြင် လက်နက်တွေ ဆန်းနေတာကို တွေ့ရပါလိမ့်မယ်။ Dead Spaceနဲ့ ပုံစံချင်းတူပေမယ့် LP3က ဘယ်လိုများ ကွာခြားသလဲဆိုတာ Juneလထဲမှာပဲ စောင့်ကြည့်ရတော့မှာပါ။ အာကာသပေါ်မှာပဲ တစ်ချိန်လုံး ဆော့နေရတဲ့အတွက် ရာသီဥတုကြောင့် နှင်းတွေ ကျနေတဲ့အတွက် မှောင်တဲ့အခန်းတွေ ပိုများပါတယ်။ မှောင်နေတဲ့ ကြားက ရန်သူတွေကလည်း လူတွေရော တစ်ခါတလေ ကျူပင်းကောင်လို အကောင်အကြီးစားတွေကိုပါ တွေ့ရမှာပါ။ ဒီဂိမ်းထဲမှာ တိုက်ခိုက်ရတာတွေအပြင် တခြား Missionတွေလည်း လုပ်ဆောင်ရမှာပါ။ သူပေးထားတဲ့ Commandတွေအတိုင်း လုပ်ပေးရုံပါပဲ။ Lp3မှာ တွေ့ကြုံရမယ့် ခံစားမှုအသစ်တွေနဲ့အတူ Juneလထဲမှာ Action ဂိမ်းကောင်း တစ်ခုထွက်တော့မယ်လို့ Preview ပေးလိုက်ပါတယ်။







## Game Review




ညီညီနိုင်

BioShocik Infiniteကတော့ သင့်ကို တိမ်တွေကြားမှာ လွင့်မျောနေတဲ့ Columbiaရဲ့ မြို့တော်ဆီကို ခေါ်သွားမှာပါ။ ဘယ်နေရာမှာမှ သင်မမြင်ဖူးသေးတဲ့ မြင်ကွင်းတွေနဲ့ ပင်လယ်ရေ မျက်နှာပြင်ရဲ့ ဟိုးအမြင့်က မြို့ကလေးတစ်မြို့ပေါ့။ Gameအမျိုးအစားက Shooter အမျိုးအစားဖြစ်ပြီး Publisherက 2K Gamesပဲ ဖြစ်ပါတယ်။ Developerကတော့ Irrational Gamesပဲ ဖြစ်ပါတယ်။ Developerကတော့ Irrational Gamesပဲ ဖြစ်ပါတယ်။ PC, PS3, Xbox 360 တို့အပြင် Mac OS Deviceတွေပေါ်မှာပါ ကစားနိုင်မှာပါ။ မတ်လ ၂၆ရက်နေ့မှာ ဖြန့်ချိမှာ ဖြစ်ပြီး လူကြိုက်များတဲ့ BioShock စီးရီးတွေထဲမှာဆိုရင် တတိယမြောက်မျိုးဆက်ပဲ ဖြစ်ပါတယ်။ ထူးခြားတာကတော့ အရင် Gameတွေကလို ရေအောက်ကမ္ဘာမှာ မဟုတ်တော့ဘဲ တိမ်တွေကြားက မြို့လေးတစ်မြို့ရဲ့ ၁၉၁၂ခုနှစ်က မြင်ကွင်း တွေကို အခြေခံထားတာပါ။ ဒီ Gameမှာ ကစားသူဟာ Booker DeWittအဖြစ် ကစားရမှာ ဖြစ်ပြီး သူဟာ ကျွမ်းကျင်တဲ့ ရှာဖွေရေးသမား တစ်ယောက် ဖြစ်ပါတယ်။ ဇာတ်လမ်းရဲ့ အဓိက ကျောရိုးကတော့ ပျောက်ဆုံးနေတဲ့ Elizabethဆိုတဲ့ ကောင်မလေးကို ရှာဖွေရမှာပါ။ မြို့တစ်မြို့မှာ ပျောက်ဆုံးနေတဲ့ ကောင်မလေးတစ်ယောက်ကို ကျွမ်းကျင်သူတစ်ယောက်က ရှာဖွေဖို့ဆိုတာ ဘာမှ အခက်အခဲ ရှိမှာ မဟုတ်ဘူးလို့ ထင်ရပါတယ်။ တကယ်တော့ အဲဒီလောက် မလွယ်ပါဘူး။ ဇာတ်လမ်းအရ အဲဒီမြို့ကလေးကိုယ်တိုင် ၁၉၀၀ခုနှစ်ကတည်းက တိမ်တွေ ကြားမှာ ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့ပြီးဖြစ်နေလို့ပါ။ ဒီလို မြို့ပျောက်ဆုံးနေတဲ့ မြို့တစ်မြို့ထဲက ပျောက်ဆုံးနေတဲ့ ကောင်မလေးတစ်ယောက်ကို ရှာဖွေဖို့ မီးပုံးပျံစီးပြီး တိမ်တွေ ကြားမှာ ရှာဖွေရမှာပါ။ Booker DeWitt တစ်ယောက် ဒီမြို့နဲ့ ပတ်သက်ပြီး ကြားဖူးတဲ့ ရာဇဝတ်တွေနဲ့ ထူးဆန်းစွာ ပျောက်ဆုံးသွားစေတဲ့ အကြောင်းအရင်းတွေရဲ့ မမြင်နိုင်တဲ့ အန္တရာယ်တွေကို ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ လှပဆန်းကြယ်တဲ့ ရှုခင်းတွေ ရှာဖွေတိုက်ခိုက်မှုတွေအပြင် ကြိုတင်မမြင်နိုင်တဲ့ အန္တရာယ်တွေနဲ့ ရင်ဆိုင်ရတာ ကြိုက်တယ်ဆိုရင် ဒီ Gameကို ကစားကြည့်ပါ။ အရာရာ အဆင်ပြေလိမ့်မယ်လို့ မျှော်လင့်မထားဘဲ သတိရှိနေဖို့တော့ လိုပါလိမ့်မယ်။

## Recommended Drive

# Honda Fit 2013




ညီညီနိုင်

Honda Fitလို့ ဆိုလိုက်တာနဲ့ ကမ္ဘာတစ်ဝန်းမှာ သာမက ကျွန်တော်တို့နိုင်ငံမှာ မသိတဲ့ သူ မရှိသလောက်ပါပဲ။ အင်ဂျင်ပါဝါ သေးသေးနဲ့ ဆီစား သက်သာတဲ့အပြင် ဈေးနှုန်းပါ ချိုသာလို့ အရမ်းလူကြိုက်များပါတယ်။ လမ်းကြမ်းတွေမှာ သုံးဖို့ထက် ရှုပ်ထွေးကြပ်ညပ်နေတဲ့ မြို့ပေါ်လမ်းတွေမှာ တိုးဝှေ့ ရှောင်တိမ်းသွားဖို့ ပိုမို အဆင်ပြေလို့ မြေပြန့်နဲ့ မြို့ပေါ်တွေမှာ ပိုမို အစီးများကြပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ ကားတင်သွင်းခြင်းဆိုင်ရာ မူဝါဒများအရလည်း တစ်ဦးခြင်း လွတ်လပ်စွာ (ပါမစ်မလိုဘဲ) တင်သွင်းခွင့် ရရှိမည့် အချက်အလက်တွေနဲ့ ကိုက်ညီနေလို့ အခွန်အခတွေ သက်သာပြီး ဈေးချိုချိုနဲ့ စီးနိုင်လာတဲ့ ကားကောင်းကောင်းတစ်စီးပဲ ဖြစ်ပါတယ်။ Honda Fitရဲ့ ဆောင်ပုဒ်အတိုင်း Fit Outside, Large Insideဖြစ်လို့ အပြင်ပန်းမှာ သေးသေးကွေးကွေးနဲ့ ချစ်စဖွယ် ဟန်ပန်ရှိပေမယ့် အတွင်းခန်းကတော့ ကျယ်ဝန်းပြီး သက်တောင့်သက်သာ ရှိပါတယ်။ အင်ဂျင်ပါဝါအနေနဲ့ 1.2L, 1.3L,1.5L ဆိုပြီး သုံးမျိုး ထုတ်လုပ်ထားပြီး 1.3L အင်ဂျင်က ပိုမို အသုံးများပါတယ်။ Honda Fit ကားလေးတွေရဲ့ ပထမမျိုးဆက်ကို ၂၀၀၁ခုနှစ် ဇွန်လကတည်းက စတင်ထုတ်လုပ်ခဲ့ပြီး ဒုတိယမျိုးဆက်ကိုတော့ ၂၀၀၇ခုနှစ်ကနေ လက်ရှိအချိန်အထိ ထုတ်လုပ် ရောင်းချနေဆဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ၂၀၀၆ခုနှစ်မှ ၂၀၁၁ခုနှစ် မော်ဒယ်လ်အထိ လူသုံးများတာကြောင့် ကားချစ်သူတွေ ထဲထဲဝင်ဝင် သိရှိပြီးသား ဖြစ်မှာပါ။ ဒါကြောင့် Honda Fitရဲ့ နောက်ဆုံး ထုတ်လုပ်လိုက်တဲ့ Honda Fit 2013ရဲ့ အကြောင်းကို တင်ပြပေးသွားပါမယ်။ 2013မော်ဒယ်လ် Honda Fitဟာ အရင်နှစ်တွေက ထုတ်လုပ်ခဲ့တဲ့ မော်ဒယ်လ်တွေထက် စက်စွမ်းရည် ပိုမို ကောင်းမွန်ပြီး လျင်မြန်သွက်လက်စွာ ထိန်းသိမ်း မောင်းနှင်လို့ရတဲ့ ကားတစ်စင်းပဲ ဖြစ်ပါတယ်။ ထုံးစံအတိုင်း အတွင်းခန်းဟာ သက်သောင့်သက်သာ စီးနင်းနိုင်ဖို့ လုံလောက်တဲ့ အကျယ်အဝန်းရှိပြီး ပစ္စည်းတွေ သယ်ဆောင်ဖို့လည်း နောက်ခန်းမှာ နေရာလွတ် ကောင်းကောင်းရှိပါတယ်။ အင်ဂျင်ပါဝါကတော့ Baseနဲ့ Sportဆိုတဲ့ Trimနှစ်မျိုးစလုံးမှာ 1.5L (၁၅၀၀စီစီ) အင်ဂျင်နဲ့ ဖြစ်ပြီး တစ်မိနစ် အင်ဂျင် လည်ပတ်နှုန်း 6600RPMမှာ မြင်းကောင်ရေ ၁၁၇ကောင်အား ထွက်တာခြင်းလည်း တူညီပါတယ်။ Transmissionပိုင်းကတော့ Auto Gearရော၊ Manual Gearပါ ရရှိနိုင်မှာဖြစ်ပြီး Gear အချက်ရေ ငါးချက် ပါဝင်ပါတယ်။ ကားသီးတွေကတော့ Baseမှာ ၁၅လက်မ အရွယ်အစားရှိပြီး Sportမှာတော့ ၁၆လက်မ အလှိုင်းဝိုးတွေနဲ့ ဖြစ်ပါတယ်။ ဆီစားနှုန်းကတော့ ဆီတစ်ဂါလံကို မြို့တွင်း ၂၇မိုင် ဟိုင်းဝေးလမ်းမှာ ၃၃မိုင်အထိ မောင်းလို့ရတာမို့ လောင်စာဆီဈေးတွေ ကြီးမြင့်လာတဲ့ ခေတ်မှာ Customerတွေရဲ့လိုအပ်ချက်နဲ့ အံကိုက်ပါပဲ။ Baseနဲ့ Sportမှာ ဈေးနှုန်းကွာခြားချက် ကျဉ်းမြောင်းသလို နည်းပညာပိုင်းကွာခြားချက်လည်း အများကြီးတော့ မရှိပါဘူး။ Supensionပိုင်းကတော့ Sportမှာ ရှေ့ဘက်မှာရော နောက်ဘက်မှာပါ Stabilizer Bar ပါဝင်ပါတယ်။ Stabilty Control, Traction Control, Keyless Entry, Cruise Control စတဲ့ နည်းပညာတွေအပြင် USB Auto Interface, Radio Data System (RDS), iPod Input စတာတွေ ပါဝင်ပြီး Sportမှာတော့ Navigation System Roof-Line Spoiler, Fog Lignt စတာတွေ ထပ်ဆောင်းပါဝင်လာပါတယ်။ Baseမှာ စပီကာ လေးလုံး ပါဝင်ပြီး Sportမှာတော့ Speaker ၆လုံး ပါဝင်ပါတယ်။ ဒါ့အပြင် Anti-Lock Break System (ABS) စနစ်ကို Electronic Brake Distribution (EBD)နည်းပညာနဲ့ ပေါင်းစပ်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် စီးနင်းသူတွေရဲ့ ရှေ့ဘက်နဲ့ ဘေးဘက်တွေမှာလည်း အသက်ကယ် လေအိတ်တွေ တပ်ဆင်ထားပါတယ်။ Honda Fit 2013ရဲ့ အဓိက ပြိုင်ဖက်တွေကတော့ 2013 Ford Fiesta, 2013 Hyundai Accentနဲ့ 2013 Scion iQတို့ပဲ ဖြစ်ပါတယ်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 13
MYANMAR ICT JOURNAL

## Animation Review




Genre: Drama
Studio: Studio Chizu, Madhouse
Score: 4 out of 5

နေအောင်လတ်

The Wolf Children Ame and Yuki (Japan အမည် - Ōkami Kodomo no Ame to Yuki)ဟာ နာမည်ကြီး Animation ရုပ်ရှင်တွေဖြစ်တဲ့ The Girl Who Leapt Through Time၊ Digimon – The Movieနှင့် Summer Wars တို့ကို တင်ဆက်ခဲ့တဲ့ Director Mamoru Hosodaရဲ့ ရုပ်ရှင်ဇာတ်ကား အသစ်ဖြစ်သလို Japan နိုင်ငံတွင်း ရုံတင်ပြီးနောက်ပိုင်း မတ်လ ၂၀၁၃ခုနှစ်မှာ ကျင်းပခဲ့တဲ့ Tokyo International Anime Fairမှာ ကျင်းပတဲ့ ဆုပေးပွဲမှာ "Animation of the year", "Best Director" နှင့် "Best Character Design" အပါအဝင် ထူးချွန်ဆုပေါင်း ၆ ဆုရရှိခဲ့တဲ့ Anime Movie တစ်ခု ဖြစ်ပါတယ်။ အရင် Director Mamoru Hosodaရဲ့ဇာတ်လမ်းအများစုဟာ Action အသားပေး သွက်သွက်လက်လက် Science-Fiction ဇာတ်ကားတွေ များပေမယ့် The Wolf Children Ame and Yuki ရုပ်ရှင်ကတော့ မိသားစု Drama ဇာတ်ကားဖြစ်ပြီး Studio Ghibliရဲ့ Anime ရုပ်ရှင်တွေ ကြည့်ရတဲ့ အရသာမျိုး ပေးစွမ်းနိုင်တာ တွေ့ရပါတယ်။ အရင် Summer Warsတို့ The Girl Who Leapt Through Timeတို့မှာလိုပဲ ရိုးရှင်းတဲ့ တစ်ကြောင်းဆွဲပုံစံ ဇာတ်ကောင်ဒီဇိုင်းတွေနှင့် ပန်းချီကားချပ်တွေလို အသေးစိတ် လှပအောင် ဆွဲထားတဲ့ Background Settings တွေကို ကောင်းမွန်တဲ့ နောက်ခံဂီတနဲ့ ပေါင်းစပ်ထားတဲ့ ရုပ်ရှင်တစ်ခုဖြစ်ပြီး အရွယ်မရွေး နှစ်သက်အောင် တင်ဆက်ထားနိုင်တာကို တွေ့ရမှာပါ။

The Wolf Children Ame and Yuki ရုပ်ရှင်ဟာ ခေါင်းစဉ်နာမည်ပေးထားတဲ့ အတိုင်းပဲ သမန်းဝံပုလွေ Werewolf ကလေးငယ် နှစ်ယောက်ဖြစ်တဲ့ Ameနှင့် Yuki တို့အကြောင်းကို အဓိက တင်ဆက်ထားတဲ့ ရုပ်ရှင်ဖြစ်ပြီး ဇာတ်လမ်းအစမှာတော့ နောက်ပိုင်းမှာ ကလေးငယ်နှစ်ယောက်ရဲ့ မိခင်ဖြစ်လာမယ့် ၁၉နှစ်အရွယ် တက္ကသိုလ်ကျောင်းသူ Hanaနှင့် မျိုးသုဉ်းလုနီးပါးဖြစ်နေပြီဖြစ်တဲ့ Ookami ဝံပုလွေမျိုးနွယ်မှ ဆင်းသက်လာသူ သမန်းဝံပုလွေတို့ရဲ့ အချစ်ဇာတ်လမ်းဖြင့် မိတ်ဆက် ပေးထားပါတယ်။ သမီးငယ် Yukiနှင့် သားဖြစ်သူ Ameတို့ကို မွေးဖွားပြီး နောက်ပိုင်းမှာတော့ Hanaရဲ့ အမျိုးသား သေဆုံးခဲ့ပြီး အချိန်မရွေး လူအဖြစ်ရော ဝံပုလွေအဖြစ်ပါ ပြောင်းလဲနိုင်တဲ့ ကလေးနှစ်ယောက်ကြား အခက်အခဲမျိုးစုံ ကြုံတွေ့နေရတဲ့ Hanaဟာ သစ်တောစပ်က လူသူအနည်းငယ်သာရှိတဲ့ ရွာငယ်လေးကို ပြောင်းရွှေ့ခဲ့ရပါတယ်။ Countrysideကို ရောက်ရောက်ချင်းမှာ Haaတို့ဟာ အစားအသောက်၊ အနေအထိုင် အခက်အခဲများကို တဖြည်းဖြည်းချင်း ဖြေရှင်းနိုင်ခဲ့သလို ကလေးတွေ အနေနဲ့လည်း သူတို့ရဲ့ ဝံပုလွေ သဘာဝကို ရုပ်ရှင်နောက်ပိုင်းမှာတော့ Yukiနှင့် Ameတို့ဟာ လူသားအများစုကြား စတင် ဝင်ရောက်ရတဲ့ ကျောင်းတက်ချိန်မှစပြီး မိမိတို့ရဲ့ အခြားလူသားတွေ ရှေ့မှာထိန်းချုပ်ဖို့ ကြိုးစားနိုင်ခဲ့ပါတယ်။ The Wolf Children Ame and Yuki အနာဂတ် ဘဝလမ်းကြောင်းနှင့် လူသားအဖြစ် သို့မဟုတ် ဝံပုလွေအဖြစ် မည်သို့ နေထိုင်သင့်တာကို ကိုယ်တိုင် ရွေးချယ်ရမှာဖြစ်ပြီး စိတ်ဝင်စားစရာ၊ ဝမ်းနည်းစရာ၊ ကြည်နူးစရာ အဖြစ်အပျက်မျိုးစုံနှင့် တင်ဆက်ထားတာကို တွေ့ရမှာပါ။

The Wolf Children Ame and Yuki ရုပ်ရှင်ကို စကြော်ငြာကတည်းက ကလေးနှစ်ယောက်ကို ပြုစုပျိုးထောင်ရမည့် Hana အကြောင်းကို ပြထားလို့ စိတ်မကောင်းစရာ အဖြစ်တွေများမယ့် Drama ဇာတ်ကားလို့ ထင်ရပေမယ့် ရုပ်ရှင်ဇာတ်လမ်းတစ်လျှောက်မှာ ဇာတ်ဝင်ခန်း အများစုကို စိတ်ညစ်စရာ ဇာတ်နာတဲ့ ပုံစံမျိုးတွေနှင့် တင်ဆက်ထားတာ မဟုတ်ဘဲ အခက်အခဲမျိုးစုံကို ပရိသတ်က Hana နှင့်အတူ ခံစားပြီး အားပေးနိုင်မယ့် ပုံမျိုးတင်ဆက်ထားပြီး ဝံပုလွေ ကလေးနှစ်ယောက်ကိုလည်း အရမ်းကြီးဆိုးတဲ့ ပုံမဟုတ်ဘဲ ချစ်ဖို့ကောင်းအောင် ပြသထားနိုင်ပါတယ်။ Werewolfတွေ ပါဝင်လို့ Fantasy ဆန်တဲ့ ဇာတ်ကားလို့ ပြောလို့ရပေမည့် ကျန်ရှိတဲ့ ဇာတ်လမ်းပိုင်း အားလုံးကို သဘာဝကျကျ Drama ဇာတ်ကားအဖြစ် တင်ဆက်ထားလို့ လူကြီးရော လူငယ်ပါ အကြိုက်တွေ့မယ့် ရုပ်ရှင်ဇာတ်ကား ဖြစ်ပါတယ်။

## Movie Review




Image Credit: www.thatfilmguy.net

မင်းခန့်

Parkerဟာ သူခိုးတစ်ယောက်အဖြစ် အသက်မွေးတဲ့သူဖြစ်ပြီး၊ ဆင်းရဲသားတွေရဲ့ ငွေကြေးပစ္စည်းကိုတော့ ဘယ်တော့မှ မခိုးဖူးဆိုတဲ့ စည်းကမ်းချက် ကိုတော့ ကောင်းစွာ စောင့်ထိန်းသူ တစ်ယောက်ပါ။ တစ်နေ့မှာတော့ Parkerရဲ့ လုပ်ဖော်ကိုင်ဖက် Hurleyက လူငါးယောက် အဖွဲ့တစ်ခုဖွဲ့ပြီး သန်းနဲ့ချီ တန်ဖိုးရှိတဲ့ ငွေတွေကိုခိုးဖို့ ပြောလာပါတယ်။ နောက်ဆုံးမှာတော့ Hurleyရဲ့ တိုက်တွန်းမှုကြောင့် Parkerဘက်က သဘောတူလိုက်ပါတယ်။ သူတို့အဖွဲ့ဟာ ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ခိုးယူနိုင်ခဲ့ကြပေမယ့်၊ အလုပ်ပြီးချိန်မှာတော့ Parkerက နောက်ထပ် အလုပ်တစ်ခုအတွက် ဆက်လက် မပူးပေါင်းနိုင်တော့ကြောင်း ငြင်းဆန်လိုက်ပါတယ်။ ဒါကြောင့်လည်း Melanderနဲ့ အဖွဲ့ဟာ နှုတ်ပိတ်ခဲ့တယ်။

ဒါပေမဲ့ မိသားစုတစ်ခုက Parkerကို တွေ့ရှိ ကယ်ဆယ်ပြီး ဆေးရုံကို ပို့ပေးခဲ့တာကြောင့် သေဘေးကနေ လွတ်မြောက်ခွင့် ရရှိခဲ့ပါတယ်။ အဲဒီ နောက်မှာတော့ Parkerဟာ ငွေတစ်ချို့၊ ကားနဲ့ သေနတ်တွေကို ရရှိအောင် ခိုးယူပြီး၊ Hurleyနဲ့ သွားတွေ့ကာ Melander သစ္စာဖောက်တဲ့ အကြောင်းစုံကို ပြန်ပြောလိုက်ပါတယ်။ Hurleyရဲ့ ပြောပြချက်အရ Melander တစ်ယောက် ဖလော်ရီဒါက Palm ကမ်းခြေမှာ ရှိနေကြောင်း Parker သိသွားပါတယ်။ တစ်ချိန်တည်းမှာပဲ Melanderဟာ Parker အသက်ရှင်နေသေးကြောင်းကို သိသွားတာကြောင့် ကြေးစားလူသတ်သမား တစ်ယောက် ဖြစ်သူ Krollကို ငှားပြီး Parkerကို သတ်ခိုင်းပါတယ်။ ဒါကြောင့်လည်း Krollဟာ Hurleyရဲ့ သမီးနဲ့ Parkerရဲ့ ရည်းစားဖြစ်သူ Claireတို့ နှစ်ယောက်ကို ရန်ရှာခဲ့ပေမယ့် အသက်ဘေးကတော့ သီသီလေး လွတ်မြောက်ခဲ့ကြပါတယ်။ အဲဒါဟာ Melanderရဲ့ လုပ်ရပ်ဆိုတာကို Parker သိလိုက်ပြီးချိန်မှာတော့ Melandarကို လက်စားချေဖို့အတွက် ဆုံးဖြတ်လိုက်ပါတော့တယ်။

Leslie Rogersဟာ အောင်မြင်မှု မရတဲ့ ဂန်ထမ်းတစ်ယောက်ဖြစ်ပြီး မိခင်ဖြစ်သူနှင့်အတူ နေထိုင်သူတစ်ဦးပါ။ ဒါပေမယ့် Leslieဟာ အိမ်ယာမြေကိစ္စ တစ်ခုကြောင့် Parkerနဲ့ တွေ့ဆုံပြီး နောက်ပိုင်း Parkerကို စိတ်ဝင်စားသွားပါတော့တယ်။ Parkerဟာ Palmကို ရောက်ရှိပြီး Parmitt အမည်နဲ့ အယောင်ဆောင် နေထိုင်သလို Melandarကလည်း Rodrigoအမည်နဲ့ နေထိုင်ခဲ့ပါတယ်။ တစ်နေ့မှာတော့ Leslieဟာ Parker လိမ်ထားတဲ့အကြောင်း သိသွားခဲ့ပေမယ့် Parkerက ရှင်းပြခဲ့တာကြောင့် Parkerကို နားလည်သွားခဲ့ပြီး၊ Parkerရဲ့ အစီအစဉ်ကိုပါ ကူညီဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ Melandarကလည်း ဒေါ်လာ သန်း ၅၀ တန်ဖိုးရှိတဲ့ ကျောက်မျက်ရတနာတွေကို သူ့အိမ်မှာ လျှို့ဝှက်ပြီး သိမ်းထားခဲ့ပါတယ်။ အဲဒီ နောက်မှာတော့ Melanderဟာ Parker တစ်ယောက် Palmကို ရောက်ရှိနေပြီဆိုတာ သိသွားတာကြောင့် Krollကို အကြောင်းကြားပြီး Parkerကို သတ်ခိုင်းပါတယ်။ Parkerနဲ့ Leslieတို့ နှစ်ယောက်ကတော့ Melanderဆီက ကျောက်မျက်တွေကို ခိုးယူဖို့ အစီအစဉ်တွေ ဆွဲနေခဲ့ကြပါတယ်။

တစ်ရက်မှာတော့ Krollက Parkerကို သတ်ဖို့ ကြိုးစားလာပေမယ့် Parkerက ဒဏ်ရာသာ ရရှိခဲ့ပြီး၊ Krollကတော့ သေဆုံးသွားခဲ့ပါတယ်။ Leslieက လုပ်ငန်းခွင် သွားတဲ့အခါမှာ Kroll သေဆုံးသွားတဲ့ အကြောင်းကို သိရပြီး အိမ်ကို ပြန်လာခဲ့ပါတယ်။ အိမ်မှာတော့ Parkerဆီကို Claire ရောက်ရှိနေပြီး၊ သူတို့နှစ်ယောက်ကို အတူ မြင်လိုက်ရတဲ့အတွက် Leslie ကြေကွဲသွားပါတယ်။ ဒါပေမယ့် သူဟာ Parkerနဲ့ စီစဉ်ထားတဲ့အတိုင်း ရတနာတွေကို အထမြောက်အောင် ခိုးပြီး ပြန်လာခဲ့ပါတယ်။ ရတနာတွေ အခိုးခံလိုက်ရတာကြောင့် Melanderဟာ ယမ်းပုံမီးကျဖြစ်ပြီး၊ Parkerနဲ့ ဘယ်လို စာရင်းရှင်းမယ်၊ Parker, Leslieနဲ့ Claire တို့ရဲ့ သုံးပွင့်ဆိုင် ဇာတ်လမ်းကလည်း ဘယ်သူတွေ ဇာတ်ပေါင်း သွားကြမယ်ဆိုတာ Parker ဇာတ်လမ်းကို ဆက်လက် ကြည့်ရှုဖို့တော့ လိုပါလိမ့်မယ်။

ဒီဇာတ်လမ်းကို ဒါရိုက်တာTaylor Hackfordက ရိုက်ကူးထားတာဖြစ်ပြီး၊ ဟောလီဝုဒ် နာမည်ကျော်များဖြစ်တဲ့ Jason Stathamနဲ့ Jennifer Lopezတို့က အဓိက သရုပ်ဆောင်ထားပါတယ်။ ကြာမြင့်ချိန် ၁၁၈ မိနစ်ရှိပြီး၊ အမေရိကန် အခြေပြု အက်ရှင်ဇာတ်ကားဖြစ်ကာ ဂင်ငွေအနေနဲ့ ဒေါ်လာ ၃၉.၄ သန်းတောင် ရရှိထားတဲ့ ဇာတ်ကားကောင်း တစ်ခု ဖြစ်ပါတယ်။

Ref: www.parker.com

# ဒီတစ်ပတ်တော့ ကမ္ဘာမှာ တန်ကြေး အမြင့်ဆုံးဆိုတဲ့ ကားတွေကို ပရိတ်သတ်တွေ သိရအောင် ဝေမျှ ပေးလိုက်ပါတယ်

1



Bugatti Veyron Super Sports ကတော့ ဒီနေ့ ကမ္ဘာ့ ကားလောကမှာ တန်ကြေး အကြီးဆုံးအဖြစ် ရပ်တည်နေပါတယ်။ သူ့ရဲ့ တန်ကြေးကတော့ ဒေါ်လာ ၂,၄၀၀,၀၀၀ ရှိပါတယ်။

2



ဒုတိယနေရာက Aston Martin One-77 ကတော့ မြန်နှုန်းမြင့် ကားကောင်းတစ်စီး ဖြစ်ပြီး တန်ကြေးက ၁,၈၅၀,၀၀၀ ဒေါ်လာ ရှိပါတယ်။ နောက်ထပ် ကားကောင်းတစ်စီးဖြစ်တဲ့ Pagani Zonda Cinque Roadsterကလည်း ပြိုင်ကားပုံစံ ဒီဇိုင်းနဲ့ ဖန်တီးထားပြီး တန်ကြေး ဒေါ်လာ ၁,၈၅၀,၀၀၀နဲ့ ဒုတိယနေရာမှာ ပူးတွဲ ရပ်တည်နေတာပါ။

3



တတိယကတော့ Lamborghini Revetonနဲ့ Koenigsegg Agera R ကားတွေဖြစ်ပြီး တန်ကြေးချင်း တူညီနေတာကြောင့် ပူးတွဲ ရပ်တည်နေကြတာပါ။ တန်ကြေးက ၁,၆၀၀,၀၀၀ ဒေါ်လာ တန်ပါတယ်။

4



Maybach Landauletက အမိုးဖွင့် ဇိမ်ခံကားကလေးဖြစ်ပြီး တန်ကြေးအနေနဲ့ ဒေါ်လာ ၁,၃၈၀,၀၀၀ တန်ပါတယ်။

5



Zenvo ST1 ကတော့ Speedနဲ့ Styleကို ဘယ်ကားနဲ့မဆို ယှဉ်ပြိုင်နိုင်တယ်လို့ ကြေညာထားပြီး တန်ကြေးက ၁,၂၂၅,၀၀၀ ဒေါ်လာ ဖြစ်ပါတယ်။

6



Hennessey Venom GT Spyderကတော့ စက်ရုပ်ဆန်ဆန် ပြိုင်ကားတစ်စီးဖြစ်ပြီး ဒေါ်လာ ၁,၁၀၀,၀၀၀ တန်ပါတယ်။

7



McLaren F1ကတော့ သေးငယ် ပေါ့ပါးတဲ့ ကိုယ်ပိုင်ဟန်နဲ့ နှစ်ယောက်စီး ဇိမ်ခံကားတစ်စီးဖြစ်ပြီး တန်ကြေးက ဒေါ်လာ ၉၇၀,၀၀၀ ဖြစ်ပါတယ်။

8



ဈေးကွက်ဝင်ပြီး Super Carတွေထဲမှာ Ferrari Enzoက ဒီဇိုင်းပိုင်း အကောင်းဆုံးပါလို့ ဆိုကြပြီး တန်ကြေး အနေနဲ့ ၆၇၀,၀၀၀ ဒေါ်လာ ဖြစ်ပါတယ်။

9



Pagani Zonda C12 F ကတော့ အီတလီထုတ် ကားတစ်စီးဖြစ်ပြီး တန်ကြေး ၆၆၇,၃၂၁ ဒေါ်လာ ရှိပါတယ်။

10




SSC Ultimate Aeroကတော့ အမေရိကန်ထုတ် ကမ္ဘာ့တတိယ အမြန်ဆုံးကားဖြစ်ပြီး ဒေါ်လာ ၆၅၄,၄၀၀ ဖြစ်ပါတယ်။










## New Games



### Masters of the World

Genre - Political Simulation

Simulation ဂိမ်းသစ်ဖြစ်ပြီး နိုင်ငံမျိုးစုံရဲ့ ခေါင်းဆောင်တွေနေရာမှ ဝင်ရောက် ကစားရမည့် Political Sims ဂိမ်းသစ် ဖြစ်ပါတယ်။ World Map ပေါ်မှ တစ်ဆင့် နိုင်ငံပေါင်းစုံနှင့် မဟာမိတ်ဖွဲ့ခြင်း၊ တိုက်ခိုက်ခြင်းတို့ ဆောင်ရွက်နိုင်ပြီး Campaign Modeနှင့် Free Play Modeတို့ ပါဝင်ပါတယ်။

### The Walking Dead - Survival Instinct

Genre - FPS/Horror

Call of Duty Series Publisher Activisionမှ ထုတ်လုပ်လိုက်သည့် The Walking Dead: Survival Instinctဟာ FPSနှင့် Action Horror Gameplayတို့ ပေါင်းစပ်ထားတဲ့ ဂိမ်းအသစ် ဖြစ်ပါတယ်။ The Walking Dead TV Seriesကို မှီငြမ်းထားပြီး Series Storyline မတိုင်ခင် Prequel ဇာတ်လမ်း ဖြစ်ကာ Darylနှင့် Merle Dixon ဇာတ်ကောင်တို့ နေရာမှ ဝင်ရောက်ကစားပြီး ဖုတ်ကောင် Walkerများနှင့် ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။

### Dragon Ball Z Budokai

Genre - Versus Fighting

Dragon Ball Z ဇာတ်လမ်းရဲ့ Budokai Tournament ပြိုင်ပွဲတွေ နေရာမှာ ဝင်ရောက် ကစားရမည့် Fighting ဂိမ်းဖြစ်ပြီး Goku, Cellနှင့် Vegeta အစရှိတဲ့ ဇာတ်ကောင်တွေကို ရွေးချယ် ကစားနိုင်မှာပါ။ Versus ဂိမ်းဖြစ်ပြီး Split/ Screen Modeဖြင့် နှစ်ယောက် တစ်ပြိုင်တည်း ကစားနိုင်ပါတယ်။

### Resident Evil 6

Genre - Third Person Shooter

Resident Evil 6 PC Versionမှာ PS3, Xbox360 Versionတွင် မပါဝင်သည့် Features အသစ်နှင့် Characters အသစ်များစွာ ပါဝင်ကြောင်း သိရှိရပါတယ်။ Graphics ပိုမို ကောင်းမွန်မည် ဖြစ်ပြီး Mercenaries Mode အတွက် Missions အသစ် ၇ခု ပါဝင်မည်။ Left 4 Dead 2 ဂိမ်းထဲမှ ဇာတ်ကောင်များနှင့် ဖုတ်ကောင်များပါ Special Featuresအဖြစ် ပါဝင်လာမှာ ဖြစ်သလို Campaign လေးမျိုး ပါဝင်မှာဖြစ်ပြီး Multiplayer Mode များလည်း ပါဝင်ပါတယ်။

RECOMMENDED STORE: Game Hive Video Game Sales & Service, Contact: 09 7311 8550, 09 541 7272

# အိမ်ရာဖွံ့ဖြိုးရေး ဒေါ်လာတစ်ဘီလီယံကျော် ထုတ်ချေးမည်

TZO


Image Credit: sisgradresearchabroad.blogspot.com

ဗီယက်နမ်နိုင်ငံ၏ လူမှုဖူလုံရေးဆိုင်ရာ အိမ်ရာစီမံကိန်းများအတွက် နိုင်ငံတော်ဗဟိုဘဏ်က ချေးငွေဒေါ်လာ ၁ဒသမ ၄၂၈ ဘီလီယံ (ဗီယက်နမ်ဒေါင်ငွေ ၃၀ထရီလီယံ) ထုတ်ပေးရန် အဆိုပြုထားကြောင်း Viet Nam News သတင်းဌာန၏ ကိုးကားရေးသားချက်အရ သိရသည်။

ဗီယက်နမ် ဗဟိုဘဏ်၏ အစီအစဉ်တွင် ဝင်ငွေနိမ့်ကျသူ အိမ်ငှားများနှင့် အိမ်ဝင်မည့်သူများအပါအဝင် လူမှုအိမ်ရာ စီမံကိန်းကြီးများတွင် ရင်းနှီးမြှုပ်နှံမည့်သူများကို အတိုးနှုန်း ၆ရာခိုင်နှုန်းဖြင့် သုံးနှစ်တာ ငွေချေးသွားမည်ဖြစ်သည်။ လူမှုရေး အဆောက်အဦများ (သို့မဟုတ်) စတုရန်းမီတာ ၇၀ထက် သေးငယ်သော အိမ်များ (၇၁၅ ဒေါ်လာ၊ ဒေါင်ငွေ ၁၅သန်းအောက်) ပါဝင်သည့် အိမ်ရာစီမံကိန်းကြီးများတွင် ရင်းနှီးမြှုပ်နှံသူများကို အဆိုပါ ချေးငွေများ ထောက်ပံ့ပေးသွားမည် ဖြစ်သည်။

ယင်းချေးငွေ ရရှိနိုင်မည့် သူများတွင် အစိုးရဝန်ထမ်းများ စစ်ဘက်အမှုထမ်းများ၊ ဝင်ငွေနည်းသူများနှင့် စီမံကိန်း၌ ရင်းနှီးမြှုပ်နှံသူများ အဓိက ပါဝင်သည်။ အတိုးနှုန်း ၆ရာခိုင်နှုန်း ဖြစ်ပြီး၊ ယေဘုယျအားဖြင့် သုံးနှစ်အတွင်း ပြန်ဆပ်ရန် စီစဉ်ထားကြောင်း၊ သို့သော် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအတွက် အရှည်ကြာဆုံး ကာလမှာ ၁၀နှစ်ဖြစ်ပြီး လုပ်ငန်းများအတွက် ၁နှစ် သတ်မှတ်ထားကြောင်း Vietnan Newsက ဆိုပါသည်။

ဗဟိုဘဏ် ဒုတိယညွှန်ကြားရေးမှူး Nguyen Viet Marhက SaiGon သတင်းစာသို့ ပြောကြားရာတွင် ဤအစီအစဉ်သည် အိမ်၊ ခြံ၊ မြေ ဈေးကွက်အပေါ် ယုံကြည်စိတ်ချမှုများ ဖြစ်ပေါ်လာစေရန်နှင့် ပြည်သူများ အနေဖြင့် အိမ်ရာဝယ်ယူနိုင်ရန်အတွက် အားပေးအားမြှောက်ပြုရာ ရောက်ကြောင်း ပြောကြားပါသည်။ ဗီယက်နမ် အစိုးရအနေဖြင့် ဝယ်ယူသူရော ရောင်းချမည့်သူကိုပါ ထောက်ပံ့ပေးသွားရန် စီစဉ်ထားခြင်း ဖြစ်သောကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအား အဆမတန် မြင့်တက်လာမှုမျိုး မရှိနိုင်ကြောင်း သိရသည်။

သို့ရာတွင် ဗီယက်နမ်မှ ဝင်ငွေနိမ့်ပါးသူများသည် စပေါ်ငွေပေးရန် အတွက်ပင် ငွေကြေး လုံလောက်စွာ မရှိကြကြောင်း၊ သို့အတွက်ကြောင့် ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းများသာ အမြတ်ထွက်နိုင်ကြောင်း စီးပွားရေးကျွမ်းကျင်သူများက သုံးသပ်ပြောကြားကြပါသည်။

# ပညာရေးအသုံးစရိတ် ကျပ်သန်းပေါင်း နှစ်သိန်းကျော် လာမည့် ဘဏ္ဍာနှစ်တွင် သုံးစွဲမည်


Image Credit: www.mwdmedia.net

ပြည်ထောင်စု အစိုးရ၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းကို ၂၀၁၃ခုနှစ် အမျိုးသားစီမံကိန်းနှင့် လျော်ညီစေရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ပြန်လည်ရေးဆွဲရာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ပညာရေး အသုံးစရိတ်ကို ကျပ် ၂၂၂,၅၃၃ ဒသမ ၉၉သန်းအထိ တိုးမြှင့်သုံးစွဲမည်ဟု ပြည်ထောင်စု ဝန်ကြီးဦးဝင်းရှိန်က ပြည်ထောင်စု လွှတ်တော်တွင် ပြောကြားကြောင်း သိရသည်။

ယမန်နှစ် ပညာရေး အသုံးစရိတ်ကို ပြည်ထောင်စု အစိုးရ၏ အသုံးစရိတ်မှ ၂ရာခိုင်နှုန်း သုံးစွဲခဲ့ပြီး ယခုနှစ်တွင် ၄ရာခိုင်နှုန်းအထိ သုံးစွဲသွားမည် ဖြစ်ကြောင်း၊ ၎င်းက ပြောကြားသည်။ လွှစွမ်းအား အရင်းအမြစ်တွင် ပိုမို သုံးစွဲနိုင်စေရန်အတွက် မူလတင်ထားသော အသုံးစရိတ်များတွင် အခြေခံပညာဦးစီးဌာန ၅၂ရုံးနှင့် တိုင်းပညာရေးမှူးရုံး တစ်ရုံးဆောက်လုပ်ရန် ကုန်ကျမည့် ကျပ် ၈၅၃၂ကို ထက်ဝက်လျှော့ချပြီး ကျပ် ၄၆၆၄သန်းသာ သုံးစွဲရန် လွှတ်တော်က ပြင်ဆင်အတည်ပြုလိုက်ပြီး ဆောက်လုပ်ရေးအတွက် ကုန်ကျစရိတ်ကို ထက်ဝက်လျှော့ချနိုင်ခဲ့သဖြင့် ပိုလာသော ငွေကျပ် သန်းပေါင်း ၄၁၀၈သန်းကို ဥပမိရုပ်ချို့ယွင်းသော ကျောင်းပေါင်း ၁၉၄ကျောင်းအား ပြင်ဆင်ရေးအတွက် အသုံးပြုရေး အဆိုကို ထောက်ခံမဲ ၅၅၂မဲ၊ ကြားနေမဲ ၂မဲဖြင့် ပြည်ထောင်စု လွှတ်တော်က အတည်ပြုလိုက်ခြင်း ဖြစ်ကြောင်း သိရှိရသည်။

# နိုင်ငံခြား ကုမ္ပဏီများ ကျပ်ငွေဖြင့် မှတ်ပုံတင်ခွင့်ရရှိ



Image Credit: www.hughesmarino.com

နိုင်ငံခြား ကုမ္ပဏီများနှင့် လုပ်ငန်းဌာနခွဲများ မှတ်ပုံတင် အသစ်ပြုလုပ်ပါက ကျယ်ဆယ်သိန်း၊ သက်တမ်းတိုးပါက ကျပ်ငါးသိန်းကို မှတ်ပုံတင်ကြေး ပေးသွင်းရမည် ဖြစ်ကြောင်း၊ နိုင်ငံခြား ကုမ္ပဏီများ မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်းကို ယခင်က အမေရိကန် ဒေါ်လာဖြင့်သာ ခွင့်ပြုခဲ့ရာမှ မတ်လ ၂၁ရက်နေ့မှ စ၍ မြန်မာကျပ်ငွေဖြင့် ပေးသွင်းနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

အမေရိကန် ဒေါ်လာဖြင့် ပေးသွင်းခွင့်ပြုစဉ်က နိုင်ငံခြားကုမ္ပဏီများ မှတ်ပုံတင်အသစ်ပြုလုပ်လျှင် ဒေါ်လာ ၂၅၀၀ပေးသွင်းရပြီး သက်တမ်းတိုးပါက ဒေါ်လာ ၅၀၀ ပေးသွင်းရကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနမှ အကြီးတန်းအရာရှိတစ်ဦး ပြောကြားချက်အရ သိရသည်။ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနသည် ကုမ္ပဏီများ မှတ်ပုံတင်ရာတွင် အဆင်ပြေစေရန် ဖြေလျှော့မှုများကို တောက်လျှောက်ပြုလုပ်ပေးလျက်ရှိရာ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းကလည်း ပြည်တွင်းကုမ္ပဏီများ၏ မှတ်ပုံတင် သက်တမ်းကို ယခင်က သုံးနှစ်သာ ပေးရာမှ ငါးနှစ်အထိ ထပ်မံ ခွင့်ပြုခဲ့ကြောင်း ၎င်းဝန်ကြီးဌာနမှ ကြေညာခဲ့ပါသည်။

# သောက်သုံးရေ မသန့်ရှင်းမှုကြောင့် တစ်ရက်လျှင် ကလေးငယ် ၁၅ဦးခန့် သေဆုံးနေ

TZO


Image Credit: www.hispanicallyspeakingnews.com

မြန်မာနိုင်ငံတွင် သောက်သုံးရေရှိ အရင်းအမြစ်များ တဖြည်းဖြည်း လျော့နည်းလာပြီး ရေရှားပါး ပြတ်လတ်ခြင်းများ၊ ဖြစ်ပေါ်လာခြင်းကြောင့် သန့်ရှင်းသော သောက်သုံးရေ ရရှိရေး အခွင့်အလမ်း နည်းပါးလာကြောင်း၊ သောက်သုံးရေ မသန့်ရှင်းမှုကြောင့် တစ်ရက်လျှင် အသက်ငါးနှစ်အောက် ကလေးငယ် ၁၅ဦးခန့် ပုံမှန်သေဆုံးနေကြောင်း UNICEF (Myanmar)မှ ရေပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ဌာနမှူး Mr.Dara Johnstorက ပြောကြားကြောင်း သိရသည်။

ထိုကဲ့သို့ သောက်သုံးရေ မသန့်ရှင်းမှုကြောင့် ကလေးများတွင် တိုက်ဖွိုက်ခေါ် အူရောင်ငန်းဖျားရောဂါ၊ ကာလဝမ်းရောဂါ၊ အသည်းရောင် အသားဝါရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် အထက်လှန်အောက်လျှော ရောဂါတို့ အဖြစ်များပြီး ကလေးငယ်များ အများဆုံး သေဆုံးခြင်းမှာလည်း သောက်သုံးရေ မသန့်ရှင်းမှုနှင့် ဆက်နွှယ်၍ ဖြစ်ပွားရသော ရောဂါများ ကြောင့်သာ ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ထုတ်ပြန်ထားပြီး အများအားဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် တစ်နှစ်လျှင် လူဦးရေ ငါးသန်းခန့် ရုတ်တရက် သေဆုံးနေကြောင်း ပြည်သူ့ကျန်းမာရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနေစိုးမောင်၏ ပြောကြားချက်အရ သိရှိရသည်။

# ခရီးသွားလုပ်ငန်း တစ်ခု စတင်တော့မယ်ဆိုရင် ဘာတွေသိထားသင့်သလဲ

မြန်မာနိုင်ငံသည် တိုးတက်ပြောင်းလဲသည့်အလျောက် နိုင်ငံခြား ခရီးသွားများ များပန်းခတ် ဝင်ရောက် လာနေပြီ ဖြစ်တဲ့အတွက် စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်တဲ့ ခရီးသွားလုပ်ငန်းသည်လည်း အလွန်တရာ တိုးတက် အောင်မြင်လာမည့်အနေအထားတွင် ရောက်ရှိနေပြီ ဖြစ်ပါသည်။ လုပ်ငန်းတစ်ခုလုပ်တော့မယ်ဆိုရင် ဘာတွေ လုပ်ရမလဲ၊ အရင်ဆုံး ဘာတွေပြင်ဆင်ရမလဲဆိုတာ သိထားသင့်သည့်အတွက် သိမှတ်ထားသလောက် ပြန်လည် မျှဝေလိုက်ခြင်းပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံ ခရီးသွားလာရေးဥပဒေနှင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် ပါရှိသော စကားရပ် အဓိပ္ပာယ် ဖော်ပြချက်များအရ ခရီးလှည့်လည်ရေး လုပ်ငန်း (Tourist Enterprise)သည် ခရီးစဉ်ဆောင်ရွက်မှု လုပ်ငန်း (Tour Operator Business)ကို ဖြစ်စေ၊ ခရီးသွား ကိုယ်စားလှယ်လုပ်ငန်း (Travel Agency Business)ကို ဖြစ်စေ၊ ယင်းလုပ်ငန်းနှစ်ရပ်လုံးကို ဖြစ်စေ၊ ဆောင်ရွက်သော စီးပွားရေး လုပ်ငန်းတစ်ရပ်ပင် ဖြစ်ပါသည်။

ခရီးလှည့်လည်ရေး လုပ်ငန်းတစ်ရပ်သည် ဒေသတစ်ခုမှ တစ်ခုသို့ အလည်အပတ် ခရီးထွက်လိုသူများ အထူးသဖြင့် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များ (International Tourist) အတွက် ခရီးစဉ်များ စီစဉ်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း (Marketing and Sale) အပြင် ခရီးစဉ် ဂန်ဆောင်မှု (Tour Service) စီစဉ်ပေးခြင်းဟူသော လုပ်ငန်းများကြောင့် ကမ္ဘာ့ခရီးသွားလာရေး ဈေးကွက်တွင် အဓိက အရေးပါသည့် အခန်းကဏ္ဍက လုပ်ငန်းဦးဆောင် စီမံ ပေးသူများပင် ဖြစ်ပါသည်။ အလည်အပတ် ခရီးထွက်လို သူများသည် စားဝတ်နေရေး အခြေခံလိုအပ်ချက်များ (Basic Needs) များရယူပြီးနောက် ရရှိသည့် အားလုပ်သောအချိန် (Leisure Time) အရ လည်းကောင်း၊ ငွေကြေးသုံးစွဲနိုင်မှု (Disposable Income) ပမာဏအရ လည်းကောင်း၊ ခရီးစဉ်ဒေသ (Destination) အလိုက် ခရီးစဉ်ဂန်ဆောင်မှုများကို စိတ်ကြိုက် ရွေးချယ်ဝယ်ယူကြရပါသည်။ ဒါကြောင့် ခရီးလှည့်လုပ်ငန်းရှင်များသည် မိမိစီစဉ်ဆောင်ရွက်ပေးသည့် ခရီးစဉ်နှင့် ဂန်ဆောင်မှုများကို တွင်ကျယ်စွာ ရောင်းရနိုင်စေရန်အလို့ငှာ ဂန်ဆောင်မှု အရည်အသွေး (Quality of Service) အရ လည်းကောင်း၊ ခရီးစဉ် ရောင်းဈေးနှုန်းလို့ခေါ်တဲ့ Tour Price အရ လည်းကောင်း။ ခရီးသွားလာရေး ဈေးကွက် (Tourism Market) တို့တွင် လွတ်လပ်ပေါ့ပါးစွာ ယှဉ်ပြိုင်ရောင်းချခြင်းများ ပြုလုပ်ကြရပါမည်။

သို့ဖြစ်၍ လုပ်ငန်းသဘာဝအရ ခရီးစဉ်ဒေသချင်း လုပ်ငန်းအဖွဲ့အစည်းချင်း ယှဉ်ပြိုင်ကြရသည့် နိုင်ငံတကာ ဈေးကွက်တွင် မိမိစီစဉ်ထုတ်လုပ်သည့် ရောင်းကုန်ဂန်ဆောင်မှုများကို ထိရောက်တွင်ကျယ်စွာ ရောင်းရနိုင်စေရန် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်များကို သတိပြု လေ့လာ မှတ်သားလိုက်နာပြီး ယခုထက် ပိုမိုပြီး လုပ်ငန်းများကို စနစ်တကျ တိုးချဲ့လုပ်ဆောင်နိုင်ရန် အထူးပင် လိုအပ်လာပြီ ဖြစ်ပါသည်။ ကဲ ကြည့်ရအောင် ခရီးသွားလုပ်ငန်းတစ်ခုတွင် ဘယ်အခန်းကဏ္ဍတွေက အရေးကြီးသလဲဆိုတာ ဖော်ပြပါဦးမည်။

အရင်ဆုံးလုပ်ဆောင်ရမှာကတော့ ခရီးစဉ် ရေးဆွဲစီစဉ်မှု Tour Organization/ Tour Planningပဲ ဖြစ်ပါတော့တယ်။ ခရီးစဉ် ရေးဆွဲမှုတွင် ခရီးသွားလုပ်ငန်းရဲ့ အဓိက ရောင်းကုန်သည် ခရီးစဉ်ပင် ဖြစ်ပါသည်။ ဒီလို ရေးဆွဲရာတွင် မိမိနိုင်ငံ ဒေသများအတွင်း စိတ်ဝင်စားဖွယ် လှည့်လည် ပြသစရာများ နောက် ပို့ဆောင်ရေး အပြင် တည်းခိုနေထိုင်နိုင်ရေးအတွက်ပါ ကြိုတင်ပြင်ဆင်ထားရမည် ဖြစ်ပါသည်။ ဒီလို ပြုလုပ်ထားရုံနဲ့ မလုံလောက်သေးပဲ တစ်ဖက်တွင်လည်း နိုင်ငံတကာမှ မည်သည့်နိုင်ငံ၊ မည်သည့် လူမျိုးတို့မှ အလည်အပတ် သွားရောက်လည်ပတ်မှု ခရီးသွားတို့ရဲ့ စိတ်ဝင်စားမှုတွေ လေ့လာလိုမှုတွေကို ဈေးကွက် စိစစ်လေ့လာမှုကိုပါ တစ်ပြိုင်တည်း လုပ်ဆောင်ရမည် ဖြစ်ပါသည်။ ဒ့ါအပြင် မိမိနိုင်ငံရဲ့ ဘယ်နေရာ ဘယ်ဒေသက လူအများ စိတ်ဝင်စားမှုရှိသလဲဆိုတာပါ တစ်လက်စတည်း လေ့လာမှတ်သား ကုန်ကျစရိတ်တွေပါ တွက်ချက်ထားရပေလိမ့်မည်။ နောက်အရေးကြီးသော အချက်ကတော့ ပို့ဆောင်ရေးနှင့် တည်းခိုနေထိုင်ရေး ကဏ္ဍ နှစ်ရပ်ကိုလည်း လစ်လျူရှုလို့ မရပြန်ပါဘူး။ ပို့ဆောင်ရေး ဆိုရာမှာကလည်း လေယာဉ်၊ ရေယာဉ်၊ မီးရထား၊ မော်တော်ကား ဟူသော ခရီးလမ်းအလိုက် မိမိဧည့်သည်များ အဆင်ပြေချောမွေ့ လွယ်ကူစွာ သွားလာနိုင်ရန် စီစဉ်ထားရှိရမည် ဖြစ်ပါသည်။ နောက် ဟိုတယ်များ၊ မိုတယ်များ၊ တည်းခိုခန်းများကိုလည်း ဈေးနှုန်းအလိုက် နေ့ရက်များ ကြိုတင်ဘိုကင်လုပ်ထားနိုင်ရန်အတွက် လေ့လာမှု ပြုထားရပါဦးမည်။

ထို့အပြင် သွားရောက်လည်ပတ်မည့် ခရီးစဉ်များအတွက် စိတ်ဝင်စားဖွယ် အများသွားရောက်သည့် နေရာများ၊ ယင်းနေရာများမှာ ဖြေဖျော်မှုအစီအစဉ်များ ရှိ မရှိ လေ့လာထားရမည့်အပြင် ဈေးဝယ်မှု အခွင့်အလမ်းများကိုလည်း ခရီးစဉ်များအတွင်း အချိန်ကိုက် သွားလာနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

နောက်ပြုလုပ်ရမည့် အစီအစဉ်ကတော့ ဖြန့်ဖြူးရောင်းချခြင်းပင် ဖြစ်ပါသည်။ မိမိ ရောင်းကုန်ခရီးစဉ်ကို ဈေးကွက်တွင် အများနှင့်ယှဉ်ပြိုင် ထိုးဖောက်ပြီး သာလွန်ကောင်းမွန်သော မဟာဗျူဟာများ ချမှတ်ထားဖို့ အလွန် အရေးကြီးလှပါသည်။ ပထမဆုံး စဉ်းစားလုပ်ဆောင်ရမှာက အစီအစဉ် ရေးဆွဲထားသည့် ခရီးစဉ်အလိုက် သင့်တင့်သော ဈေးနှုန်း သတ်မှတ်ခြင်းပင် ဖြစ်ပါသည်။ အဓိက ဦးတည်ရမှာက နိုင်ငံတကာ ဈေးကွက်မှ ဈေးကွက်ဝေစု ပိုမို သာလွန်ကောင်းမွန်စေရန် ဖြစ်ပါသည်။ ခရီးစဉ် ဖြန့်ဖြူးရောင်းချရာတွင် ရောင်းချရေး အထောက်အကူများ ထုတ်လုပ်ခြင်း၊ ကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်းများကို ထိုက်သင့်သလို လုပ်ဆောင်ရမည် ဖြစ်ပါသည်။ နောက် လက်ကမ်းကြေငြာတွေ၊ စာအုပ်ငယ်များ အပြင် အရောင်း ကက်တလောက် ခရီးစဉ်များကိုလည်း စနစ်တကျ ထုတ်လုပ် ဖြန့်ဖြူးပေးရန် ဖြစ်ပါသည်။ ထို့ပြင် ခရီးသွားလာရေး လုပ်ငန်းအတွက် ကိုယ်စားလှယ်ခံ၍ ခရီးစဉ် စီစဉ်ရောင်းချပေးခြင်း၊ ဒေသဆိုင်ရာ ခရီးစဉ်ဂန်ဆောင်မှုများကို စီစဉ်ဆောင်ရွက်ပေးခြင်း၊ ခရီးသွားလာရေး ဂန်ဆောင်မှုများကို ပြုလုပ်ဆောင်ရွက်ခြင်းအတွက် နိုင်ငံတကာ ကျင့်သုံးမှုအရ ကော်မရှင်ပေးခြင်း၊ ကော်မရှင် ရယူခြင်းများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်း များဆိုင်ရာနဲ့ အရင်ဆုံး ညှိနှိုင်းသဘောတူထားရမည် ဖြစ်ပါသည်။

နောက်အရေးကြီးသော အချက်ကတော့ ခရီးစဉ် ဂန်ဆောင်မှုများကို စီစဉ် ဆောင်ရွက်ပေးခြင်းပင် ဖြစ်ပါသည်။ ရောင်းချသည့် ခရီးစဉ်များအတွက် ဧည့်လမ်းညွှန် တစ်ဦးဦးအား တာဝန်ချထားပေးပြီး အောက် ဖော်ပြပါ ဂန်ဆောင်မှုများ လုပ်ဆောင်ရမည် ဖြစ်ပါသည်။

၁။ နေရာဒေသတစ်ခုမှ တစ်ခုသို့ ပို့ဆောင်ပေးခြင်း။

၂။ ရောက်ရှိလာသည့် ဧည့်သည်များအား တွေ့ဆုံကြိုဆိုခြင်း။

၃။ တည်းခိုရာသို့ ကြိုဆို ပို့ဆောင်ပေးခြင်း။

၄။ တည်းခိုမည့်နေရာ၌ နေရာ ချထားပေးခြင်း။

၅။ အစားအစာ စီစဉ်ကျွေးမွေးခြင်း။

၆။ လှည့်လည်ပြသခြင်း။

၇။ ဖျော်ဖြေရေး အစီအစဉ်များ စီစဉ်ထားရှိပေးခြင်း။

၈။ တည်းခိုသည့်နေရာမှ ပြန်လည် ထွက်ခွာမှုအတွက် စီစဉ် ဆောင်ရွက်ပေးခြင်း။

၉။ ဒေသမှ ပြန်လည်ထွက်ခွာရန် သက်ဆိုင်ရာ လေဆိပ်/သင်္ဘောဆိပ်/ ဘူတာသို့ ပို့ဆောင်ပေးခြင်းတို့ပင် ဖြစ်ပါသည်။

ထိုသို့ ခရီးစဉ် ဂန်ဆောင်မှု များအတွက် လိုအပ်သည့် ခရီးသွား လက်မှတ် အချိန်မီရယူခြင်း၊ တည်းခိုမည့် နေရာအတွက် ကြိုတင် ပြုလုပ်ပေးခြင်း၊ အစားအစာနှင့် ဖျော်ဖြေရေး အစီအစဉ်များအတွက် စီစဉ်ပေးခြင်းများ အပြင် ဧည့်လမ်းညွှန်နှင့် မော်တော်ယာဉ် တာဝန်ချထားခြင်း၊ ဂန်ဆောင်မှု အစီအစဉ်များ ပြုလုပ်ထားရှိခြင်း စသည့်လုပ်ငန်းများကို စနစ်တကျ ကြိုတင်ပြုလုပ်ရန် လိုအပ်ပါသည်။

ခရီးစဉ်ရေးဆွဲစီစဉ်မှုနှင့် ဖြန့်ဖြူး ရောင်းချခြင်းတို့အတွက် စနစ်တကျနှင့် ထိထိရောက်ရောက် လုပ်ဆောင်ရန်အတွက် ဈေးကွက် လေ့လာမှုဆိုင်ရာ စာရင်း အင်းများကို ဦးစွာပထမ ပြုစုထိန်းသိမ်းထားရမည် ဖြစ်ပါသည်။ နိုင်ငံတကာ ဈေးကွက် အနေအထားတွေ နောက် မိမိနိုင်ငံနှင့် ပတ်သက်နွယ်နေသော အိမ်နီးချင်း နိုင်ငံတွေရဲ့ ဈေးကွက်အခြေအနေတွေကို လေ့လာ သုံးသပ်ထားမှသာ မိမိ ဈေးကွက်သည် ထိုးဖောက်နိုင်မှု များပြီး တိုးတက်အောင်မြင်သော လုပ်ငန်းတစ်ခုပင် ဖြစ်လာမည် ဖြစ်ပါသည်။ အဓိက အရေးကြီးသည့်အပိုင်း ပါဝင်နေသည် ကတော့ ငွေစာရင်းထိန်းသိမ်းမှုပင်ဖြစ်ပါသည်။ လုပ်ငန်းတစ်ခု၏ ဝင်ငွေနှင့် ထွက်ငွေများကို တိကျမှန်ကန်စွာ ပြုလုပ်ထားမှသာ အရှုံးအမြတ်များကို တိုင်းတာမှုတစ်ခု အနေဖြင့် လုပ်ငန်းကို ရှေ့ဆက် လုပ်ဆောင်နိုင်မည် ဖြစ်ပါကြောင်း ပြောကြားရင်းဖြင့် ပွင့်လင်းရာသီ ရောက်လာသည် ဖြစ်သည့် အတွက် အောင်မြင်သော ခရီးသွား လုပ်ငန်းရှင်များ နိုင်ငံတော်အတွက် ပိုမို အကျိုးဖြစ်ထွန်းလာမည်သာ ဖြစ်ပါသည်။ မြန်မာနိုင်ငံကြီး တိုးတက်လာပြီး ခရီးသွားလုပ်ငန်းများ ပိုမိုအောင်မြင်တိုးတက်စေရန် ရည်ရွယ်၍ သိမှတ် လေ့လာထားသမျှကို ပြန်လည်ရေးသား မျှဝေလိုက်ရခြင်းပင် ဖြစ်ပါတော့သည်။

# အင်ဒိုနီးရှား ဘိလပ်မြေထုတ် ကုမ္ပဏီ မြန်မာနိုင်ငံတွင် ဘိလပ်မြေစက်ရုံ တည်ဆောက်သွားမည်



Image Credit: www.newsaroundindonesia.com

အင်ဒိုနီးရှားနိုင်ငံ၏ အကြီးဆုံး ဘိလပ်မြေထုတ် ကုမ္ပဏီကြီးဖြစ်သော PT Semen Indonesia Tbkသည် မြန်မာနိုင်ငံတွင် ဘိလပ်မြေစက်ရုံ တစ်ခုကို ၂၀၁၄ ခုနှစ်အတွင်း စတင် တည်ဆောက်သွားမည်ပြီး အဆိုပါ စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း Jakarta Post သတင်းစာကို ပြောကြားခဲ့ပါသည်။ စီမံကိန်းနှင့် ပတ်သက်သော လေ့လာစူးစမ်းချက်များအား ဒီနှစ်ကုန်ပိုင်းမှ စတင်၍ ဆောင်ရွက် သွားမည်ဟု သိရပြီး မည်သည့်နေရာတွင် တည်ဆောက် လုပ်ကိုင်သွားမည်ကိုတော့ မသိရသေးပါ။ "စက်ရုံ တည်ဆောက်မှုအတွက် ဒေါ်လာ သန်း ၇၀လောက် ရင်းနှီးမြှုပ်နှံသွားမှာပါ၊ ဒါကလည်း ဖက်စပ်လုပ်ကိုင်တဲ့ အစီအစဉ်ကို ၄၀ ရာခိုင်နှုန်းလောက် သေချာစေမှာပါ"ဟု Semenမှ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ Dwi Soetjiptoမှ ပြောပါသည်။ စီမံကိန်း လည်ပတ်ပြီး နောက်ပိုင်း တစ်နှစ်လျှင် ဘိလပ်မြေ တန်ချိန် တစ်သန်းခန့် ထုတ်လုပ်သွားရန် မျှော်မှန်းထားကြောင်း သိရပါသည်။ စက်ရုံတည်ဆောက်မှု လုပ်ငန်းများအား ၂၀၁၇ခုနှစ်အတွင်း အပြီး တည်ဆောက်သွားရန် မျှော်မှန်းထားပြီး စတင်လည်ပတ် သွားနိုင်ရန် မျှော်မှန်းထားကြောင်း သိရပါသည်။ ထုတ်လုပ်ရရှိလာသော ဘိလပ်မြေများအား မြန်မာနိုင်ငံတွင်း ဈေးကွက်နှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ အဓိက တင်ပို့ရောင်းချ သွားမည်ဖြစ်ကြောင်း သိရပါသည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 13
MYANMAR ICT JOURNAL

MYANMAR JOB SEARCH
ဤကဏ္ဍတွင် အခမဲ့ ကြော်ငြာလိုပါက www.myanmarjobsearch.com
တွင် အချက်အလက်များကို ဝင်ရောက် ဖြည့်စွက်နိုင်သည်။

## အလုပ်ရှာဖွေနေသူများ (Job Seeker)

### Management, Executive

| | |
|---|---|
| NAME | San Lwin |
| SEEKING | Manager |
| AGE | 36 |
| Contact | 940002892 |
| NAME | Zin Mar Thein |
| SEEKING | Purchasing Manager |
| AGE | 26 |
| Contact | 4294967295 |
| NAME | U Saw Naing Win |
| SEEKING | Phone Hardware & Software |
| AGE | 25 |
| Contact | 73247096 |
| NAME | Sai Won Latt |
| SEEKING | Manager, Advisor, Human Management |
| AGE | 28 |
| Contact | 4294967295 |

### Web Site Development

| | |
|---|---|
| NAME | Kaung Khant Kyaw |
| SEEKING | Web Designer |
| AGE | 20 |
| Contact | 4294967295 |
| NAME | May Thu Aung |
| SEEKING | Web Developer, Web Design |
| AGE | 19 |
| Contact | 95142775 |

### Engineering

| | |
|---|---|
| NAME | Thura Aung |
| SEEKING | Electrical Engineer |
| AGE | 22 |
| Contact | 09-492-35687 |
| NAME | ယုမွန်ထက် |
| SEEKING | Engineering |
| AGE | 22 |
| Contact | 09-425-297-053 |
| NAME | Toe Tet Aung |
| SEEKING | Engineering job |
| AGE | 22 |
| Contact | 09-431-79323 |

### Other

| | |
|---|---|
| NAME | Aye Aye Mon |
| SEEKING | Chemical Engineer |
| AGE | 44 |
| Contact | 831168929 |
| NAME | San Lwin |
| SEEKING | Manager/ Officer/ Program Coordinator |
| AGE | 36 |
| Contact | 400028928 |
| NAME | Kyaw Kyaw |
| SEEKING | Chinese Translator |
| AGE | 31 |
| Contact | 4294967295 |
| NAME | Mya Hnin Yee |
| SEEKING | Quality Assurance / Quality Control/ Laboratory |
| AGE | 28 |
| Contact | 973221883 |

### Computer/ ICT/ Electronics

| | |
|---|---|
| NAME | Phu Pwint Zaw |
| SEEKING | IT |
| AGE | 23 |
| Contact | 09-450-014-443 |
| NAME | Lu Lu Aung |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 91005209 |
| NAME | Hlaing Minn Paing |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 09-432-06636 |
| NAME | Tin Htun Aung |
| SEEKING | IT Manager |
| AGE | 35 |
| Contact | 505266 |
| NAME | Pyi Phyo Han |
| SEEKING | Network Engineer |
| AGE | 27 |
| Contact | 450020858 |

### Education and Training

| | |
|---|---|
| NAME | Hlaing Minn Paing |
| SEEKING | Network Engineer |
| AGE | 24 |
| Contact | 943206636 |

### Accounting

| | |
|---|---|
| NAME | Khin Mu Lwin Kyaw |
| SEEKING | Accounting |
| AGE | 27 |
| Contact | 420071210 |
| NAME | Nway Nway |
| SEEKING | Administration staff/ Accounting and Office staff |
| AGE | 27 |
| Contact | 240702 |
| NAME | Su Myat Mon |
| SEEKING | Accounting |
| AGE | 26 |
| Contact | 420102147 |
| NAME | Chit Chit Po |
| SEEKING | Admin |
| AGE | 21 |
| Contact | 940153118 |
| NAME | Saw Myat Htwe |
| SEEKING | Accountant |
| AGE | 39 |
| Contact | 92391946 |

### Banking and Financial Services

| | |
|---|---|
| NAME | May Phyu Hnin |
| SEEKING | Any (Suitable) |
| AGE | 23 |
| Contact | 4294967295 |
| NAME | Kaung Htet |
| SEEKING | Junior Assistant |
| AGE | 20 |
| Contact | 973148391 |

### Sales and Marketing

| | |
|---|---|
| NAME | K Htet |
| SEEKING | General Manager |
| AGE | 29 |
| Contact | 943051496 |
| NAME | Shwe San Myay |
| SEEKING | Executive and Manager |
| AGE | 35 |
| Contact | 947224440 |

### Design

| | |
|---|---|
| NAME | Phyo Htet Aung |
| SEEKING | Layout or Graphic Design |
| AGE | 28 |
| Contact | 73650459 |

## အလုပ်ရှင်များ၏ ခေါ်စာများ (Vacant Position)

### KBZ Bank Ltd.

| | | |
|---|---|---|
| VACANT | Junior Helpdesk Technician | 4 |
| PHONE | (+951) 532405 | |
| ADDRESS | KBZ Bank Building, Junction Square Compound, Kyuntaw Street, Sanchaung Tsp. | |

### EduPro Solutions Co., Ltd.

| | | |
|---|---|---|
| VACANT | Sales & Marketing Associate | 2 |
| PHONE | 01-512856 | |
| ADDRESS | 18, U Tun Linn Chan Street, Thabyenyo 1, #2C/ D, Yangon. | |

### Smart Logistics Myanmar Co., Ltd

| | | |
|---|---|---|
| VACANT | Operation Executive | 2 |
| PHONE | (951) 245447 | |
| ADDRESS | Bo Soon Pat Tower, Corner of Merchant and Bo Soon Pat Street, Pabaedan Township. | |

### EQHO Communications

| | | |
|---|---|---|
| VACANT | Burmese Translators | - |
| PHONE | (+66(0))2 637 8060, Fax. +66(0) 2 637 8422 | |
| ADDRESS | Chartered Square, 152 North Sathorn Road, Bangkok 10500 Thailand | |

### DPS (Design Printing Service)

| | | |
|---|---|---|
| VACANT | Graphic Designer | 5 |
| PHONE | (95-1)204020, 204200 | |
| ADDRESS | N0. 165, 1st Floor, 35th Street, ( Middle Block), Kyauktada Township, Yangon. | |

### Myanmar DYC Co.,Ltd

| | | |
|---|---|---|
| VACANT | Korea Interpreter | 3 |
| | Exporter & Importer (Trading) | 3 |
| | Electrical Technician | 3 |
| PHONE | 09-43166071 | |
| ADDRESS | Plot No. C-5 & C-6Mingaladon Industrial Park, Mingaladon Township, Yangon. | |

### LinkUPCRM Private Ltd

| | | |
|---|---|---|
| VACANT | Senior Software Developer (Web Application) | 3 |
| PHONE | 01-523460 | |
| ADDRESS | 26(A).Mingalar st, Hledan, Kamaryut Township, Yangon. | |

### Amd

| | | |
|---|---|---|
| VACANT | Office Secretary | 1 |
| | Asst. Executive Secretary | 5 |
| | Driver | 3 |
| | Supervisor - Technician | 2 |
| PHONE | (01) 218437, 218438, 09-73176248, 09-73112672 | |
| ADDRESS | 39(B), Thazin Lane, Baho Road, Ahlone Township, Yangon. | |

### PARKROYAL Yangon

| | | |
|---|---|---|
| VACANT | Marketing and Communications Manager | 1 |
| PHONE | (951)250388 | |
| ADDRESS | 33, Alan Pya Phaya Road, Dagon Township, Yangon. | |

### Machinery and Solutions Co., Ltd

| | | |
|---|---|---|
| VACANT | Logistics Coordinator | 1 |
| PHONE | 01-667110 | |
| ADDRESS | 146-L/2, Shwe Hnin Si Street, Mayangone Township, Yangon. | |

သင် ရောင်း/ဝယ် လိုသော ပစ္စည်းများကို ဤစာမျက်နှာတွင် အခမဲ့ ဖော်ပြနိုင်ရန် classified@myanmarict.comသို့ email ပေးပို့လိုက်ပါ။

# FREE CLASSIFIEDS

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | Apple, Samsung, HTC, Nokia, Blackberry, Sony LG SKY, Huawei and All kind of Android Device |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPad, iPhone, iPad, Samsung Tablet and all kind of Tablet PSP External Hardisk |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-517-8391 |
| Condition | Used |
| Description | Laptop, Notebook, Netbook, Mackbook, Macbook Pro, Macbook Air |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPhone 3gs/ 4g/ 4s/ 5, Samsung S2, S3, Note, Note 2, HTC, Nokia, Sony, LG SKY, Huawei |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Apple Device iPod, iPhone, iPad Samsung Tablet all kind of Tablet Samsung Tablet PSP External HDD |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-730-481-06 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | Acer 4775 (Intel Core i5 Ram 4G, BH.D.D 750GB, Graphic nvidia 1GB, Green Colour) |
| Quantity | 1 |
| Price | K 400,000 |
| Condition | Used |
| Description | Acer Aspier 4740 (Intel Core i5 Ram 2GB, H.D.D 320GB Finger Print, Display 14", Blue Colour) |
| Quantity | 1 |
| Price | K 400,000 |
| Contact | 01-248-076 |
| Condition | Used |
| Description | iPad 4 32GB + 4G White |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPad Mini 64GB Black |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPad Mini 16GB Black |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPad 1 64GB + 3G |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Dell Inspiron N5110 (Intel Core i7 Ram 8GB, H.D.D 640GB Graphics 1GB, Display 15.6", Red Colour) |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-501-6694 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | iPhone 5/ 4S /4, iPad 4/3/2/ Mini |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPod 5/ 4, Macbook Pro, Macbook Air |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung Note 1/ 2 S2/ S3 & Any Laptop |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPhone 4S 64GB White |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPhone 4S 32GB Black |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPhone 4G 32GB Black |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Macbook Pro 15" (Intel Core, DuoRam : 2GB, H.D.D : 80GB ) |
| Quantity | 1 |
| Price | K 300,000 |
| Contact | 09-450-039-844 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။
အလဲထပ် လုပ်ပေးသည်။

| | |
|---|---|
| Condition | Used |
| Description | iPhone 2G/ 3G/ 3GS/ 4G/ 4S/ 5 |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | iPad 1/2/3/4/ Mini Wi-Fi Only & Wi-Fi +3G, iPod Touch 4G/ 5G |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung / SonyEricsson / HTC / Huawei / Nokia |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Desktop PC / All in one PC / Notebook / NetBook |
| Quantity | 1 |
| Price | K 400,000 |
| Condition | Used |
| Description | MacBook Pro / Mac Air / iMac / Mac Mini / Any Tablet PC |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-450-039-844 |
| Condition | Used |
| Description | iPhone 2G/ 3G/ 3GS/ 4G/ 4S/ 5 |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Desktop PC/ Notebook/ NetBook/ Used Mac Book Pro/ Mac Air/ iMac/ Mac Mini/ Any Tablet PC |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-730-521-97 |

အိုင်စီတီ ဂျာနယ်
Volume 2, Issue 13
MYANMAR ICT JOURNAL

# အင်တာနက်က မီးလိုပဲ၊ သုံးတတ်ရင် မိတ်ဆွေ မသုံးတတ်ရင် လူကို ဒုက္ခ ရောက်စေနိုင်တယ်လို့ ပြောတဲ့

# နိုနိုဧကေ









ဒေဂီ

မေး နိုနိုရဲ့ လတ်တလော အနုပညာ လှုပ်ရှားမှုလေးကို တစ်ချက်လောက် ပြောပြပေးပါ။

ဖြေ လတ်တလော တယောပွဲတွေ လက်ခံထားပါတယ်။ Tri Family Groupမှာ ဂျူးဂျူးကေနဲ့ တူတူပေါ့နော်။ နောက်ပြီး ကိုမြတ်သူအောင်ရဲ့ သီချင်းစီးရီးမှာ သရုပ်ဆောင်ထားပါတယ်။

မေး ညီမလေး လက်ရှိ သုံးနေတဲ့ အိုင်တီ ပစ္စည်းလေးတွေကရော။

ဖြေ ဖုန်းဆိုရင် Samsung Galaxy Note 1, Laptop ဆိုရင် Dell တံဆိပ်ပေါ့။ Cameraက Cannon, Mp3 ကတော့ Sony Erisson လောလောဆယ်တော့ အဲဒါတွေပါပဲ။

မေး အိုင်တီနဲ့ ပတ်သတ်ပြီး ညီမလေးရဲ့အမြင်ကရော။

ဖြေ အိုင်တီဆိုတာကတော့ အခုခေတ်မှာ အရမ်း ရေပန်းစားနေတာပေါ့နော်၊ အဲဒါက မီးလိုပဲ၊ သုံးတတ်ရင် မိတ်ဆွေဖြစ်နိုင်ပြီး မသုံးတတ်ရင် ဆိုးကျိုးတွေကို ဖြစ်စေတဲ့ ရန်သူဖြစ်သွားနိုင်ပါတယ်။

မေး ညီမလေးရဲ့ ပရိသတ်တွေကို ဘယ်လို Social Network နဲ့ ဆက်သွယ်လဲ။

ဖြေ သမီးရဲ့ Facebook နဲ့ပါ၊ သမီး Facebook Nameကတော့ nonoek ပါ၊ နောက် Viber, Tengoတွေနဲ့လည်း ဆက်သွယ်ပါတယ်။

မေး Facebookက ညီမလေးအတွက် ဘယ်လောက်ထိ အရေးပါတယ်လို့ ထင်လဲ။

ဖြေ အဲဒီမှာက သူငယ်ချင်းတွေ အများကြီး ရှိတယ်လေ၊ နောက်ပရိသတ်တွေက စောင့်ကြည့်ပြီး ဂေဖန်အားပေးတယ်ဆိုတော့ အတိုင်းအတာ တစ်ခုလောက်အထိ အရေးကြီးပါတယ်။

မေး အင်တာနက်သုံးရင် ဘာအကြောင်းတွေ အများဆုံးကြည့်ဖြစ်လဲ။

ဖြေ သူငယ်ချင်းတွေနဲ့ ပြောတယ်၊ ဒါမှမဟုတ် ဖက်ရှင်တွေ၊ ရှိုးပွဲတွေ ကြည့်ဖြစ်ပါတယ်။ Youtubeကို အများဆုံး ကြည့်ဖြစ်ပါတယ်၊ Googleကိုလည်း ကြည့်ဖြစ်ပါတယ်။

မေး အရင်တစ်ပတ်က Googleက ဥက္ကဋ္ဌကြီးလာသွားတဲ့အပေါ် ဘယ်လိုမြင်လဲ။

ဖြေ ကောင်းပါတယ်၊ ဒီလို နည်းပညာပိုင်းဆိုင်ရာ ပညာရှင်ကြီးက လာလည်ပတ်တာ မြန်မာနိုင်ငံသား တစ်ယောက်အနေနဲ့ ဂမ်းသာပါတယ်၊ ဒီမှာလည်း Googleကို သုံးနေကျတာ ဆိုတော့ Googleဟာ ကမ္ဘာနဲ့ ချိတ်ဆက်ပြီး မြန်မာနိုင်ငံသားတွေရဲ့ ဘဝကို ပိုကောင်းအောင် လုပ်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

မေး ဆော့ဖြစ်နေတဲ့ ဂိမ်းကရော။

ဖြေ ဘိုးလင်းဂိမ်းနဲ့ Angry Bird ဆော့ဖြစ်နေပါတယ်။

မေး စိတ်ညစ်စရာတွေ ကြုံလာတဲ့အခါ ဘယ်လိုဖြေရှင်းလဲ။

ဖြေ တယောတီးပြီး စိတ်ညစ်စရာတွေ ဖြေဖျောက်ပါတယ်။

မေး လတ်တလော အကြိုက်ဆုံး ဖက်ရှင်ပုံစံကရော။

ဖြေ ရောမဒီဇိုင်းတွေကို ကြိုက်နေတယ်၊ ဓာတ်ပုံရိုက်တဲ့အခါမှာလည်း နားကပ်တို့ ဆွဲကြိုးတို့ လုံးဝမတပ်တဲ့ Free Styleကို ကြိုက်နေတယ်။

မေး သင်္ကြန်အတွက် အစီအစဉ်ကရော။

ဖြေ အစီအစဉ် မချရသေးဘူး။ မိသားစု အပန်းဖြေ ခရီးထွက်ဖြစ်မလားဆိုတာ မသေချာသေးဘူး။

မေး ဘဝမှာ အရေးကြီးဆုံးက ဘာလို့ထင်လဲ။

ဖြေ ကျန်းမာရေး၊ အချိန်နဲ့ မိဘပါ။

မေး နိုနိုရဲ့ ပရိသတ်တွေအတွက် စကားလက်ဆောင်လေး ပြောပြပေးပါဦး။

ဖြေ ဒီ ICT ဂျာနယ်ကို ဖတ်ကြတဲ့ ပရိသတ်ကြီးတွေ နှစ်သစ်ကူးမှာ ကျန်းမာချမ်းသာကျပါစေ။ စီးပွားလာဘ်လာဘတွေ တိုးတက်ကျပါစေလို့၊ နိုနိုကိုလည်း ဂေဖန် အားပေးကြပါဦးလို့ ပြောချင်ပါတယ်။ နောက်ပြီး နိုနိုတို့ကို မြေတောင်မြှောက်ပေးတဲ့ စာနယ်ဇင်းဆရာတွေကိုလည်း ကျေးဇူးတင်ပါတယ်။

# ရသေ့သူတော်တိုင်မှ ဉာဏ်မခိုင် ရှာန်ယိုင်ပဲ လျှောရတယ်


TZO

ကိုဘအေးလည်း တစ်ပတ်နဲ့ တစ်ပတ် ဘာရေးရမယ် စဉ်းစားရတာ ဦးနှောက်ခြောက်လာပြီ။ ကလေးမလေး တွေကလည်း စာမူတောင်းနေပြီ။ ဒီနေ့ ဗုဒ္ဓဟူးနေ့ ရှိနေပြီဆိုတော့လည်း ကိုယ့်စာမူ အခြေအနေ အနည်းအများပေါ် ကြည့်ပြီး အထားအသို လုပ်ရမှာ မဟုတ်လား။ တစ်မျက်နှာ အပြည့်ဆိုရင်တော့ ကိစ္စမရှိဘူး။ တစ်မျက်နှာ ချန်ထားရုံပဲ။ တစ်မျက်နှာ မပြည့်ရင် ဘာဖြည့်ရမလဲ ဆိုတာ စဉ်းစားကြရဦးမှာလေ။

ကိုဘအေးလည်း နားလည်ပါတယ်။ အရင်တုန်းကတော့ ဒီစာလေးတစ်ပုဒ်ပဲ ရေးရတာဆိုတော့ အချိန်ရတယ်။ အချက်အလက်လေးတွေ စဉ်းစား ထားပြီးတော့ စာမူမပို့ခင် တစ်ရက်လောက် အလိုမှာ ထိုင်ရေးလိုက်ရင် ပြီးသွားတာပဲ။ အခုကျတော့ သတင်းလေးတွေလည်း ရှာရေးပေးရတာရယ်၊ ရိုက်ထားတဲ့ စာလေးတွေလည်း စစ်ပေးရတာ ရယ်ကြောင့် ကိုယ့်စာမူဘက်ကို အာရုံမစိုက်နိုင်ဘူး။ ဘာရေးမယ် ဆိုတာကိုတော့ တစ်ပတ်တစ်ပတ် ကြိုကြိုပြီး စဉ်းစားထားနိုင်မှ တော်ကာ ကျတာ။

တကယ်တော့ သင်္ကြန်အကြောင်းက ဒီတစ်ပတ်မှ ရေးရမှ။ ဂျာနယ်က ဧပြီလ ၁ရက်နေ့ ထွက်မှာဆိုတော့လေ။ ဒါပေမယ့် စာမူက လိုနေပြီ ဆိုတော့ စဉ်းစားလို့ ရတာလေ။ အားချင်းရေးပေးလိုက်ရတာ။ အားတော့ မရဘူး။ စိတ်ကူးထားတဲ့ အကြောင်းလေးတွေ တချို့၊ ရေးရင်းနဲ့ ကျန်သွားခဲ့တာလေးတွေ ရှိတယ်။ ကိုယ်မှတ်သားခဲ့ဖူးတဲ့ တန်ခူးလဖွဲ့ ကဗျာလေးတွေပဲ အားပြုပြီး ရေးလိုက ရတယ်။ ဒါနဲ့ပဲ အရင်တစ်ပတ်က "ရာသီတော်ခါ သင်္ကြန်တာဝယ်"ဆိုတဲ့ စာလေး တစ်ပုဒ် ဖြစ်သွားတယ်ပေါ့။

အမှန်က အခုမှ တပေါင်းလပဲ ရှိသေးတာ။ ဆောင်းကျွတ်လုပြီ နွေရာသီလည်း မပီတတ်သေး ပိုးဝါးထွေးလို့ ရှေးစာဆိုတွေ ဖွဲ့ကြခဲ့တဲ့ အချိန်ကာလပေါ့။ တပေါင်းသာခေါင် လများနှောင် ဆိုတဲ့အတိုင်း



ဆယ့်နှစ်ရာသီ ထဲမှာ အသာယာဆုံးလ တစ်လအဖြစ် သတ်မှတ်ခဲ့ကြတယ်။ မြန်မာ့ဆယ့်နှစ်လရာသီရဲ့ နောက်ဆုံး လလည်း ဖြစ်ပါတယ်။ ခါနွေဆန်းစ တပေါင်းလရဲ့ သာယာလှပပုံဟာ ချီးကျူးဖွဲ့နွဲ့လို့ မဆုံးခဲ့ကြပါဘူး။

လေခ မြေသက် ရှာန်ဝိတက်သို့ သစ်ရွက်ရော်ယီ ဣန္ဒနီဝယ် သီဂီတစ်ဝက် ဖက်၍ဆေးစုံ ခြယ်သောပုံသို့ ရဂုံမြိုင်တွင်း တောလုံးလင်းသား...လို့ ရှင်ဥတ္တမကျော် ဖွဲ့ဆိုခဲ့တဲ့ ရွှေစက်တော်သွားတောလားကို ကိုဘအေးတို့ ကျောင်းတုန်းက သင်ခဲ့ရပါတယ်။ စာဆိုရှင်ဟာ တပေါင်းလ အခါသမယမှာ ရွှေစက်တော်ဘုရားဖူးဖို့ သွားရင်း တောလမ်းခရီးရဲ့ သာယာ လှပပုံကို ရေးဖွဲ့ခဲ့တာပါ။

ဗုဒ္ဓဝင်အရဆိုရင်တော့ တပေါင်းလပြည့်နေ့ဟာ ဗုဒ္ဓမြတ်စွာ ပြည်တော်ဝင်တဲ့ အခါတော်နေ့ ဖြစ်ပါတယ်။ ဘုရားရှင်ဟာ ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးပြီး အင်္ဂတိုင်းနဲ့ မာဂဓတိုင်းတို့က ဒါယကာ၊ ဒါယိကာမတွေကို တရားရေအေး တိုက်ကျွေးနေတဲ့ သတင်းကို ကြားသိရတဲ့ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးက အမတ်ကြီး ဆယ်ဦးကို ခေါင်းဆောင်စေပြီး နောက်ပါ အခြံအရံ တစ်ထောင်စီနဲ့ ၁၀ကြိမ်ခွဲပြီး ရာဇဂြိုလ်ပြည်ကို ဘုရားပင့်ဖို့ စေလွှတ်ခဲ့တယ်။ သွားတဲ့ အကြိမ်တိုင်းမှာ အမတ်တွေ အားလုံး ဘုရားရှင်ရဲ့ တရားတော်ကို နာကြားရပြီးတော့ ရဟန္တာတွေ ဖြစ်ကုန်ကြတယ်။

နောက်ဆုံး အသုတ်အဖြစ် ကာဠုဒါယီ အမတ်ကြီး ဦးဆောင်ပြီး သွားတဲ့အခါ ထုံးစံအတိုင်း ဘုရားရဲ့ တရားတော်နာရပြီး ရဟန္တာဖြစ်သွားပါတယ်။ ဒါပေမယ့် ကာဠုဒါယီ မထေရ်ဟာ သူ့ရဲ့ တာဝန်ကို မမေ့ဘဲ တပေါင်းလ အခါသမယခရီးရဲ့ သာယာပုံနဲ့ ကပိလဝတ်နေပြည်တော်သို့ ကြွသင့်ကြောင်းကို ဂါထာပေါင်း ၆၄ဂါထာ သီကုံးပြီး ခမည်းတော်ရဲ့ ကျေးဇူးကို သိသောအားဖြင့် ဖွားရာဇာတိသို့ ကြွချိန်တန်ပြီဖြစ်ကြောင်း လျှောက်ထားပါတယ်။ အဲဒီနေ့က မဟာ သက္ကရာဇ် ၁၀၃ခုနှစ် တပေါင်းလပြည့်နေ့ ဖြစ်ပါတယ်။ ကာဠုဒါယီ မထေရ် အလျှောက် ကောင်းတဲ့အတွက် မြတ်စွာဘုရားရှင်ဟာ တပေါင်း လပြည့်ကျော် ၁ရက်နေ့မှာ ရာဇဂြိုလ်ပြည်မှ ကပိလဝတ်ပြည်သို့ တစ်ရက်လျှင် တစ်ယူဇနာ ခရီးနဲ့ ရက်ပေါင်း ၆၀ ဒေသစာရီ ကြွချီတော်မူခဲ့ပါတယ်။

မြိုင်ခြေငယ်သင်းပါလို့ အင်ကြင်းငယ် ရွှေဖီဝတ်မှုန်ငယ်စီသည် မြစ်နဒီသောင်တခိုက မောင်မယ်ညှိမြူးပြန်တော့လေး........ အင်ကြင်း၊ သရဖီ၊ ပေါက်လဲ၊ ကံ့ကော်၊ စကားဝါ စတဲ့ ပန်းမန်တို့ရဲ့ ရနံ့ဟာ တောလုံးအနှံ့ မွှေးကြိုင်သင့်ပျံ့လို့ နေပါတယ်။ တွန်ကျူးဘာသာ ငှက်တို့မှာလည်း စုကာရုံးလို့ ငြိမ့်အုန်းငယ်ကျူးသီ အမသံညောင်း သိုက်နန်းငယ်အောင်းလို့ သာပေါင်းငယ်ချီနေပါတယ်။ မြတ်စွာဘုရား ဒေသစာရီကြွမြန်းရာ လမ်းခရီးတစ်လျှောက်ရဲ့ ဆွတ်ပျံ့လွမ်းမောဖွယ် သာယာလှပပုံဟာ ဖွဲ့နွဲ့ညွှန်းဆိုလို့ မကုန်နိုင်ပါ။

တပေါင်းလဟာ ဘုရားစေတီပုထိုး အတော်များများမှာ ဗုဒ္ဓပူဇနီယပွဲတော်တွေ ကျင်းပကြပါတယ်။ နိုင်ငံတော်မှ သာသနာဆိုင်ရာ ဘွဲ့တံဆိပ်တော်တွေ ဆက်ကပ်လှူဒါန်းပြီးတော့ ဆွမ်းဆန်တော် လောင်းလှူကြပါတယ်။ ရပ်ကွက်တိုင်း လမ်းတိုင်းမှာ တရားပွဲတွေ ကျင်းပ နေကြတာ ငြိမ့်ငြိမ့်သဲသဲပါပဲ။ တပေါင်းလဟာ ရာသီသဘာဝအရ သာယာလှပရုံတင်မကဘဲ ဗုဒ္ဓဘာသာဝင်တွေ အတွက် ကုသိုလ်ထူး ကုသိုလ်မြတ်တွေ ပြုလုပ်ကြတဲ့ အခါသမယလည်း ဖြစ်ပါတယ်။

တပေါင်းရက်ဝယ် ရွက်သစ် လှယ်လို့ ရှစ်နယ်ပြည့်မိုန် သို့သည့်ချိန်ကို ရွှေအိမ်ကျွန်းနေ လွမ်းသူမေတို့ ကြွေကြွေဘနန်း ဘယ်မြေဆည်တံ့နိုင်လိမ့်.....ဆိုတဲ့အတိုင်း၊ အလွမ်းဓာတ်ခံရှိသူတွေအတွက်ကတော့ ဖြေဆည်လို့ မရနိုင်တဲ့ ကာလလေးပေါ့။ မြို့ပြမှာ နေတဲ့သူတွေကတော့ အဲဒီလိုမျိုး ခံစားလို့ ရနိုင်မှာ မဟုတ်ပါဘူး။

ရှစ်ခွင်တိုင်း မှုန်မှိုင်းတဲ့ ပတ်လည် သဇင်ကြွင်းငယ်နှင့် အင်ကြင်း သန္တာညွန့်ငယ်တို့ ဖူးကွန့်ကိုက်စည် ဘမရာရွှေပိတုန်းငယ်တို့ ချွေသုံးကြ ဝတ်ရည်ညွှတ်ကြည်ဘွယ့်ဖော်ကွဲ။ ယင်းသည့်နေ့တိုင် ရသေ့သူတော်တိုင်မှ ဉာဏ်မခိုင် ရှာန်ယိုင်ပဲ လျှောရတယ် ရာသီတွင် စာညီပြောပေပ ကြော၍သာမြဲ။

တပေါင်းလဟာ ရာသီတွေထဲမှာ တခြားလတွေထက် အမြဲတမ်း ကြောပြီး သာယာတယ်ဆိုတဲ့ အကြောင်း ရှေးစာဆိုတွေရဲ့ အဖွဲ့ကောင်းလေးတွေနဲ့ တင်ပြရင်း ဒီတစ်ပတ်အတွက် စာမူလေး ဖြည့်စွက်ပေးလိုက်ရပါတယ်။

---


# အမျိုးသမီးတွေကို အားမရလို့ ရေးလိုက်တဲ့ Sheryl Sandbergရဲ့ စာအုပ်

## "Lean In; Women, Work and the will to Lead"

TZO

Onlineကနေ စာအုပ်ရောင်းတဲ့ အဓိက Websiteတွေ ဖြစ်တဲ့ Amazonနဲ့ Barnes and Noble အပါအဝင် Website အများစုမှာ လက်ရှိ အရောင်းရဆုံး စာအုပ်အဖြစ် ရပ်တည်နေပါတယ်။ စာရေးသူ Sheryl Sandbergဟာ Facebookမှာ COOအဖြစ် တာဝန် ထမ်းဆောင်နေသူဖြစ်ပြီး Time မဂ္ဂဇင်းရဲ့ ကမ္ဘာပေါ်မှာ လွှမ်းမိုးမှုအရှိဆုံး လူသား (၁၀၀)စာရင်းနဲ့ Fortune မဂ္ဂဇင်းရဲ့ စီးပွားရေး နယ်ပယ်က ထိပ်တန်းအမျိုးသမီး (၅၀)စာရင်းတွေမှာ ထိပ်ပိုင်းက ဖော်ပြခံရသူ ဖြစ်ပါတယ်။ Knapf စာအုပ်တိုက်က ဖြန့်ဝေပြီး စာမျက်နှာ၂၄၀ရှိတဲ့ ဒီစာအုပ်ဟာ သူ့ရဲ့ပထမဆုံး စာအုပ်လည်း ဖြစ်ပါတယ်။

၂၀၁၀ခုနှစ်က ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ Sheryl Sandbergဟာ နိုင်ငံရေး စီးပွားရေး ခေါင်းဆောင်မှု နေရာမှာ အမျိုးသမီးတွေ ပါဝင်မှု နည်းနေတဲ့အကြောင်း၊ သူမရဲ့ အမြင်တွေကို ထုတ်ဖော် ပြောကြားခဲ့တဲ့အတွက်ကြောင့် လူအများရဲ့ အာရုံစိုက်မှုကို ခံခဲ့ရပြီး Youtubeက အဲဒီအင်တာဗျူး ဗီဒီယိုဟာ ကြည့်ရှုသူ သန်းနဲ့ချီပြီး ရှိခဲ့ပါတယ်။




Sandbergဟာ အဲဒီတုန်းက ပြောခဲ့တာတွေကို အခြေခံပြီး အသေးစိတ် လေ့လာမှုတွေ၊ ဖြည့်စွက်ချက်တွေနဲ့ ဒီစာအုပ်ကို ရေးသားခဲ့တာ ဖြစ်ပါတယ်။ အမေရိကန် ထိပ်တန်းတက္ကသိုလ်တွေမှာ အမျိုးသမီး ဘွဲ့ရဦးရေဟာ အမျိုးသားဘွဲ့ရဦးရေကို အမီလိုက်နိုင်ခဲ့တာ နှစ်ပေါင်း ၃၀ကျော်ပြီဖြစ်ပေမယ့် နိုင်ငံရေး၊ စီးပွားရေးနယ်ပယ်က အဆုံးအဖြတ်ပေးနိုင်တဲ့ ခေါင်းဆောင်မှု နယ်ပယ်မှာ အမျိုးသမီးတွေ ပါဝင်မှုနှုန်းက လက်တစ်ဆုပ်စာပဲ ရှိသေးတဲ့အကြောင်းနဲ့ အမျိုးသမီးတွေ ခေါင်းဆောင်မှု နယ်ပယ်မှာ နည်းပါးရတဲ့ အကြောင်းအရင်းတွေ၊ အယူအဆတွေနဲ့ အမျိုးသမီးငယ်တွေ ကိုယ်တိုင်ရဲ့ ခံယူချက်တွေကို စေ့စေ့စပ်စပ် သုံးသပ်တင်ပြထားပါတယ်။ သုတေသနရလဒ်တွေအပြင် သူမရဲ့ ကိုယ်ပိုင်အတွေ့အကြုံတွေပေါ် အခြေခံပြီး သုံးသပ်ချက်တွေနဲ့ ရည်မှန်းချက် ကြီးမားပြီး အောင်မြင်လိုတဲ့ အမျိုးသမီးတွေအတွက် အကြံပြုချက်တွေကိုလည်း ဖော်ပြထားပါတယ်။

လေ့လာသူတချို့က Sheryl Sandbergရဲ့ အယူအဆတချို့ဟာ "မ"ဝါဒီဆန်တယ်လို့ ပြောကြပေမယ့် လက်ရှိ ကမ္ဘာ့ထိပ်တန်း အမျိုးသမီးတစ်ဦးရဲ့ သုံးသပ်ချက် အကြံပြုချက်တွေဟာ ကဏ္ဍနယ်ပယ် အသီးသီးမှာ အောင်မြင်လိုတဲ့ အမျိုးသမီးတွေသာမက အမျိုးသားတွေအတွက်ပါ အထောက်အကူ ဖြစ်စေမယ်လို့ ယုံကြည်မိကြောင်းပါ။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 13
MYANMAR ICT JOURNAL

# ဘယ်ရန်သူကို ဘယ်လက်နက်နဲ့ တိုက်မှနိုင်မှာလဲ

Dr.PTS

လူတို့၏ အသက်ဟူသည် တန်ဖိုးကြီးလှသည်။ တလောကပင် သူငယ်ချင်းတစ်ဦး၏ ဖခင် နားမကျန်း ဖြစ်သည်ဟု ကြားလိုက်ရပြီး မကြာလိုက်ပါ "ဆုံးပြီ"ဟု ဝမ်းနည်း သတင်း ကြားရသည်။ တလောကလည်း စီနီယာ အထူးကု ဆရာဝန်တစ်ဦး မမျှော်လင့်ဘဲ ဆုံးပါးသွားကြောင်း ကြားရပြန်သည်။ မိမိကသာ "မမျှော်လင့်ဘဲ"ဟု သုံးနှုန်းမိသည်။ သူ၏ မိသားစုမှာတော့ သူခံစားခဲ့ရသော ရက်သတ္တပတ် သုံးပတ်မျှအတွင်း "ဘယ်နေ့ ကံဆိုးမှာလဲ"ဟု ကြောက်လန့်စွာ စောင့်စားခဲ့ရသည်တဲ့။ မိမိဘက်ကို (၁) ရာခိုင်နှုန်းမျှပင် မျက်နှာသာပေးဖွယ် မရှိခဲ့သော နလုံးရောဂါနှင့် နောက်ဆက်တွဲ ကံဆိုးမိုးမှောင်မှုကြီး ကြုံခဲ့ရသည်ကို ကြားခဲ့ရသည်။ မိမိ၏ အသိအကျွမ်း မိတ်ဆွေများထံမှ ကောင်းသတင်းကိုသာ ကြားလိုသည်။ သတင်းဆိုးကို သယ်မလာပါနှင့်ဟု ကံကြမ္မာကို ပြောလိုက်ချင်ပါသည်။

"လူ့အသက်ကို မသေအောင် ကာကွယ်၍ ရနိုင်မည်လော"ဟု မေးခွန်းထုတ်ခဲ့သူများကား အသချေ၊ အနန္တ။ "အသက်ကို ဉာဏ်စောင့်သည်။ ဉစ္စာကို ကံစောင့်သည်" ဟူ၍လည်း ပြောကြသည်။ ကျန်းမာရေးကို စောင့်ရှောက်နိုင်သော ဆေးပညာလောကကိုလည်း တည်ထောင်ခဲ့ကြပြီ။ "Immortal" ဟူသော "မသေဆေး၊ မသေသောနည်းလမ်း"နှင့် ပတ်သက်၍ ဒဏ္ဍာရီများ ရှိခဲ့သလို "အစားထိုးကုသခြင်း"၊ Transplantation မှအစ "ပုံစံတူပွားခြင်း၊ Claning" "မျိုးရိုးဗီဇ ပြုပြင်ခြင်း Genetic Engineering" အစ ရှိသည်များမှာလည်း အကောင်အထည် ပေါ်လာမည့် ဆေးပညာ၏ အိပ်မက်များ ဖြစ်လာသည်။ "မည်သည့်အကြောင်းနှင့်မျှ မသေစေရ" ဟူသော "ပြီးဆေး" မျိုးကား မရှိသေး၊ ဖြစ်နိုင်ဖို့ရာလည်း ဝေးသေးသည်။ "အနိစ္စ၊ ဒုက္ခ၊ အနတ္တ" တရားတော်မြတ်ကို ယုံကြည်သူ တစ်ဦးအနေဖြင့် "မည်သို့မျှ မသေဆေး"ဟူသည်ကား ပေါ်လာနိုင်စရာ မရှိဟု ယုံကြည်သည်။ ဤရောဂါနှင့် မသေလျှင်၊ ဟိုရောဂါနှင့် သေမည်။ နောက်ဆုံး ရောဂါပေါင်းစုံကို ဖြစ်သည်နှင့် ပျောက်အောင် ကုနိုင်သည်ထားဦး၊ ဘေးဒုက္ခ တစ်ခုခုကိုတော့ ကာကွယ်နိုင်မည် မထင်။

သို့သော် ကမ္ဘာကြီးတစ်ခုလုံး၌ လူမျိုး ပြုတ်သွားနိုင်လောက်အောင် လူအစုလိုက် အပြုံလိုက် သေစေနိုင်သော ရောဂါများအတွက် ဆေးပညာ သိပ္ပံပညာရှင်များက "မသေဆေး" ဖော်စပ်ခဲ့ဖူးသည်ဟု ပြောလျှင် အံ့သြစရာဖြစ်ပြီး ယုံနိုင်ဖွယ်ရာမရှိ။ ဟုတ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၂၀၀)ကပင် "မသေဆေး"ကို တီထွင်နိုင်ခဲ့ပြီး လူ့အသက်အားလုံးကို ကယ်တင်နိုင်ခဲ့ပေပြီ။ ၎င်းမသေဆေးကား အခြားမဟုတ် "ကာကွယ်ဆေးထိုးခြင်း Imminination"တည်း။ လူတို့ကို ခြိမ်းခြောက်နေသော ရောဂါအုပ်စုကြီး နှစ်ခုသာ ရှိသည်။ ပထမအုပ်စုကား "ကူးစက်နိုင်သော ရောဂါများ Communicable Diseases"နှင့် "မကူးစက်နိုင်သော ရောဂါများ" "Non-communicable Diseases"တို့ပင်တည်း။ ကူးစက်သောရောဂါ ဟူသည်ကား လူသား တစ်မျိုးလုံးကို အချိန်တိုအတွင်း အမျိုးပြုတ် သွားစေနိုင်သော ကြောက်မက်ဖွယ်ရာ "ကပ်"ရောဂါများ




Image Credit: www.topnews.in

ပါဝင်သော အုပ်စုကြီးဖြစ်သည်။ ဝမ်းရောဂါကပ်၊ ကျောက်ရောဂါကပ်၊ တုပ်ကွေးရောဂါကပ်ဘေး စသဖြင့် စာရေးသူတို့ သက်တမ်း မတိုင်မီ ကတည်းက ဖြစ်ပျက်ခဲ့ဖူးသော၊ ကြားဖူးခဲ့သော ကပ်ဆိုးကြီးများကို ယခုအချိန် စာရေးသူတို့ သက်တမ်းတွင် သိပ်ကြောက်စရာ မဟုတ်ဟု ထင်ခဲ့ကြရပြီ။ မည်သူတို့၏ ကျေးဇူးနည်း။ ဆေးပညာရှင်များ၏ တီထွင် ကြံဆမှုများတည်း။ "ကူးစက်နိုင်သော ရောဂါ"များကို မကူးစက်ခံရအောင် ကာကွယ်နည်းများ ကူးစက်ခံရသည့်တိုင်အောင် အသက်မသေအောင် ကာကွယ်နည်းများကို ဖော်ထုတ်ခဲ့ကြသည့် "မသေဆေး" မဟုတ်သော်လည်း "သေမည့်ဘေးမှ" ဝေးအောင် ကာကွယ်ပေးသော "ကာကွယ်ဆေးများ"ကို တီထွင်ခဲ့၍သာ စာရေးသူတို့ ယခုကဲ့သို့ စိတ်အေးလက်အေး နေနိုင်ခြင်းတည်း။

သို့ဆိုလျှင် "မသေအောင် ကာကွယ်ဆေး ထိုးနေမည်ဆိုလျှင် ရှိသမျှ ကာကွယ်ဆေး ထိုးဖို့ လိုပါသည်"ဟု ပြောလာစရာ ရှိပါသည်။ ရောဂါတိုင်းအတွက်တော့ ကာကွယ်ဆေး တစ်မျိုးစီ မရှိသော်လည်း ၅နှစ်အောက် ကလေးငယ်များ၏ အသက်အန္တရာယ် အပေးဆုံး ရောဂါဆိုးများကို ကာကွယ်သည့် ကာကွယ်ဆေးများကား မြန်မာပြည်တွင် ရှိနေပြီဖြစ်သည်။ စာရေးသူ၏ ကျေးဇူးရှင်ဆရာ ပါမောက္ခကြီးသည် ကာကွယ်ဆေး ထိုးခြင်းနှင့် ပတ်သက်၍ မကြာခဏ ဟောပြောလေ့ရှိသည့် ပညာရှင်ကြီး ဖြစ်သဖြင့် စာရေးသူတို့ကား ကာကွယ်ဆေးနှင့် ပတ်သက်၍ နားရည်ဝနေကြသည်။ ဆရာကြီးသည် စာပေဗိမာန်ဆုရ နိုင်ငံကျော် စာရေးဆရာကြီး တစ်ဦးဖြစ်သည်နှင့်အညီ ဆရာ၏ ဆန်းသစ်သော အတွေးအမြင် တို့သည်လည်း အတုယူအားကျ လေးစားဖွယ်ဖြစ်သည်။ သူဆိုခဲ့ဖူးသော စကားများသည်လည်း လေးစားဖွယ်ဖြစ်သဖြင့် တစ်ခုကို ဖောက်သည် ပြန်ချရလျှင် "လူတွေက အမှတ်တရတွေ၊ ဂုဏ်ပြုတာတွေ၊ ချီးမြှင့်မှုတွေ လုပ်တဲ့အခါ ပထမဆုံး Vaccine (ကာကွယ်ဆေး) ထုတ်လုပ်သူ ပညာရှင် ဥပမာ- Eduard Icnnerကိုသာ လူတိုင်းက အသိအမှတ် ပြုတာတွေ လုပ်ကြပေမယ့် ဆရာကတော့ ပထမဆုံး ကာကွယ်ဆေးကို စမ်းသပ်အထိုးခံတဲ့ သူကိုပါ အမြဲ ထည့်သွင်း ဖော်ပြ ဂုဏ်ပြုလေ့ရှိတယ်။ ဘာလို့ဆိုတော့ အခုခေတ်လို Vaccine ဆိုတာ တကယ်ကောင်းတဲ့ ကာကွယ်ဆေးကြီးပါလားလို့ မသိခင်က ဘာဖြစ်မယ်မှန်း မသိတဲ့ ဆေးကို အထိုးခံခဲ့တဲ့ သူ့ရဲ့ သတ္တိနဲ့ စွန့်လွှတ် အနစ်နာ ခံမှုကလည်း ဂုဏ်ပြု ချီးမွမ်းစရာပဲ" ဟူ၍တည်း။

"ကာကွယ်ဆေး"ဆိုတာဟာ သက်ဆိုင်ရာ ရောဂါတစ်ခုအတွက် "ပြီးဆေး"ဟု ဆိုနိုင်ပါသည်။ သဘာဝတရား၏ ဖန်တီးမှုအရ ပတ်ဝန်းကျင်တွင် မမြင်နိုင်သော ရောဂါပိုးမွှားများရှိသည်။ အကြောင်းတစ်စုံတစ်ရာကြောင့် လူ့ခန္ဓာအတွင်းသို့ ရောဂါပိုး ဝင်ရောက်လာပါက လူ့ခန္ဓာကိုယ် Immune Systemက (ခုခံကာကွယ်မှုစနစ်)၏ နယ်စောင့်တပ်က သိသည်။ သိလျှင် ရန်သူအင်အား၊ ရန်သူ့လက်နက် စသည်တို့ကို အကဲခတ်ပြီး မည်သည့် လက်နက် မည်သည့်ဗျူဟာဖြင့် တိုက်ခိုက်ရမည်ကို ခန္ဓာ၏ ခုခံစွမ်းအား (Body Defence System) Immune System က အဆုံးအဖြတ်ပေးသည်။ ဤရန်သူ၊ ဤလက်နက်ဟု တွဲ၍ မှတ်သားထားပြီး နောက်တစ်ခါ ဤရန်သူ အုပ်စုထပ်ဝင်လာလျှင် အချိန်ယူ စောင့်ကြည့်စရာ မလိုတော့၊ ဆိုင်ရာလက်နက်နှင့် ထတိုက်ရုံပင်။ "နောက်တစ်ခါ ဝင်ရဲဝင်ကြည့်၊ သေပြီသာမှတ်" ဟူ၍ ပြောနိုင်ပြီ။

ဤသဘောကို နားလည်လျှင် ဆေးပညာ သဘောနှင့် ထပ်မံ တင်ပြပါဦးမည်။ ရောဂါပိုး (Bacteria/ Virus) အစရှိသည်တို့တွင် ကိုယ်ပိုင်အမှတ်အသား Antigen ကိုယ်ပိုင် ရှိကြသည်။ ၎င်းတို့ကို စာရေးသူတို့ ခန္ဓာ၏ Immunie System က ထောက်လှမ်းသိရှိသည်နှင့် တိုက်ခိုက်ရန် လက်နက် Antibody ပဋိဇီဝဓာတ်ကို ဖော်ထုတ်သည်။ ထိုရောဂါပိုး တစ်ခါဝင်သည်နှင့် လူ၏ သွေးအတွင်း Antibody ရှိလာသည်။ သက်ဆိုင်ရာ ရောဂါပိုးပေါ်တွင် မူတည်ပြီး Antibody၏ ပမာဏ အနည်းအများနှင့် တည်ရှိမှု အချိန်ကာလ အတိုအရှည် ကွာခြားကြသည်။ ထို Antibody ရှိမရှိကို တိုင်းတာနိုင်လာသောအခါ အဆိုပါ ရောဂါပိုး ဝင်ခဲ့/ မဝင်ခဲ့ကြောင်းပါ သိရှိနိုင်လာသည်။ ဥပမာ ပေးရလျှင် HIVပိုး ဝင်လာလျှင် ခန္ဓာကိုယ်က Antibodyကို စထုတ်သည်။ ထို Antibody Levelသည် တိုင်းတာ၍ မရနိုင်သေးသော ပမာဏ၌ ရှိနေသေးလျှင် ရောဂါပိုး ကူးစက် ခဲ့ပြီးသည့်တိုင် သွေးစစ်ချက် HIV Antibodyက Non-Reactive (Negative) ဖြစ်ရမည်။ ထိုသို့ ပိုးဝင်နေလျက်နှင့် သွေးစစ်ချက် မပေါ်သေးသော လကို Window Period ဟုခေါ်ကြပြီး ၎င်းကာလလွန်လျှင်ကား တစ်သက်သာ မပျောက်တော့သော Antibody Positivity ဖြစ်လာတော့မည်။ အခြား ရောဂါများတွင်ကား ခန္ဓာမှ Antibody ထုတ်နိုင်လျှင် ရောဂါကို ခုခံတိုက်ခိုက် အနိုင် ရနိုင်သော်လည်း HIVပိုး ကြောင်းကား ခန္ဓာကိုယ်မှ Antibodyသာ ထုတ်သည်။ ရောဂါပိုးကို အနိုင်မရရှိနိုင်၍သာ ယခုအချိန်အထိ "ကုရာနတ္ထိ ဆေးမရှိ" ဖြစ်နေရသည်။

ထို့ကြောင့် ရောဂါအချို့တွင် Antibody ပေါ်လျှင် ရောဂါကို နိုင်ပြီဟု ဆိုနိုင်သဖြင့် ထိုအချက်ကို အခွင့်ကောင်းယူကာ Vaccineကို တီထွင်ကြခြင်း ဖြစ်သည်။ ကာကွယ်ဆေး ဟူသည်ကား အလွယ် ပြောရလျှင် ခန္ဓာထဲသို့ ရောဂါပိုး အပျော့စား ထိုးသွင်းပြီး ၎င်းနှင့် အတွင်တူ ရောဂါပိုးအပြင်းစားတို့ကို တိုက်ခိုက်နိုင်မည့် Antibody ကြိုတင် ထုတ်ခိုင်းခြင်းပင် ဖြစ်သည်။ တနည်းအားဖြင့် လူကို ဒုက္ခပေးနိုင်သော ရောဂါပိုး အစစ်၏ Antigen အပိုင်းကို အစိကထား ထိုးသွင်းခြင်းဖြစ်သည်။ ထိုအခါ ခနာကိုယ်က နောက်တစ်ခါ ရောဂါပိုးအစစ်နှင့် တွေ့သောအခါ Antibody အဆင်သင့် ရှိနေပြီး လက်ဦးမှု ရနိုင်ခြင်း ဖြစ်သည်။ ထိုသို့ ကာကွယ်ခြင်းကို တစ်ဆင့်ခံ ကာကွယ်ခြင်း Passire Immunization ဟုခေါ်သည်။ ထိုကဲ့သို့ ကြိုတင် မကာကွယ်မိခဲ့သော ရောဂါအချို့အတွက်ကား ခန္ဓာကိုယ်မှ ပဋိဇီဝဓာတ် Antibody ထုတ်နိုင်ရန် အချိန်မပေးနိုင်၊ မစောင့်နိုင်တော့သည့်အခါ ပြင်ပမှ Antibody အတုကို တစ်ပါးတည်း ထိုးပေးခြင်းမျိုးလည်း ရှိလာသည်။ ၎င်းကို Active Immunization ဟုခေါ်သည်။ ဥပမာ - မေးခိုင်ရောဂါ၊ ခွေးရူးရောဂါ အစရှိသည်တို့ ဝင်ခဲ့လျှင် ယခင်က ကြိုတင် မကာကွယ်ထားမိ၍ ခန္ဓာကတော့ Antibody ထုတ်၍တိုက်ရန် ပြင်နေသော်ငြား မမီနိုင်၊ နောက်ကျလျှင် လက်ဦးမှု မရလျှင် အသက်ဆုံးရှုံးရမည် ဖြစ်သဖြင့် Tetanus Immunegbbulin Rables Immuneglobulin (Antibody) များပါ Active Immuniaqtion ပေးရတော့မည်။

ထို့ကြောင့် ထိုကာကွယ်ဆေးများ ထိုးနှံပြီးပါက ထိုရောဂါအတွက် ကိုယ်ခန္ဓာ၌ Antibody လုံလုံလောက်လောက် ရှိနေသရွေ့ ကာလပတ်လုံး "ရောဂါပြီးသည်"ဟု ဆိုနိုင်သည်။ Antibody ပမာဏလျော့ပါးလာမည့် အချိန်ကိုလည်း ဆေးပညာရှင်များက သုတေသန ပြုထားကြပြီး သူ့ရောဂါ သူ့ကာကွယ်ဆေးအလိုက် ထပ်ဆောင်းအားဖြည့်ထိုး (Booster Dose) ရမည့် အချိန်ကိုပါ တစ်ပါတည်း မှာကြား လိုက်ကြသည်။ ထို့ကြောင့် အနောက်နိုင်ငံများက မဖြစ်နိုင်သော အိပ်မက်တစ်ခု ဖြစ်သည့် "မည်သည့် ရောဂါနှင့်မျှ မသေဆေး"ကို တမ်းတနေချိန်တွင် မိမိတို့ နိုင်ငံသားများ အဖို့ လက်ရှိ လက်ဝယ် ရှိနေသော မသေဆေး ဖြစ်သည့် ကာကွယ်ဆေးများကို မိမိတို့၏ ရင်သွေးငယ်ကို ထိုးပေးရန်ပင် ဝန်လေးနေကြသည်။ "ကာကွယ်ဆေး ထိုးလျှင် ဖျားမှာစိုးလို့"ဆိုပြီး အယူလွဲမှား ကြတတ်သဖြင့် ကလေး သူငယ်ပေါင်းများစွာ၏ အသက်များကို ကာကွယ်နိုင်လျက်နှင့် လက်လွှတ် ဆုံးရှုံးကြရသည်က များသည်။ "ပိုက်ဆံပေးစရာမလို"၊ "တစ်အိမ် တက်ဆင်း" တက်ထိုးသည့် စနစ်များ ရှိသည့်တိုင် မသေဆေးကို "ပေးကားပေး၏ မရ"သောအဖြစ် ဆိုက်ရောက်နေသော စာရေးသူတို့ တိုင်းပြည်၏ ကျန်းမာရေး ဗဟုသုတကို စာဖတ်သူ မိဘပြည်သူ အပေါင်းက ဝိုင်းဝန်းမြှင့်တင်ပြီး ကာကွယ်ဆေးထိုးဖြစ်ရန် တိုက်တွန်းအားပေးစေလိုပါသည်။ မည်သည့် အခါတွင်မဆို ရန်သူကို မျက်နှာသာ ပေးလွှတ်ထားပါက ရန်သူက အနိုင်ယူသွားပေမည်။ ရန်သူလည်း သိပြီ၊ မည်သည့် လက်နက်နှင့် တိုက်သင့်သည်လည်း သိပြီ၊ နိုင်အောင် တိုက်ဖို့သာ လိုသည်။ တိုက်သင့်၊ မတိုက်သင့် တွေဝေနေဦးမည်လော။ ကုရာနတ္ထိဆေးမရှိ ဆိုသည့် HIV AIDS ရောဂါတောင် ကမ္ဘာပေါ်တွင် နှစ်ဦးတိတိ ရောဂါကင်းစင် ပပျောက်သွားပြီဟု ဝမ်းသာအားရဖွယ် ကြားရသည်။ ထို့ကြောင့် အလှမ်းဝေးလွန်းသော အိပ်မက်ကမ္ဘာကို တမ်းတနေရင်း လက်ဝယ်ရှိသော လက်တွေ့ ကမ္ဘာတွင် ပျော်မွေ့နိုင်ပါစေဟု ဆန္ဒပြု ရေးသားလိုက်ရပါသည်။

# အရောင်းအဝယ်မှာ ရောင်းသူအားလုံး လက်မှတ်ထိုးဖို့ လိုသလား

Win Win

အော်စကာ - မင်္ဂလာပါဘကြီးဖြိုး။

ဘကြီးဖြိုး - မင်္ဂလာပါ အော်စကာရေ။

အော်စကာ - လိုက်လေ ဝေးလေ၊ လိုက်လေ ဝေးလေဆိုတာ ကျွန်တော် အခုမှ သဘောပေါက်သလို ဖြစ်လာတယ် ဘကြီးဖြိုး။

ဘကြီးဖြိုး - ဘယ်လိုလဲ အော်စကာရဲ့၊ မင်းစကားက အစမရှိ၊ အဆုံးမရှိ။

အော်စကာ - ဟုတ်တယ်၊ ဘယ်မှာ စလို့ ဘယ်မှာဆုံးမလဲ မသိပါဘူး။ လူတစ်ယောက်အဖို့ နေဖို့၊ စားဖို့ ဝတ်ဖို့ ဆိုတာ နေ့စဉ်လိုအပ်နေတဲ့ အခြေခံ လိုအပ်ချက်ပဲ မဟုတ်လား ဘကြီးဖြိုး။

ဘကြီးဖြိုး - မှန်တာပေါ့။ မြိုးမြိုးမြဲမြဲနဲ့ နေတတ်၊ စားတတ်၊ ဝတ်တတ်ဖို့ လိုတာ ပေါ့ကွယ်။

အော်စကာ - မြိုးမြဲပါတယ် ဘကြီးဖြိုး၊ နိစ္စဓူဝ လှုပ်ရှားနေရတဲ့ လူတွေဆိုတော့ ထမင်း တစ်နပ်လျော့မစားဘဲ မနေနိုင်ပေမယ့် အာဟာရဖြစ်ရုံ တို့စရာ၊ ငါးပိရည်လောက်နဲ့ မြိုးမြိုးမြဲမြဲ စားတယ်၊ ဟော့ရှော့လို တိုနံ့နံ့ မဝတ်ရဲပေမယ့် ဟီရိသြတ္တပ္ပနဲ့အညီ အဝတ်အစားကို လိုသလောက်ပဲ ဝတ်တယ်၊ အမိုးအကာလုံတဲ့ အိမ်ခန်းလေး တစ်ခန်းတော့ ငှားနေပါတယ် ဘကြီးဖြိုး။

ဘကြီးဖြိုး - ဒါဆို အခြေခံ လူတန်းစားတစ်ဦးအတွက် လုံလောက် ပြီပေါ့။ ဘာများလိုသေးလို့လဲ။

အော်စကာ - အိမ်လခတွေက တစ်လပြီး တစ်လ ဈေးတွေတက်လာတယ်၊ အိမ်လခ သက်သာအောင် ကိုယ်ပိုင် အိမ်မြေလေး ဝယ်မယ်လို့ ပိုက်ဆံစုထားတာ။

ဘကြီးဖြိုး - အခု ပြည့်သွားပြီလား။

အော်စကာ - မျှော်မှန်းထားတဲ့ ပိုက်ဆံက ပြည့်သွားပြီ၊ ဒါပေမယ့် မျှော်မှန်း ထားတဲ့ အိမ်ဝိုင်းနဲ့ မြေက ဈေးတွေ တက်သွားတော့ မဝယ်နိုင်ပြန်ဘူး။ ဒါကြောင့် လိုက်လေ ဝေးလေလို့ ပြောတာပါ။

ဘကြီးဖြိုး - ကိုယ်စုထားတဲ့ငွေနဲ့ မျှော်မှန်းထားတဲ့ အိမ်ဝိုင်းမြေ မဝယ်နိုင် တော့ရင် ဝယ်နိုင်တဲ့ မြေကွက် လေးသာ ရှာဝယ်ထားတော့ အော်စကာရေ၊ နောက်ဆို လိုက်လေ ဝေးလေဖြစ်ပြီး သေတာတောင် ၆ပေမြေကွက် မဝယ်နိုင်လို့ အရိုးပြာကို လေထဲမှာ ဖြန့်ကြဲပြီး ဘဝနိဂုံး အဆုံးသတ်ရပါလိမ့်မယ်။

အော်စကာ - မိတ်ဆွေတစ်ယောက်က ငွေစလေးရှိလို့ အိမ်ဝိုင်းမြေ တစ်ကွက် ဝယ်မိတယ်၊ အရောင်းအဝယ် မှားလို့ မပိုင်ရဘူးဖြစ်နေတယ်။

ဘကြီးဖြိုး - ဘယ်လို ဖြစ်တာလဲ အော်စကာရဲ့။

အော်စကာ - အိမ်ဝိုင်းမြေက



Image Credit: www.icts.uiowa.edu

ကွယ်လွန်သူ မိဘတွေ ပိုင်တာ၊ မိဘတွေ ကွယ်လွန်တော့ သမီးနှစ်ယောက် ကျန်ခဲ့တယ်။

ဘကြီးဖြိုး - အဲဒီတော့ အိမ်ဝိုင်းမြေကို သမီးနှစ်ယောက် ပိုင်တာပေါ့။

အော်စကာ - ကျွန်တော့် မိတ်ဆွေက အိမ်ဝိုင်းမြေ အရောင်းအဝယ် စာချုပ်ချုပ်ပြီး ဝယ်တော့ ရောင်းသူနေရာမှာ သမီး နှစ်ယောက်လုံး နာမည်ရေးတယ်။

ဘကြီးဖြိုး - မှန်တာပေါ့။ သမီး နှစ်ယောက်လုံး လက်မှတ်ထိုးပြီး ရောင်းရမှာပေါ့။

အော်စကာ - အဲဒီမှာ ပြဿနာက စတာပဲ၊ လက်မှတ်ထိုးတော့ သမီး တစ်ယောက်ပဲ ရှိတယ်။ ကျန်တဲ့ သမီးတစ်ယောက်က မရှိဘူး။ ညီမက မရှိတော့ စာချုပ်မှာ အစ်မပဲ လက်မှတ် ထိုးလိုက်တယ်။

ဘကြီးဖြိုး - သူ့ညီမကို သွားမခေါ်နိုင်း ဘူးလား။

အော်စကာ - သွားတော့ ခေါ်နိုင်းတယ်၊ သူ့ညီမလည်း သိပါတယ်၊ သဘော တူပါတယ်လို့ ပြောတယ်၊ ငွေကလည်း အကြေမချေရသေးဘူး။ စရန် စာချုပ်ပဲဆိုတော့ ဒီအတိုင်းပဲ ထားလိုက်တာ။

ဘကြီးဖြိုး - အဲဒီတော့။

အော်စကာ - ပြီးတော့ အဲဒီလို လက်မှတ်ထိုးတဲ့ အစ်မကြီးက ငွေအကြေ မချေရသေးခင် ဆုံးသွားတယ်။

ဘကြီးဖြိုး - ညီအစ်မနှစ်ယောက်ပဲ ရှိတာ၊ အစ်မကြီးရဲ့ အမွေကို ညီမက ဆက်ခံတယ်၊ အစ်မ ချုပ်ထားတဲ့ ပဋိညာဉ်စာချုပ်ကို ညီမက ပြီးမြောက်အောင် အကောင်အထည် ဖော်ပေးဖို့ တာဝန် ရှိတာပေါ့။

အော်စကာ - ဟုတ်ပါတယ်။ ကျန်တဲ့ငွေကို လက်ခံပြီး အရောင်းအဝယ် စာချုပ်ချုပ်ဆို မှတ်ပုံတင်ပေးပါ၊ အိမ်ဝိုင်းမြေကို အပ်ပေးပါလို့ပြောတာ ညီမဖြစ်သူက လက်မခံဘူးလေ။ အဲဒါ ဘယ်လိုလုပ်ရမလဲ။

ဘကြီးဖြိုး - တရားမကြီးမှု ဖြစ်တဲ့ အရောင်းအဝယ် ပဋိညာဉ်အတိုင်း ကျန်ငွေကို လက်ခံ၍ အရောင်းစာချုပ်ကို မှတ်ပုံတင်ပေးစေရန်နှင့် လက်ရောက်ရလိုမှု စွဲနိုင်တယ်။

အော်စကာ - တရားစွဲတဲ့အခါ ရုံးခွန်တော် တံဆိပ်ခေါင်းတွေက ပါရမယ်၊ ရှေ့နေငှားရမယ်၊ အချိန်တွေ ကုန်မယ်၊ နိုင်ရင်တော့ ကောင်းတယ်၊ ရှုံးရင်တော့ မကောင်းဘူး။ ဒါကြောင့် အမှုစွဲရင် အခြေအနေ ဘယ်လို ဖြစ်နိုင်မလဲ ရှင်းပြပါလား။

ဘကြီးဖြိုး - အရောင်းအဝယ်စာချုပ်မှာ ရောင်းသူအနေနဲ့ ညီအစ်မနှစ်ဦးလုံး အမည်ကို ဖော်ပြထားပေမယ့် အစ်မပဲ လက်မှတ်ထိုးပြီး ညီမက လက်မှတ်ထိုး မထားတာ ထင်ရှားတယ်။ အစ်မဖြစ်သူ အရောင်းအဝယ်လုပ်တာကို ညီမက သိတယ်၊ မသိဘူး၊ အငြင်းပွားနေတယ်၊ ညီမဖြစ်သူက သိမယ်ဆိုဦးတော့ ညီမဖြစ်သူက စာချုပ်မှာ လက်မှတ် ထိုးထားခြင်း မရှိတဲ့အတွက် ညီမဖြစ်သူက ရောင်းချရာ မရောက်ဘူး။

အော်စကာ - အဲဒီတော့ ဝယ်သူက ဘယ်လို ဖြစ်သွားမလဲ။

ဘကြီးဖြိုး - ဝယ်သူက သူဝယ်တယ် ဆိုတဲ့ အိမ်ဝိုင်းမြေတစ်ခုလုံးကို ပိုင်ဆိုင်ခွင့် မရနိုင်တော့ဘူး။

အော်စကာ - ဒါပေမယ့် အစ်မဖြစ်သူက လက်မှတ်ထိုး ရောင်းထားတယ်လေ။

ဘကြီးဖြိုး - စာချုပ်မှာ လက်မှတ် ထိုးထားတဲ့ အစ်မဖြစ်သူနဲ့ သက်ဆိုင်တဲ့ ဝေစု တစ်ဝက်အတွက်တော့ အတည် ဖြစ်တယ်၊ ဒါကြောင့် အစ်မဖြစ်သူ ပိုင်တဲ့ အိမ်ဝိုင်းမြေတစ်ဝက်ကို ဝယ်သူ ရခွင့်ရှိတယ်။ ညီမဖြစ်သူရဲ့ ဝေစုတစ်ဝက် ကို ရခွင့် မရှိဘူး။

အော်စကာ - အပြီးသတ်စာချုပ် မချုပ်ရသေးဘူး။ အစ်မက သေသွားပြီလေ။

ဘကြီးဖြိုး - သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၂၇ (ခ) ဥပမာအရ အစ်မပြုလုပ်ခဲ့တဲ့ အရောင်းပဋိညာဉ်ကို ညီမလုပ်သူက ဆောင်ရွက်ပေးဖို့ တာဝန် ရှိတယ်။

အော်စကာ - ဒါဆို ဝယ်သူက အိမ်ဝိုင်းမြေတစ်ဝက်တော့ ရမှာပေါ့နော်။

ဘကြီးဖြိုး - ဒါပေမယ့် သူတို့ ညီအစ်မနှစ်ဦးက ဝေစု ထက်ဝက်စီကို သီးခြားခွဲဝေရခြင်း မရှိသေးဘူး။ ဒါကြောင့် လက်ရောက်ပေးအပ်ရမယ်၊ ထက်ဝက်ကို စိတ်ပိုင်းပေးနိုင်မှာ မဟုတ်ဘူး။

အော်စကာ - ဒါဆို ဝယ်သူက အိမ်ဝိုင်းမြေ တစ်ဝက်တော့ ရမှာပေါ့နော်။

ဘကြီးဖြိုး - ဝယ်သူက အစ်မဖြစ်သူ အကျိုးသက်ဆိုင်တဲ့ အိမ်ဝိုင်းမြေရဲ့ တစ်ဝက်ကို အိမ်ဝိုင်းမြေတစ်ကွက်လုံး ဝယ်ရန် သဘောတူထားတဲ့ ငွေနဲ့ ဝယ်ရန် သဘောတူရင်တော့ သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၁၅အရ သီးခြား ဆောင်ရွက်စေနိုင်တယ်။

အော်စကာ - ရှင်းပြပါဦး ဘကြီးဖြိုးရဲ့။

ဘကြီးဖြိုး - သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၁၅၊ ဥပမာ (က) မှာ - ဦးဖြူက ဦးမဲကို ဧက ၁ဝဝရှိတဲ့ မြေတစ်ကွက်ရောင်းဖို့ ပဋိညာဉ်ပြုတယ်၊ ဧက ၅ဝကို ဦးဖြူပိုင်ပြီး ကျန်ဧက ၅ဝကို သူတစ်စိမ်းပိုင်တယ်လို့ ပေါ်လာပြီး အဲဒီ သူတစ်စိမ်းက သူ့မြေကို ရောင်းဖို့ ငြင်းတယ်၊ ဒါကြောင့် ပဋိညာဉ် တစ်ခုလုံး ဆောင်ရွက်ပေးဖို့ ဒီကရီ မရနိုင်ဘူး။ ဒါပေမယ့် ဦးမဲက လျှော့နည်းတဲ့ အစိတ်အပိုင်းအတွက် ဖြစ်စေ၊ ဦးဖြူရဲ့ ပေါ့ဆမှု (သို့မဟုတ်) ပျက်ကွက်မှုကြောင့် မိမိဆုံးရှုံးမှုအတွက် လျော်ကြေး ရခွင့် အရပ်ရပ်ကို စွန့်လွှတ်ပြီး သဘော တူညီထားတဲ့ တန်ဖိုးကို ပေးချေပြီး ဦးဖြူပိုင်တဲ့ ဧက ၅ဝကိုပဲ ယူရန် လိုလားရင် ရောင်းဖိုး ငွေအပြည့်ပေးပြီး၊ အဲဒီ ဧက ၅ဝကို ရခွင့်ရှိတယ်လို့ ပြဆိုထားတယ်။

အော်စကာ - ဥပဒေမှာ ရေးထားတဲ့ ဥပမာတွေကိုလည်း လိုက်နာရတာပဲလား။

ဘကြီးဖြိုး - ဥပမာတွေက ဥပဒေပါ အဂ်ါရပ်တွေကို ဆင်ခြင်သုံးသပ်ရာမှာ ညွှန်ပြနိုင်တဲ့ အချက်တွေပေါ့ကွယ်။

အော်စကာ - အဲဒီတော့ ကျွန်တော်ဆွေးနွေးတဲ့ ကိစ္စမှာရော ဘယ်လိုဖြစ်သွားမလဲ။

ဘကြီးဖြိုး - ဥပမာတွေက ဥပဒေပါ အဂ်ါရပ်တွေကို ဆင်ခြင်သုံးသပ်ရာမှာ ညွှန်ပြနိုင်တဲ့ အချက်တွေပေါ့ကွယ်။

အော်စကာ - အဲဒီတော့ ကျွန်တော် ဆွေးနွေးတဲ့ ကိစ္စမှာရော ဘယ်လို ဖြစ်သွားမလဲ။

ဘကြီးဖြိုး - ခုနက ဆွေးနွေးသလိုပဲ၊ ဝယ်သူက ရောင်းကြေးငွေ အားလုံးကို ပေးချေပြီး၊ ရောင်းရန်စာချုပ်မှာ လက်မှတ် ထိုးထားတဲ့ အစ်မဖြစ်သူရဲ့ ဝေစုကိုပဲ ရယူရန် လိုလားရမယ့်အပြင် နောက်ထပ် ဆောင်ရွက်ရန် တောင်းဆိုချက်များနဲ့ လျော်ကြေးငွေရခွင့် အရပ်ရပ်တို့ကို စွန့်လွှတ်တယ်ဆိုမှ သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၁၅အရ သက်သာခွင့် ပေးနိုင်မယ်။

အော်စကာ - ဝယ်သူက အဲဒီလို မလုပ်ချင်ဘူးဆိုရင်ရော။

ဘကြီးဖြိုး - အဲဒါဆို ဝယ်သူက အစ်မကြီးရဲ့ ပိုင်ဆိုင်တဲ့ ဝေစုထက်ဝက်ကို ခွဲခြမ်း စိတ်ပိုင်းပြီး ရခွင့်ရှိမှာ မဟုတ်ဘူး။

အော်စကာ - ဒါဆို ဝယ်သူက အများကြီး နစ်နာသွားမှာပေါ့။

ဘကြီးဖြိုး - တရားဥပဒေအရ တစ်ဦးတစ်ယောက် နစ်နာစေမှာကို မလိုလားပါဘူး။ ဥပဒေနဲ့ညီတဲ့ ခံစားခွင့်ကို ပေးရမှာပေါ့။

အော်စကာ - အိမ်မြေဝိုင်းကို လိုချင်လို့ ဝယ်တာ၊ အိမ်မြေဝိုင်းကို မရနိုင်ဘူးဆိုရင် ဘယ်လို သက်သာခွင့်ရနိုင်မှာလဲ။

ဘကြီးဖြိုး - လျော်ကြေးရမှာပေါ့။ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၁၉ (သို့မဟုတ်) ၂၂အရ သက်သာခွင့်ကို တရားရုံးက မိမိဆင်ခြင်တုံတရားအရ ပေးနိုင်တယ်။ အိမ်ဝိုင်းမြေ စရန်ပေး စာချုပ်အရ ပေးထားတဲ့ စရန်ငွေရဲ့ နှစ်ဆကို လျော်ကြေးအဖြစ် ဝယ်သူက ရခွင့်ရှိပါတယ်။

အော်စကာ - အဓိကက စရန်ပေး စာချုပ်မှာ ညီမနာမည်ရေးထားပေမယ့် ညီမလက်မှတ် ထိုးမထားတာပဲပေါ့နော်။

ဘကြီးဖြိုး - ဟုတ်ပါ့ဗျာ။ ဘယ်စာချုပ်မှာမဆို နာမည်ဖော်ပြထားရုံနဲ့ မလုံလောက်ပါဘူး။ လက်မှတ်ထိုးထားမှ တရားဝင်တယ်၊ လက်မှတ်ထိုး မထိုး အငြင်းပွားမှာစိုးရင် ပိုပြီးသေချာအောင် လက်ဗွေပါနှိပ်ထားရင် ပိုကောင်းတာပေါ့။

အော်စကာ - ကျေးဇူးပါပဲ ဘကြီးဖြိုးရေ။ နောက်အပတ်မှ တွေ့ကြသေးတာပေါ့။

(အများပြည်သူ ဥပဒေ ဗဟုသုတ ရစေခြင်းငှာ ဒေါ်ခင်စန်းမြင့် (ခ) ဒေါ်ညီညီစုစန်းနှင့် ဒေါ်ကေကေစန်း (ခ) မတွက် အမှုစီရင်ထုံး ၂ဝ၁၁ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံး စာမျက်နှာ ၂၄ကို ကိုးကား၍ ပြုစုတင်ပြထားခြင်း ဖြစ်ပါသည်။)

ELITE Since 1997
ELITE
နိုင်ငံတကာအဆင့်မီကျွမ်းကျင်အင်ဂျင်နီယာတစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းပြုနိုင်သော
ENGINEERING GROUP TRAINING
ကျွမ်းကျင်တတ်မြောက်ရေးကို အထူးအလေးထားသင်ကြားပေးသည်
အမှတ် (၁၂၆)၊ မြေညီထပ်၊ ၃၉လမ်း(အောက်)၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
HOT LINE 01 246150, 095180790
နေ့တန်းခွဲသစ်များစပြီ

အသုံးချ အင်ဂျင်နီယာသင်တန်းများ
၁။ ရေခဲသေတ္တာ၊ လေအေးပေးစက် လက်တွေ့၊ စာတွေ့သင်တန်း
၂။ လက်တွေ့လျှပ်စစ် အသုံးချသင်တန်း (ဝါယာရင်း၊ မော်တာ၊ ထရန်စဖော်မာ)
၃။ အဆင့်မြင့် Electrical Motor Control သင်တန်း
၄။ လက်တွေ့အသုံးချ အီလက်ထရွန်နစ်သင်တန်း (Basic Electronic, TV, VCD, DVD & EVD)
၅။ ကွန်ပျူတာဖြင့် Circuit ပတ်လမ်းရေးဆွဲနည်း သင်တန်း (Multi Simulation)
၆။ Programmable Logic Controller (PLC) သင်တန်း
၇။ Welding 3G, 4G, 5G, 6G သင်တန်း
၈။ Motor Winding Repair သင်တန်း
၉။ Pipe Fitter သင်တန်း
၁၀။ Marine Fitter (တွင်ခုံ၊ အင်ဂျင်စက်ပြင်၊ ဂဟေဆက်) သင်တန်း

အသစ်ဖွင့်လှစ်သော နည်းပညာသင်တန်းများ
၁။ Peripheral Interface Controller (IC အသုံးချ ထိန်းချုပ်မှု အတတ်ပညာ)
၂။ AutoCAD & 3Ds Max Engineering Drawing (2D, 3D) (အခြေခံနှင့် Civil, Mechanical, M&E, Architect AutoCAD)
၃။ လက်တွေ့အသုံးချ ကွန်ပျူတာပြုပြင်နည်းသင်တန်း (A+) (CompuTIA သင်ရိုးအတိုင်းသင်ကြားပေးသည်)
၄။ လက်တွေ့ နက်ဝပ်ချိတ်ဆက်နည်းသင်တန်း (Network+) (CCNA Guideline)
၅။ Phone ပြုပြင်နည်းသင်တန်း (Software & Hardware)
၆။ MatLAB သင်တန်း (အင်ဂျင်နီယာ တွက်ချက်ကွပ်ကဲမှုအတတ်ပညာ)
၇။ Programming သင်တန်း (Assembly, C++, Visual Basic)
၈။ Computerized Numeriacal Control (CNC) သင်တန်း
နယ်ဘော်ဒါရှိသည်

- တစ်ဦးချင်းသင်ကြားနိုင်ခြင်း
- သင်တန်းပြီးဆုံးသည်နှင့် အလုပ်အကိုင် ရရှိနိုင်ခြင်း
- တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ထားသူများအတွက် အထူးအစီအစဉ်
- ဘာသာရပ်အားလုံးကို ၁၀ % Discount ပေးခြင်း
- နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများအတွက် ၁၅ % အထိ Discount ပေးခြင်း
- မိုဘိုင်းဖုန်းသင်တန်း တက်ရောက်လိုသူများအတွက် ၅၀ % အထိ Discount ပေးမည်

အိုင်စီတီ ဂျာနယ်
MYANMAR ICT JOURNAL
Volume 2, Issue 13

# မလုပ်တာ ခက်ခြင်းသဘောကို သိကြည့်ခြင်း

မြန်မာလူမျိုးတချို့ ပြောနေကျ စကားတစ်ခုရှိတယ်။ မဖြစ်နိုင်တာ ဘာမှမရှိဘူး။ မဖြစ်သေးတာပဲ ရှိတယ်ဆိုတဲ့ စကားပဲ။ မခံချင်တဲ့ စိတ်နဲ့ပဲ ပြောပြော..၊ အထင်သေးခံရမှာ စိုးလို့ပဲ ပြောပြော...၊ ဘယ်လိုရည်ရွယ်ချက်နဲ့ပဲ ပြောပြော..၊ ဘာအယူအဆနဲ့ပဲ ပြောပြော..၊ မဖြစ်နိုင်တာ ဘာမှမရှိဘူးဆိုတဲ့ စကားအဓိပ္ပါယ်ထဲမှာ ဖြစ်အောင်လုပ်ရင် ဖြစ်နိုင်တယ်ဆိုတဲ့ အဖြေပါနေတယ် ဆိုတော့... လုပ်ကြည့်ချင်တဲ့စိတ်နဲ့ လက်တွေ့လုပ်ကြည့်ပါလား ?

မလုပ်ကြည့်သေးလို့ ခက်နေတာ ဖြစ်မယ်။ မဖြစ်သေးတာပဲ ရှိတယ်ဆိုတဲ့ စကားအဓိပ္ပါယ်ထဲမှာလည်း ဖြစ်အောင်လုပ်ကြည့်တဲ့ နေရာမှာ လုပ်နည်းစနစ်မှားနေလို့၊ မပြည့်စုံလို့၊ လုပ်သလို မဖြစ်သေးတာကို စိတ်ပျက်ပြီး မလုပ်တာ ခက်နေတာလား? လုပ်နေရင်းနဲ့ အာရုံစိုက်ရတာတွေ များလွန်းလို့ စိတ်ပင်ပန်းသွားပြီး မဖြစ်သေးတာကို သည်းမခံနိုင်တော့ပဲ စိတ်ဝင်စားမှု လျော့ကျသွားတာတွေကြောင့် မလုပ်တာ ခက်နေတာလား? သူတစ်ပါးအကျိုးကို လိုလားတယ်ဆိုတဲ့ မေတ္တာစိတ်သဘောရဲ့ တန်ဖိုးကို သိပေမယ့် ပြုင်ဘက်ရန်သူ ဖြစ်နေလို့ မေတ္တာထားခြင်းစိတ်ကို သိသိကြီးနဲ့ မလုပ်တာ ခက်နေတာလား? သူတစ်ပါး ချမ်းသာတာကို ဝမ်းမြောက်ပေးတဲ့ မုဒိတာစိတ်ရဲ့ မြင့်မြတ်မှုကို သိပေမယ့် ပြိုင်ဘက် ရန်သူ အပေါ်ထားဖို့ မလုပ်တာ ခက်နေတာလား? လိုချင်တပ်မက်တဲ့ စိတ်ကြီးက နှစ်ပေါင်းများစွာ ငြိတွယ်စွဲလမ်းခဲ့တာ ကြာသွားလို့ သိသိကြီးနဲ့ ခွာချဖို့ကျတော့ မလုပ်တာ ခက်နေတာလား? ကာမဂုဏ် အာရုံတွေကို ကြိုက်နေတဲ့စိတ်က ရှိနေသေးလို့ လက်တွေ့မှာ ဖြုတ်ချဖို့ မလုပ်တာခက်နေတာလား? မှားယွင်းတဲ့ အယူအဆတစ်ခုကို လက်ခံ ထားတာ ကြာသွားလို့ အကျင့်စရိုက်လို ဖြစ်နေတဲ့ စိတ်ကို နမြောပြီး ပြောင်းလဲပစ်ဖို့ မလုပ်တာ ခက်နေတာလား? လုပ်ဖြစ်အောင် လုပ်မယ်ဆိုပြီး အသိမှန်ကို တည်ဆောက်တဲ့ နေရာမှာ လက်တွေ့လုပ်ရတာ ခက်သလို ဖြစ်လာပြီး မလုပ်တာ ခက်နေတာလား? စိတ်ကို စောင့်ကြည့် သိမှတ်ရင်း သိစရာတွေက သိကြည့်ရင်းနဲ့ ထပ်ဆင့်သိပေးရတာတွေက တဖြည်းဖြည်း များလာလို့ စိတ်အားငယ်ပြီး မလုပ်တာခက်နေတာလား? တစ်ခုတည်းသောစိတ်ကို နိုင်အောင်ထိန်းနိုင်ရင် ပြီးပြီဆိုတဲ့ သဘောကို သိပေမယ့် တစ်ခုတည်းသော စိတ်တွေရဲ့ ဖြစ်ပျက်မြန်မှု ကြားဖြတ်စိတ်တွေ ဝင်လာ ဖျက်ဆီးမှု စတဲ့ လေးနက်ကျယ်ပြန့်ပြီး အသေးစိပ်လွန်းတဲ့ စိတ်သဘောကို ဉာဏ်မမီတော့လို့ မလုပ်တာခက်နေတာလား? လုပ်ဖို့ခက်နေတဲ့ သဘောတွေ လွယ်သွားအောင် တစ်ခုတည်းသော အလုပ်က တစ်ခုတည်းသောစိတ်ကို နိုင်အောင်ထိန်းဆိုတဲ့ စကားအဓိပ္ပါယ်ကို တိတိကျကျ သဘောပေါက် ဖို့ပဲ။ တစ်ကြိမ်မှာ တစ်ခုပဲ ဖြစ်ခွင့်ရှိတဲ့ စိတ်၊ စေတသိက်တွေရဲ့ သဘောကို တကယ်လက်တွေ့ သဘောပေါက်အောင် လေ့လာပါ။ ပြီးရင် အကြိမ်ပေါင်းများစွာ ထပ်ကာတလဲလဲ လေ့ကျင့်ပါ။

ရွှေ့တစ်ပတ်ဆက်ရန်

ဤစိတ်လေ့ကျင့်ခန်းများကို အသေးစိတ် သိလိုပါက www.athithedi.com တွင် သွားရောက်လေ့လာနိုင်ပါသည်။

# NET Application Developer ( ASP.NET with C#.NET) သင်တန်း ဖွင့်လှစ်မည်


Image Credit: www.siteassemble.com

Net Application Developer သင်တန်းသည် OOP အခြေခံရှိသူများနှင့် Web Designကို လေ့လာသင်ယူပြီးသူများ ဆက်လက် တက်ရောက်သင့်သော သင်တန်းဖြစ်ပြီး Server Side Programmingနှင့် ပတ်သက်သော နည်းပညာများအား သင်ယူရမည် ဖြစ်သည်။ .Net Application Developer တစ်ယောက် ဖြစ်စေရန်အတွက် အဓိက လိုအပ်သော Framework နည်းပညာများ၊ Database ချိတ်ဆက်သုံးစွဲပုံတို့အပြင် Software ကောင်းတစ်ခု ဖြစ်စေရန်အတွက် လိုအပ်သော Design Patternများ အသုံးပြုပုံတို့ကိုလည်း ကျွမ်းကျင် တတ်မြောက်သည်အထိ စနစ်တကျ သင်ကြားပေးမှာ ဖြစ်ပါသည်။ ပြည်တွင်း/ ပြည်ပတွင် .NET Professional တစ်ယောက်အဖြစ် ရပ်တည် လိုသူများ၊ နိုင်ငံရပ်ခြားတွင် အဆင့်မြင့်အိုင်တီ နည်းပညာများအား သွားရောက် သင်ယူလိုသူများ၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား/ ကျောင်းသူများ အားလုံးအတွက် အထူးသင့်လျော်သော သင်တန်း ဖြစ်သည်။ Module တစ်ခုပြီးတိုင်း Quizzများ ဖြေဆိုစေခြင်း၊ ကျွမ်းကျင်မှု ပိုမို ရရှိစေရန်အတွက် Assignmentများ ပြုလုပ်စေခြင်း၊ သင်တန်းကာလ တစ်ဝက်ပြီးဆုံးပါက Midterm Exam နှင့် သင်တန်းကာလ အားလုံးပြီးဆုံးပါက Final Examများကို ဖြေဆိုရမည်ဖြစ်ပြီး၊ Projectလည်း ကိုယ်တိုင်ပြုလုပ်ရမည် ဖြစ်သောကြောင့် စာတွေလက်တွေ့ ကျွမ်းကျင်မှု ရရှိစေမည် ဖြစ်သည်။ သင်တန်းချိန်များမှာ တစ်ပတ်လျှင် နှစ်ရက် စနေ+တနင်္ဂနွေ (၁၂း၄၅ မှ ၃း၄၅ နာရီအထိ) ဖြစ်ပြီး သင်တန်းကာလမှာ (၄)လခန့် ကြာမြင့်မည် ဖြစ်သည်။ တစ်ပတ်လျှင် သုံးရက် တနင်္လာ+ ဗုဒ္ဓဟူး+သောကြာ ( ညနေ ၄း၀၀ မှ ၇း၀၀ နာရီအထိ) ဖြစ်ပြီး သင်တန်းကာလမှာ (၃)လ ကြာမြင့်မည် ဖြစ်သည်။ ၄င်းသင်တန်းတွင် C#.Net ဖြင့် Web Application တစ်ခု ဖန်တီးတည်ဆောက်ခြင်း ၊ ASP.Net Framework အကြောင်း လေ့လာခြင်း၊ HTML Controls၊ Web Server Controlsနှင့် Validation Controlsများ အသုံးပြုပုံ ၊ State Management Techniquesများဖြစ်သော Query Strings၊ Cookies၊ Server State၊ Application State များ အကြောင်း လေ့လာခြင်းများအပြင် ASP.Net User Control များအကြောင်း ၊ Database ချိတ်ဆက်မှုအပိုင်းနှင့် ပတ်သက်၍ ADO.Net၊ Data Binding၊ Error Handling၊ Security ....စသည့် ဘာသာရပ်များ ပါဝင်မည် ဖြစ်သည်။

အသေးစိတ် သိလိုပါက Myanmar WWW Institute - အဆောင်(၅)၊ အခန်း(၄)၊ မြန်မာအင်ဖိုတက်(ခ်)၊ လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၆၅၂-၂၈၈၊ ၅၂၁-၁၂၅သို့ ဆက်သွယ် စုံစမ်း မေးမြန်း နိုင်ပါသည်။

CARTOON BY

စမ်းချောင်း
ကိုကိုအောင်



# နိုင်ငံတော်နှင့် နည်းပညာဝန်ကြီးဌာနတို့မှ ဆက်သွယ်ရေး နည်းပညာဆိုင်ရာသင်တန်း လျှောက်လွှာခေါ်ယူ


Image Credit: www.excentis.com

Advanced ICT Engineer Training သင်တန်းများနှင့် Wireless and Mobile Computing သင်တန်းများကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာသင်တန်း(လှိုင်) ရှိ India-Myanmar Center for Enhancement of Information Technology Skills(IMCEITS) သင်တန်းဌာနတွင် အောက်ဖော်ပြပါ သင်တန်းများကို ဖွင့်လှစ် သင်ကြားမည်ဟု သိရသည်။ သင်တန်းအမည် သင်တန်းကာလ ဖွင့်လှစ်မည့်နေ့များ အနေဖြင့် Java Programming ၂၄ပတ် ၂၇-၅-၂၀၁၃ MS.Net Programming ၂၄ပတ် (၂၇-၅-၂၀၁၃)။ Wireless and Mobile ၂၄ပတ် (၂၇-၅-၂၀၁၃)။ Computing Android Application ၈ပတ် (၂၇-၅-၂၀၁၃) Development WinCE.Net Programming ၆ပတ် (၁၂-၈-၂၀၁၃)အမှတ်စဉ် (၁)၊ (၂) နှင့် (၃) သင်တန်းများသည် မိမိ၏ ပရိုဂရမ်စွမ်းရည်ကို အခြေခံ၍ ကြိုက်နှစ်သက်ရာ သင်တန်းများကို ရွေးချယ်လျှောက်ထားနိုင်ပါသည်။ အဆိုပါ သင်တန်းများကို Software Programများအား မိမိကိုယ်တိုင် တာဝန်ယူ ရေးသားနိုင်ရန် သင်ကြားမည် ဖြစ်သည်။ အမှတ်စဉ် (၃)၊ (၄) နှင့် (၅) သင်တန်းများသည် Mobile Phoneများ ပေါ်တွင် Mobile Application Programများကို ရေးသားနိုင်သည်အထိ စာတွေ့၊ လက်တွေ့ ပေါင်းစပ်သင်ကြားပို့ချပေးမည် ဖြစ်သည်။ အမှတ်စဉ် (၄) သင်တန်းအား MICEITS သင်တန်းဌာနနှင့် ICTTI သင်တန်း ဌာနတို့မှ Software Development (Java Programming) သင်တန်း အောင်မြင်ပြီးသူများ လျှောက်ထားနိုင်ပါသည်။ အမှတ်စဉ် (၅)သင်တန်းအား IMCEITS သင်တန်းဌာနမှ MS.Net Programming သင်တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။ သင်တန်းများသည် အစိုးရ ရုံးပိတ်ရက်မှအပ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ အချိန်ပြည့်သင်တန်းများ ဖြစ်သည်။ လျှောက်ထားလိုသူများ သည် အောက်ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

(က) B.C.Sc/ B.C.Tech/ B.Tech (IT)/ BE(IT)/ B.Sc (Computer Science)/ M.C.Sc/ M.C.Tech/ M.I.Sc/ M.A.Sc/ M.E(IT)/ M.Sc (Computer Science) ဘွဲ့တစ်ခုခု ရရှိပြီးသူ (သို့မဟုတ်) နိုင်ငံတကာ အသိအမှတ်ပြု တက္ကသိုလ် တစ်ခုခုမှ ITအထူးပြုဘွဲ့ (သို့မဟုတ်) Computer Science ဘွဲ့တစ်ခုခု ရရှိပြီးသူ ဖြစ်ရမည်ဟု သိရသည်။

(ခ) မိမိနှင့်တကွ မိဘနှစ်ပါးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ဂ)သတ်မှတ်ထားသော ဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲများကို အောင်မြင်စွာ ဖြေဆိုနိုင်သူ ဖြစ်ရမည်။

(ဃ) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်ပါက ဝန်ကြီးဌာနမှ သတ်မှတ်ပေးထားသော ကတိခံဝန်ချက်များကို လက်မှတ်ရေးထိုးနိုင်သူ ဖြစ်ရမည်။

(င) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့ သက်ဆိုင်ရာဌာန အကြီးအကဲ၏ ခွင့်ပြုအမိန့်စာ ပါရှိရမည်။

(စ) သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ သုံးလထက် မကျော်လွန်သည့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းနှင့် ပြစ်မှု ကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲ လျှောက်ထားရမည်။

(ဆ) သင်တန်းလျှောက်ထားသူများသည် အောက်ပါအတိုင်း Online ဝင်ခွင့် စာမေးပွဲများ ဖြေဆိုကြရမည်။

၂၉-၄-၂၀၁၃ Online ဝင်ခွင့် နံနက်၉နာရီမှ IMCEITS စာမေးပွဲ ၁၁နာရီအထိ သင်တန်းဌာန သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်း ပညာဆိုင်ရာ သင်တန်း(လှိုင်)

(ဇ) လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ သင်တန်း(လှိုင်)၊ IMCEITS သင်တန်း ဌာနတွင် ၂၄-၄-၂၀၁၃ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

(၁၀) အခြား သိရှိလိုသည်များရှိပါက သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာသင်တန်း (လှိုင်)၊ IMCEITS သင်တန်းဌာန၊ ဖုန်း - ၀၁-၆၅၂-၅၄၂၊ ၀၁-၆၅၂-၅၂၉၊ ၀၁၆-၆၂၃-၂၉တို့သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

# Singapore နိုင်ငံ MDISမှ ၂၀၁၃/၂၀၁၄ ခုနစ်အတွက် ပညာသင် ဆုများအကြောင်း ဆွေးနွေးပွဲ



Image Credit: eng.open-world.ru

စင်္ကာပူနိုင်ငံရှိ Management Development Institute of Singapore (MDIS) မှ Merit Scholarshipများ ပေးအပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ကျောင်းသား/သူများအနေဖြင့် ပညာသင်ဆုများ လျှောက်ထားနိုင်ကြောင်း SR Worldwide Education မှသိရပါသည်။ ယင်းပညာသင်ဆုများနှင့် ပတ်သက်ပြီး MDISမှ တာဝန်ရှိသူကိုယ်တိုင် 28.3.2013 ရက် ကြာသပတေးနေ့ ညနေ ၃နာရီတွင် ဆွေးနွေးပေး သွားမည် ဖြစ်ပါသည်။ ယင်းပညာ သင်ဆုများကို Business, Engineering, Life Science, Media and Communication, IT, Tourism and Hospitality, Fashion & Design စသည့် ဘာသာရပ်များအတွက် Diploma, Advanced Diploma, Bachelor နှင့် Master Program များအတွက် ပညာသင်ဆုများ လျှောက်ထားနိုင်ကြောင်း သိရပါသည်။ University of Bradford, UK မှ တိုက်ရိုက်ချီးမြှင့်သည့် Bachelor of Science(Hons) in Biomedical Science ဘွဲ့ကို မြန်မာနိုင်ငံမှ MBBS ဘွဲ့ရရှိထားသူများ အနေနှင့် Exemption ရရှိနိုင်ပြီး တက်ရောက်မည် ဆိုလျှင် အချိန် ၁နှစ်ခွဲခန့်ကြာမြင့်မည်ဖြစ်သည်။ Master စိတ်ဝင်စားသူများအနေဖြင့် Univeresity of Wales, UKမှ ချီးမြှင့်သော Master of Health Care Management ကို MDISတွင် ၁နှစ်ကြာ တက်ရောက်ပြီး ရယူနိုင်ပါသည်။ စိတ်ဝင်စားသူများ အနေဖြင့် ဆွေးနွေးပွဲနှင့် ပညာသင်ဆုများ အကြောင်း အသေးစိတ် သိရှိလိုပါက ဖုန်း 01 246188, 387022, 09-5428848, 5438848 တို့သို့ ဆက်သွယ် စုံစမ်း မေးမြန်းနိုင်ပါသည်။



# ဩစတြေးလျနိုင်ငံ Curtin Universityတွင် 2013 ခုနှစ်အတွက် ပညာသင်ဆု စတင် လျှောက်ထားနိုင်ပြီ



Image Credit: www.curtin.edu.au

ဩစတြေးလျနိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်း John Curtin၏ နာမည်ဖြင့် Curtin Universityကို ၁၉၈၆ခုနှစ် ဒီဇင်ဘာလတွင် Western Australia Institute of Technology (WAIT)မှ စတင် တည်ထောင်ခဲ့ပြီး Curtin Bentley Campus ကျောင်းသည် အနောက် ဩစတြေးလျ ပြည်နယ်တွင် အကြီးဆုံးကျောင်း ဖြစ်သည့်အပြင် ပြည်တွင်း ပြည်ပ ကျောင်းခွဲ Campus ပေါင်း ၇ခုတွင် အကြီးဆုံးဖြစ်ကြောင်း သိရသည်။ ၎င်းကျောင်းတွင် 2013ခုနှစ် အတွက်  ပညာသင်ဆုများ လျှောက်ထားနိုင်ပြီး Curtin ကျောင်းသားများထဲမှ ထူးချွန်သော အလားအလာ ကောင်းမွန်သော လက်တွေ့ ကျွမ်းကျင်မှုနှင့် အောင်မြင်ဘွဲ့ရသော ကျောင်းသားများအား ပေးအပ်မည်ဟု သိရသည်။ ပညာသင်ဆုများမှာ -

1. International Postgraduate Research Scholarship (IPRS)

ယခု ပညာသင်ဆုသည် 2013ခုနှစ်တွင် Masterနှင့် Doctoral Degreeတန်းအား သုတေသန စာတမ်းဖြင့် တက်ရောက်မည့် ကျောင်းသားများအတွက် ပေးအပ်မည် ဖြစ်ပြီး ဘာသာရပ် တက်ရောက်နေစဉ် ကာလအတွင်း ကျောင်းလခနှင့် ကျန်းမာရေး စောင့်ရှောက်မှု စရိတ်များအတွက် လုံလောက်အောင် ထောက်ပံ့ပေးမည် ဖြစ်သည်ဟု သိရသည်။

2. Curtin International Postgraduate Research Scholarship (IPRS)

IPRS ပညာသင်ဆုကို 2013ခုနှစ်တွင် သုတေသနဖြင့် PhD ဒီဂရီကို ဆက်လက် တက်ရောက်မည့် Curtin ကျောင်းသားများအတွက် ကျောင်းလခနှင့် နေထိုင် စရိတ်များအတွက် လုံလောက်သော ပမာဏကို ထောက်ပံ့ ပေးမည်ဟုလည်း သိရသည်။

3. Australian Development Scholarship (ADS)

ယခု ပညာသင်ဆုအား ဩစတြေးလျနိုင်ငံနှင့် မိတ်ဆွေ နိုင်ငံများအား ဖွံ့ဖြိုး တိုးတက်ရေးနှင့် တည်ငြိမ် အေးချမ်းမှု ရရှိစေရန် လိုအပ်သော ရေရှည် ဖွံ့ဖြိုးတိုးတက်မှုများ ဆက်လက် ဖွံ့ဖြိုးနေစေရန် နှစ်ဦးနှစ်ဖက် သဘောတူညီမှုဖြင့် ပေးအပ်သော ပညာသင်ဆု ဖြစ်ပြီး ယခု ပညာသင်ဆုအား Undergraduateနှင့် Postgraduateတန်းများတွင် ဩစတြေးလျတွင် တက်ရောက်မည့် သူများအတွက် ဩစတြေးလျနိုင်ငံ အစိုးရမှ အပြည့်အဝ ထောက်ပံ့ ပေးမည်ဟု သိရသည်။

4. Australia Leadership Awards (ALA)

ယခု ပညာသင်ဆုသည် ဖွံ့ဖြိုးဆဲ နိုင်ငံများကြား ဆက်သွယ်မှု၊ ခေါင်းဆောင်မှု အရည်အသွေးနှင့် ပူးပေါင်း ဆောင်ရွက်မှုများ တည်ဆောက်နိုင်ရန် ရည်ရွယ်သည်။ ခေါင်းဆောင်မှု အရည်အသွေးနှင့် ပညာသင်နှစ်များတွင် အကောင်းဆုံး အမှတ်များ ရရှိခဲ့မှုကို အခြေခံပြီး ပေးအပ်မည် ဖြစ်သည်။

5. Endeavour (Achievement) Award

ယခု ပညာသင်ဆုသည် နိုင်ငံတကာနှင့် ယှဉ်ပြိုင်၍ လျှောက်ထားရသော ပညာသင်ဆု ဖြစ်သည်။ သင်ကြားမှု၊ သုတေသနနှင့် အာရှပစိဖိတ်ဒေသ၊ အရှေ့အလယ်ပိုင်းဒေသ၊ ဥရောပနှင့် အမေရိကန်နိုင်ငံများမှ ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းများတွင် ဂုဏ်ထူးဆောင်ဆု ရရှိခဲ့သူများ လျှောက်ထားနိုင်သည်။

ဩစတြေးလျနိုင်ငံရှိ Curtin Universityတွင် Undergraduate Program Masterနှင့် PhD အဆင့်များ လျှောက်ထားနိုင်သည်။ Undergraduate (ဘွဲ့ဒီဂရီတန်း) ကျောင်းသားများအတွက် ဝင်ခွင့် သတ်မှတ်ချက်မှာ မြန်မာနိုင်ငံမှ ကျောင်းသားများအတွက် ပညာသင်နှစ် ၁၂နှစ် ရှိပြီးသောသူ ဖြစ်ရမည်။ ပညာသင်နှစ် ၁၂နှစ် မရှိပါက ဩစတြေးလျနိုင်ငံရှိ Curtin Collegeတွင် Pre-University တစ်နှစ် (သို့) Diploma Program နှစ်နှစ်ကို သင်ယူနိုင်သည်။ Pre-University တစ်နှစ် အောင်မြင်ပြီးသောသူများ Curtin Universityရှိ ပထမနှစ်တန်းသို့ ဝင်ရောက်ခွင့်ရှိသည်။ Diploma ပြီးသောသူများသည် Curtin Universityရှိ ပထမနှစ်တန်းသို့ ဝင်ရောက်ခွင့်ရှိသည်။ Diploma ပြီးသောသူများသည် Curtin University၏ ဒုတိယနှစ်သို့ တက်ရောက်ခွင့် ရှိသည်။ Postgraduate (ဘွဲ့လွန်တန်း)အတွက် မြန်မာနိုင်ငံ အစိုးရတက္ကသိုလ် တစ်ခုခုမှ ဘွဲ့ဒီဂရီတစ်ခု ရရှိထားရမည် ဖြစ်ပြီး အင်္ဂလိပ်စာ လိုအပ်ချက် အနေဖြင့် IELTS Overall Band 5.5မှ 7.0အထိ Program အလိုက် အဆင့်အလိုက် လိုအပ်ချက်များ ရှိသည်။

အဓိက သင်ကြားပေးသော ဘာသာရပ်များမှာ -

- Business
- Health Service
- Humanities
- Science and Engineering ဖြစ်ပြီး ဘာသာရပ်ခွဲပေါင်း

မြောက်များစွာကိုလည်း သင်ကြားပေးလျက် ရှိပါသည်။ ဘာသာရပ်ခွဲပေါင်း ၈၆ဂကျော် ရှိသည့်အနက် မြန်မာနိုင်ငံမှ ကျောင်းသားအများစု စိတ်ဝင်စားသော ဘာသာရပ်ခွဲများရှိကြောင်း သိရသည်။

Business၏ ဘာသာရပ်ခွဲများမှာ-

- Accounting
- Banking
- Economic
- Finance
- Logistic and Supply Chain Management
- Tourism, Hospitality and Event Management

Humanities၏ ဘာသာရပ်ခွဲများမှာ-

- 3D Design
- Act and Design Studies
- Fashion
- Human Right
- International Relation
- Mass Communication
- Journalism
- Urban and Regional Planning

Health Service၏ ဘာသာရပ်ခွဲများမှာ

- Biomedical Sciences
- Health Administration
- Nursing
- Nutrition

Science and Engineering

- Agriculture
- Electrical Power Engineering
- Software Engineering
- Telecommunication
- Biochemistry

ပညာသင်ဆုများနှင့် ကျောင်းဘာသာရပ်များအကြောင်းကို မတ်လ ၂၁ရက်နေ့ ညနေ ၂နာရီမှ ၄နာရီအထိ Curtin University Australiaမှ တာဝန်ရှိသူ တစ်ဦးက Myanmar Search International (MSI) ရုံးခန်းတွင် ကျောင်းသားများနှင့် တစ်ဦးချင်း လာရောက်ဆွေးနွေးမည် ဖြစ်သည်။ ပညာသင်ဆုများနှင့် ကျောင်းဘာသာရပ်များကို စိတ်ဝင်စားသော ကျောင်းသားများ၊ Myanmar Search International (MSI) အမှတ် (၂၃၄)၊ ရွှေဘုံသာ အလယ်လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 01-389-915၊ 01-250-929နှင့် 09-510-3915တို့သို့ ဆက်သွယ်စုံစမ်း ကြိုတင် စာရင်း ပေးနိုင်ပါသည်။

CARTOON BY

သီဟ



# SYNCHRONET Art and Media Training Centerတွင် ၃လအတွင်း သင်တန်းအပ်နှံသူများကို 25% Discount ပေးနေပြီ

SYNCHRONET Art and Media Training Centerမှ March, April and May (၃)လအတွင်း သင်တန်းအပ်နှံသူများကို ၂၅% Discountများ ပေးနေပါပြီ။ ပုံမှန်သင်တန်းချိန်များအပြင်၊ ရုံးချိန်ပြင်ပ တက်ရောက်လိုသူများအတွက်ပါ အချိန်ညှိနှိုင်းပေးပါသည်ဟု သိရသည်။ တစ်တန်းလျှင် (၅)ဦးသာ လက်ခံသင်ကြားပေးပြီး တစ်ဦးလျှင် Mac Book Pro 15" တစ်လုံးစီဖြင့် ထိရောက်စွာ သင်ကြားပေးသော သင်တန်းဖြစ်သည်။ ဘာသာရပ်တိုင်းတွင် သင်ကြားပေးနေသည့် ဆရာများမှာ သင်တန်းနည်းပြ သက်သက် မဟုတ်ဘဲ ၎င်းတို့ ကျွမ်းကျင်သည့် နယ်ပယ်အသီးသီးတွင် Professionalအဖြစ် ရပ်တည်နေသူများ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လုပ်ငန်းခွင်တွင် တွေ့ကြုံရမည့် အခက်အခဲများနှင့် ပညာရပ်ပေါင်းများစွာကို လက်တွေ့ကျကျ လေ့လာသင်ယူနိုင်သည်ဟု သိရသည်။ Mac OSXနှင့် PC Microsoft Windows OS Systemတို့၏ တိုးတက်လာသော နည်းပညာရပ်များ၊ Keyboard Short Cut Keys ကွဲလွဲချက်များ၊ Macနှင့် PCတို့၏ အားနည်းချက် အားသာချက်များ၊ Apple Certified Proတစ်ယောက် ဖြစ်လာရန်အတွက် ဖြေဆိုနိုင်သော Examများအကြောင်း၊ Apple Pro Training Series Programများကိုပါ သင်ထောက်ကူပစ္စည်းစုံလင်စွာဖြင့် သင်တန်းသား၊ သင်တန်းသူများအား Professional Mac Appsများ ဖြစ်သည့် Final Cut Pro X, Logic Pro 9, Adobe CS6 Full Packetsများ အခမဲ့ ထည့်သွင်းပေးခြင်း၊ iPad, Mini iPad, iPhone စသော Apple Product အမျိုးမျိုးအတွက် Jail Breaking, Games and Application Installationနှင့် သင်ကြားနိုင်သည်။ Mac Book Proနှင့် Mac Airများအတွက် Memory Upgrade ပြုလုပ်ခြင်းများကို ကျောင်းသူ၊ ကျောင်းသားများအား ၅၀% Discount ပေးပြီး ပြုလုပ်ပေးပါသည်။ တက်ရောက်နိုင်သော Coursesများမှာ Advanced Graphic Design, Professional Web Design, Video Editing, Audio Engineeringများ တက်ရောက်နိုင်ပြီဟု သိရသည်။ သင်တန်းပြီးဆုံးပါက Outworkများ၊ Projectများ လက်တွေ့ပြုလုပ်၍ အရည်အချင်းအလိုက် ရမှတ်များ ပေးအပ်ပြီး Student IDများနှင့်အတူ သင်တန်းသား၊ သင်တန်းသူများ၏ တိုးတက်လာမှု Progressများကိုပါ သင်တန်းကျောင်း၏ Websiteပေါ်တွင် ဖော်ပြထားပေးမည်ဟု သိရသည်။ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် လိပ်စာများမှာ - No.18 (2/B), First Floor, Tha Pyay Nyo Building (1), U Tun Linn Chan St, Hledan, Kamayut Tsp, Yangon. ဖုန်း - 09-731-8710၊ 09-421-095-141.တို့တွင် မေးမြန်းနိုင်ပါသည်။

# (၁၀)တန်းဖြေဆိုပြီး သူများအတွက် English 4 Skills သင်တန်းကြေး (50% off) ဖြင့် ဖွင့်မည်

Hawaii Educatမှ ဥရောပနိုင်ငံ (၅၀)ကျော် အသိအမှတ်ပြု UK National Qualification Framework (NQF) Entry Level 2၊ Common European Framework (CEF) A2 Levelတို့နှင့် ညီမျှသော LCCI (UK) English 4 Skills (SET) Level 3 Certificate ရရှိမည့် တန်းခွဲကို 30/ March (Class A)နှင့် 6/ Apr (Class B)တို့တွင် ဖွင့်လှစ်သွားမည် ဖြစ်သည်။ ၎င်း Certificateကို ရရှိခြင်းဖြင့် နိုင်ငံခြား (University College)တို့တွင် သွားရောက် ပညာဆက်လက် ဆည်းပူးလိုသူများ၊ အလုပ်သွားရောက် လုပ်ကိုင်မည့်သူများ၊ နိုင်ငံခြား သင်္ဘောတက်မည့်သူများနှင့် EUROPE (၅၂)နိုင်ငံ ပြည်ဝင်ခွင့် ဗီဇာ လျှောက်မည့်သူများအတွက် အထောက်အကူမည် ဖြစ်သည့်အပြင်၊ မကြာမီဝင်ရောက်လာတော့မည့် နိုင်ငံတကာမှ ကုမ္ပဏီကြီးများ၊ Officeများ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းကြီးများ အစရှိသည်တို့တွင် ပူးပေါင်း ပါဝင် လုပ်ကိုင်နိုင်ရန် အတွက်လည်း အခွင့်အရေးကြီးများ ရရှိလာမှာဖြစ်ကြောင်း Hawaii Education၏ မန်နေဂျာ ဒေါ်မေဘာယ်စိုးက ပြောကြားသွားပါသည်။

ထို့ပြင် အင်္ဂလိပ်စာ အရည်အချင်းကောင်းမွန်ပြီး၊ မိမိကိုယ်မိမိ ယုံကြည်ချက် ရှိသူများအနေဖြင့် LCCI (UK) English 4 Skills (SET) Level 4မှ စတင်ကာ တက်ရောက်နိုင်မှာ ဖြစ်ကြောင်းလည်း ပြောကြားသွားပါသည်။ ၎င်းတန်းခွဲအား Hawaii Educationတွင် (၃)လကြာ Intenational Experienced Teacher Mr.Luis Alfonso Uribe Calleနှင့် သင်ယူရမှာ ဖြစ်ပြီး British Council (Myanmar)က ကြီးမှူးကျင်းပသော LCCIမှ စစ်မေးမည့် (UK Exam)ကို ဖြေဆိုရမှာ ဖြစ်သည်။ အင်္ဂလန်မှ တိုက်ရိုက်အောင် လက်မှတ်ထုတ်ပေးရာတွင် ရမှတ်ပေါင်း (50-59)% ရရှိပါက Pass၊ (60-74)% ရရှိပါက Merit၊ 75% အထက်ရရှိပါက Distinctionဟူ၍ ခွဲခြား ဖော်ပြပေးမှာ ဖြစ်ပါသည်။ တက်ရောက်လိုသူများ အနေဖြင့် အမှတ် (၁၉၂)၊ ပထမထပ်၊ ၂၈လမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - 248-211, 09-731-722-62သို့ ဆက်သွယ်ကာ ကြိုတင် စာရင်းသွင်း အပ်နိုင်ပြီဖြစ်ကြောင်း သိရပါသည်။

Kaung MOBILE
Sale & Services
အမှတ်(၆)၊ ကျားကွက်သစ်လမ်းမကြီး၊ ကျောက်မြောင်း၊တာမွေမြို့နယ်၊
ရန်ကုန်မြို့။ ၀၉ ၇၃၁၃၉၁၀၆၊ ၀၉ ၇၃၂၃၅၂၀၀၊ ၀၉ ၄၅၀၀၁၂၁၂၃

- လူကြီးမင်းတို့၏ တန်ဖိုးကြီးဖုန်းများတွင် ဖြစ်ပေါ်နေသော အခက်အခဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် စိတ်တိုင်းကျသည်အထိ တာဝန်ယူပြုပြင်ဆောင်ရွက်ပေးနေပါသည်။
- စင်္ကာပူနိုင်ငံထုတ် ဟန်းဆက်အမျိုးမျိုး နှင့် တရုတ်နိုင်ငံထုတ် Class : A , Class : B အဆင့်ရှိ ဟန်းဆက်များကိုလည်း အာမခံချက် အပြည့်အဝပေး၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။
- i Drvices အမျိုးမျိုးကို Application တင်ခြင်း၊ Game သွင်းခြင်း၊ IOS Version မြှင့်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးနေပါသည်။
- GSM \ CDMA ငွေဖြည့်ကဒ် အမျိုးမျိုးကိုလည်း လက်လီ/လက်ကား ရောင်းချပေးနေပါသည်။

ဝန်ထမ်းအလိုရှိသည်။
အရောင်းဝန်ထမ်း- (၃) ဦး (ကျား/မ)
Service ကျွမ်းကျင်- (၂) ဦး (ကျား)
(Hardware/ Software)
လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
April (10) ရက်နောက်ဆုံးထား
လျှောက်ထားနိုင်ပါသည်။

လူကြီးမင်းတို့ ဖုန်းနှင့် ပတ်သက်သမျှကို စိတ်ချမ်းသာမှုရချင်ရင် ကျွန်တော်တို့နှင့် အမြန်ဆက်သွယ်လိုက်ပါ။

အိုင်စီတီ ဂျာနယ် Volume 2, Issue 13
MYANMAR ICT JOURNAL

# ဖြစ်လေ့ ဖြစ်ထရှိတဲ့ Computer System Errorများ အကြောင်း

ခင်းသူ

ဒီတစ်ပတ်မှာတော့ Myanmar ICT Journal ပရိသတ်ကြီးအတွက် ကွန်ပျူတာမှာ ဖြစ်လေ့ ဖြစ်ထရှိတဲ့ Errorတွေ အကြောင်းကို အနည်းငယ် မျှဝေချင်ပါတယ်။ အားလုံး အပြည့်စုံဆုံး မဟုတ်တောင် ကိုယ်က နည်းနည်းပါးပါး သိထားတော့ ကောင်းတာပေါ့ဗျာ။ ဥပမာ - ကွန်ပျူတာက ခဏ ခဏ Hang နေတယ်။ ကိုယ်မလုပ်နိုင်သည့်တိုင် Computerကို Hang ဖြစ်စေတဲ့ အကြောင်းအရင်းလေးတွေ နည်းနည်းပါးပါး သိထားတော့ ပြင်တဲ့သူကို ခေါ်ရင်တောင် ကိုယ့်ကို လိမ်လို့ မရတော့ဘူးပေါ့။ သာမန် ကွန်ပျူတာ တစ်လုံးမှာ အများဆုံး ဖြစ်တတ်တဲ့ Errorတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ စတင် လေ့လာ ကြည့်လိုက် ရအောင်ပါ။

## Hang

ခင်ဗျားတို့ ကြုံဖူးလားတော့ မသိဘူး။ ကွန်ပျူတာက သုံးနေရင်းနဲ့ အလုပ်ဆက်လုပ်လို့ မရအောင် အကြာကြီး Hang ဖြစ်ဖြစ်သွားတယ်။ အဲဒါ ဘာကြောင့်ပါလဲ ...။

(1) Computer Memory မကောင်းရင် Hang ဖြစ်နိုင်ပါတယ်။

(2) CUPမှာ Heat အရမ်း တက်လာရင်လည်း Hang ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် အခု နောက်ပိုင်း ထုတ်တဲ့ CPUတွေကတော့ နည်းပညာ မြင့်လာပါပြီ။ အပူချိန် 80.C လောက် ရောက်လာရင် Computerကို Auto Shut Down လုပ်ပစ်ပါတယ်။

(3) နံပါတ် (၃) အနေနဲ့ကတော့ ကွန်ပျူတာမှာ Memory တစ်ချောင်းထက်မက စိုက်သုံးခဲ့မယ်ဆိုရင်လည်း ဖြစ်နိုင်ပါတယ်။ ဘာဖြစ်လို့ ဖြစ်နိုင်တာလဲဆိုတော့ စိုက်ထားတဲ့ Memory နှစ်ချောင်းက မတူညီရင်ပေါ့ဗျာ။ ဥပမာ Speed, Size .... etc

(4) Softwareကြောင့်လည်း ဖြစ်နိုင်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့က Onlineကနေ တွေ့သမျှ Softwareတွေ ကွန်ပျူတာမှာ Install လုပ်ပြီး စမ်းကြည့်ကြတယ်။ တစ်ခါတစ်လေမှာ အဲဒီ Softwareနဲ့ Computer Systemနဲ့ မကိုက်ညီတဲ့ အခါမျိုးတွေမှာ ဖြစ်တတ်ပါတယ်။

(5) နံပါတ် (၅) အနေနဲ့ကတော့ Low Power ပေါ့။ ပါဝါကြောင့်လည်း ဖြစ်တတ်ပါတယ်။

## Restart

ကွန်ပျူတာ ခဏခဏ Restart ဖြစ်စေတဲ့ အကြောင်းအရင်းတွေ အနေနဲ့ကတော့ .......

(1) Memory မကောင်းရင် ဖြစ်နိုင်ပါတယ်။

(2) Memory တစ်ချောင်းထက်မက စိုက်သုံးရင်လည်း ဖြစ်နိုင်ပါတယ်။

(3) Graphic Card (VGA Card ) Restart ဖြစ်နိုင်ပါတယ်။

(4) Power Supply မကောင်းရင်လည်း ဖြစ်နိုင်ပါတယ်။ ဥပမာ - AC Power အဝင် နည်းနေရင် Computerက ခဏ ခဏ Restart ကျသွားတတ်ပါတယ်။

(5) Motherboard မကောင်းရင်လည်း ဖြစ်နိုင်ပါတယ်။ ဘယ်လိုမျိုးလည်း ဆိုတော့ဗျာ။ Motherboard ဆိုတာ ခင်ဗျားတို့ သိတဲ့အတိုင်းပဲ ကွန်ပျူတာ System ဖုံးကို ဖွင့်လိုက်ရင် မြင်ရတဲ့ Circuit ပြားကြီးပဲလေ။ အဲဒီ Circuit ပြားကြီးက လုံးလုံး ပျက်သွားရင် ကောင်းသေး။ တစ်ကယ်လို့ မပျက်ပဲနဲ့ တချို့တလေ ချို့ယွင်းနေခဲ့ရင်လည်း Computerကို Restart ခဏ ခဏ ကျသွားတတ်ပါတယ်။

(6) နောက်တစ်ခု ကတော့ အားလုံး သတိမထားမိတဲ့ အပိုင်းလေးပါ။ ကျွန်တော်တို့ ကွန်ပျူတာ ဆင်တဲ့အခါမှာ Hard Diskကို ပေးတဲ့ Power လိုင်းနဲ့ Computer System Funကို ပေးတဲ့ Power လိုင်းကို အတူတူ ထားမိရင်လည်း Restart ဖြစ်နိုင်ပါတယ်။ အကောင်းဆုံးကတော့ သက်သက်စီ Power ပေးပြီး သုံးတာ ကောင်းပါတယ်။

## Blank Screen or No Display

(1) ဒီ Errorမှာလည်း Memoryပါ ပါတယ်။ သူက မင်းသားပေါ့ဗျာ။ Memory မကောင်းရင် No Display ဖြစ်နိုင်ပါတယ်။

(2) CPU (Processor) မကောင်းရင်လည်း ဖြစ်နိုင်ပါတယ်။

(3) Graphic Card မကောင်းရင်လည်း ဖြစ်နိုင်ပါတယ်။

(4) Motherboard မကောင်းရင်လည်း No Displayပါ။ Monitorမှာ ဘာမှပေါ်မှာ မဟုတ်ပါဘူး။


(5) နောက်တစ်ခုက Memory အထိုင်မကျရင် ဖြစ်နိုင်ပါတယ်။ တစ်ကယ်လို့ Computerမှာ System Speaker တပ်ထားခဲ့ရင်တော့ Beep အသံ အနေနဲ့ (အသံရှည်) ထုတ်ပေးပါတယ်။ တီ ......... ဆိုတဲ့ အသံပေါ့။

(6) နောက်တစ်ခု Memory စိုက်တဲ့ Slot ပျက်နေရင် No Displayပါ။ Beep အသံအနေနဲ့ Long Beepပါပဲ။ Computerရဲ့ Beep အသံတွေ အကြောင်းကိုတော့ ကျွန်တော် နောက်မှပဲ ရေးပေးတော့မယ်နော်။

(7) Motherboardပေါ်က 3Volt Battery အားကုန်နေရင်လည်း ဖြစ်တတ်ပါတယ်။ ဒါပေမယ့် တချို့ Motherboardတွေပဲ ဖြစ်တတ်ပါတယ်။ အကုန်လုံးတော့ မဟုတ်ပါဘူး ခင်ဗျာ။

(8) နောက်တစ်ခုက တချို့ Motherboardတွေက CMOS Settingမှာ Frequency and Voltage Control ဆိုတဲ့ Featureပါ ပါတယ်။ အဲဒီမှာ ချိန်တာ မှားနေရင်လည်း ဖြစ်တတ်ပါတယ်။ အဲဒါဆိုရင်တော့ လွယ်ပါတယ်။ CMOSကို Clear လုပ်လိုက်ရင် ပြန်ကောင်းလာပါလိမ့်မယ်။ Clear လုပ်တာကလည်း လွယ်ပါတယ်။ Motherboardပေါ်က CMOS Clearလို့ ရေးထားတဲ့ Jumperကို ဟိုဘက် ဒီဘက် ပြောင်းတပ်လိုက်ရင် ရပါတယ်။ ဒါမှ မဟုတ် 3Volt Batteryကို ခဏ ဖြုတ်ထားပြီး ပြန်တပ်လိုက်ရင် Clear (Default) ပြန်ဖြစ်သွားပါတယ်။

## Parity Error (or) Blue Screen




Blue Screen Error ကတော့ နားလည်ရ ခက်တဲ့ Error ပါ ။ ဒါပေမယ့် ဖြစ်လေ့ရှိတဲ့ Error လေးတွေကို ကျွန်တော် ပြောပြပေးပါ့မယ်။

(1) Memory မကောင်းရင် ဖြစ်တတ်ပါတယ်။ ဟော လာပြန်ပြီနော် Memory ဒီကောင်က တော်တော် Error များတဲ့ ကောင်ပဲ။

(2) Motherboard မကောင်းရင်လည်း ဖြစ်နိုင်ပါတယ်။

(3) Hard Drive မကောင်းရင်လည်း ဖြစ်နိုင်ပါတယ်။

(4) Softwareတွေကြောင့်လည်း ဖြစ်နိုင်ပါတယ်။

ကျွန်တော် အရင်တုန်းကဆို Computerမှာ Blue Screen (or) Parity Error တက်လာရင် တော်တော် ကြောက်တယ်ဗျ။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီကောင်က Hexa Noတွေနဲ့ ပြတာလေ။ လူသိပ်နားမလည်နိုင်တဲ့ Errorတွေပေါ့။ ဖြစ်တတ်တဲ့ Errorတွေကို ကျွန်တော် သိသလောက် ရေးပြပေးထားပါတယ်။ တချို့ မသိတဲ့ Errorတွေဆို Hexa Noကို မှတ်ထားပြီး Internetပေါ်က Search Engine (Eg: Google)တွေကို အသုံးပြုပြီး ဘာကြောင့် ဖြစ်တာလဲ ဆိုတာကို အလွယ်တကူ ရှာဖွေ ဖြေရှင်းနိုင်ပါတယ်။

Blue Screen Errorမှာ Hexa Noတွေက တစ်ခါနဲ့ တစ်ခါ မတူပဲ အမျိုးမျိုး ပြနေရင် အဲဒါ Software တစ်ခုခုကြောင့် ဖြစ်နိုင်ပါတယ်။ သံသယ ရှိတဲ့ Softwareကို ဖြုတ်ကြည့်ပြီး ပြန်စမ်းကြည့်လိုက်ပါ။

ရှေ့ဆုံး ဂဏန်း (1xxxx) နဲ့ စရင် Motherboard Error ဖြစ်နိုင်ပါတယ်။

ရှေ့ဆုံး ဂဏန်း (2xxxx) နဲ့ စရင် Main Memory ဖြစ်နိုင်ပါတယ်။ နောက်တစ်ခု Memory ကြောင့်လား သိချင်တယ်ဆိုရင် ပြတဲ့ Hexa Noတွေကို မှတ်ထားပါ။ ပြီးရင် နောက်တစ်ချိန် ပြန်ဖွင့်ကြည့်ပါ။ ပထမ ပြတဲ့ Noတွေနဲ့ပဲ တူနေရင် Memoryကြောင့် ဖြစ်နိုင်ပါတယ်။

ရှေ့ဆုံးဂဏန်း (3xxx) နဲ့စရင် Keyboard Error ဖြစ်နိုင်ပါတယ်။

ရှေ့ဆုံးဂဏန်း (5xxxx) နဲ့ စရင် Graphic Card Error ဖြစ်နိုင်ပါတယ်။

ရှေ့ဆုံးဂဏန်း (14xxxx) နဲ့ စရင် Printer Error ဖြစ်နိုင်ပါတယ်။

ရှေ့ဆုံးဂဏန်း (17xxxx) နဲ့စရင် Hard Drive Controller Error ဖြစ်နိုင်ပါတယ်။

ရှေ့ဆုံးဂဏန်း (86xxxx) နဲ့စရင် Mouse Error ဖြစ်နိုင်ပါတယ်။

တခြား Error Noတွေလဲ ဖြစ်နိုင်ပါသေးတယ်။ ဒါပေမဲ့ Parity Error ဆိုတာမျိုးက ဖြစ်ခဲပါတယ်။ ဖြစ်ခဲ့ရင်လည်း ကြောက်စရာ မလိုပါဘူး။ ဒီလိုပဲ Onlineမှာ Solution ရှာပြီး ဖြေရှင်းကြည့်လို့ ရပါတယ်။ အဆင်ပြေသွားမှာပါ။ ICT ပရိတ်သတ် အားလုံးပဲ နိဂုံးချုပ် အနေနဲ့ ပြောချင်တာကတော့ ကောင်းသော နေ့လေးတွေ ပိုင်ဆိုင်ကြပါစေ။ ကြိုးစားပါဦးမည် ... လေးစားစွာဖြင့် ......

# World Mapping အပိုင်းမှာ Googleနဲ့ ပြိုင်ဖို့အတွက် Appleရဲ့ ပထမ ခြေလှမ်း

မင်းခန့်


Image Credit: www.apple.com

Appleဟာ မတ် ၂၅ ရက်နေ့မှာပဲ Indoor-mapping ကုမ္ပဏီတစ်ခုဖြစ်တဲ့ Wifislamကို ဝယ်ယူလိုက်တယ်လို့ သိရပြီး Googleနဲ့အပြိုင် World-Mapping အပိုင်းကို လွှမ်းမိုးနိုင်ဖို့ ရည်ရွယ်ထားကြောင်း သိရပါတယ်။ BBCနဲ့ Appleရဲ့ တွေ့ဆုံမေးမြန်းချက်များအရတော့ Appleဟာ Googleထက် ပိုမို အနစိပ်တဲ့ မြေပုံကို ဖန်တီးဖို့ရည်ရွယ်ထားကြောင်းနဲ့ အဆောက်အဦတစ်ခုကို မြေပုံတွင်ကြည့်ရှုရာမှာ ၈ ပေ (၂.၅ မီတာ)ထိ တိကျအောင် ဆောင်ရွက်သွားဖို့ ရှိတယ်လို့ ဆိုပါတယ်။ Wall Street ဂျာနယ်ရဲ့ ဖော်ပြချက်မှာတော့ Appleဟာ Wifislamကို ဝယ်ယူဖို့အတွက် ဒေါ်လာသန်း ၂ဝ(စတာလင်ပေါင် ၁၃သန်း) ကုန်ကျတယ်လို့ ဆိုပါတယ်။ Appleဟာ အခုဖန်တီးမယ့် မြေပုံအသစ်ကို SmartPhone တွေမှာ အဓိက တပ်ဆင်အသုံးပြုနိုင်ဖို့ ရည်ရွယ်ပြီး ဖန်တီးသွားမှာဖြစ်ကြောင်း သိရပါတယ်။ ယခုလက်ရှိ ဈေးကွက်မှာရှိနေတဲ့ Microsoft's Bing Mapဟာ တည်နေရာပေါင်း ၃,ဝဝဝ ကိုကြည့်ရှုနိုင်ပြီး Nokia's Destination Maps ကတော့ တည်နေရာပေါင်း ၄,ဝဝဝ လောက် ကြည့်ရှုနိုင်တယ် ဆိုပါတယ်။ Appleဟာ လွန်ခဲ့တဲ့နှစ်အတွင်းကတော့ မြေပုံတစ်ခုကို ဈေးကွက်တင်ခဲ့ဖူးပြီး မြေပုံစနစ်မှာ ချွတ်ယွင်းချက်များ ရှိခဲ့ဖူးကြောင်းလည်း သိရပါတယ်။

Ref: www.apple.com

# Appleမှ ဈေးနှုန်းချိုသာသော Plastic-body iPhone 5ကို June, Julyတွင် ဈေးကွက်တင်မည်


Image Credit: www.apple.com

Appleမှ တီထွင် ဖန်တီးသူများအဖွဲ့က ယခုလက်ရှိ အသုံးပြုနေတဲ့ Smart Phoneတွေရဲ့ ကုန်ကျစရိတ်ထက် ထက်ဝက်ခန့် သက်သာမယ့် Plastic-Body iPhone 5ကို လာမည့် ဇွန်နှင့် ဇူလိုင်လအတွင်း ဈေးကွက်တင်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်ပါတယ်။ Jefferies & Companyမှ စီမံခန့်ခွဲရေး တာဝန်ခံ Peter Misekကလည်း အဆိုပါ iPhone 5အကြောင်းကို ထပ်မံအတည်ပြု ပြောကြားခဲ့ပါတယ်။ ထို့အပြင် Amit Daryanani ဒါမှမဟုတ် RBC Capital Markets တို့ကလည်း အဆိုပါ စရိတ်နည်း Plastic-Body iPhone 5 အကြောင်းကို ဖော်ပြခဲ့ကြပါတယ်။ ယခုလအစောပိုင်း ခန့်မှန်းချက်များ အရတော့ အဆိုပါ iPhone 5ဟာ ဒေါ်လာ ၃၃ဝခန့် ကုန်ကျနိုင်ကြောင်းနှင့် ကနေဒါ၊ တရုတ်စသော ဈေးကွက်တွင် အဓိက ဖြန့်ဖြူး ရောင်းချသွားမည် ဖြစ်ကြောင်း သိရပါတယ်။ iLoungeမှ Jeremy Horwitzကတော့ Display အပိုင်း၊ Chargingနဲ့ ၊ Syncingအပိုင်းတွေမှာ Appleရဲ့ ဆန်းသစ်မှု အသစ်တစ်ခုကို မကြာခင် မြင်တွေ့ရမည် ဖြစ်ကြောင်း ပြောပါတယ်။ ဒါ့အပြင် Horwitzကပဲ ဆက်လက်ပြီး Appleမှ iPhone 5S အဖြစ်နဲ့ အဆင့်မြှင့်ပြီး Rear Cameraများကိုပါ တပ်ဆင်သွားမည် မဟုတ်ကြောင်းကိုတော့ ပြောကြားခဲ့ပါတယ်။

Ref: www.apple.com

Advertisement









အိုင်စီတီ ဂျာနယ်
Volume 2, Issue 13
MYANMAR ICT JOURNAL

How-to

# ဖုန်းထဲမှာရှိတဲ့ Applicationတွေကို SD Cardထဲ ပြောင်းချင်ရင် ...

ရဲထား




ဖုန်းထဲမှာရှိတဲ့ Applicationတွေကို SD Cardထဲ ပြောင်းချင်ရင် ဘယ်လိုလုပ်ရမလဲ၊ ဘာတွေဖြစ်နိုင်သလဲဆိုရင် Applicationတွေကို SD Cardထဲကို ပြောင်းရင် ဖုန်းMemory ပေါ်မှာ အလုပ်လုပ်နေတဲ့ Applicationတွေဟာ SD Cardပေါ်မှာ အလုပ်လုပ်နေပါလိမ့်မယ်။ ဘယ်လို ပြောင်းရမလဲဆိုရင် Applicationတွေကို အသုံးပြုလို့ ရနိုင်သလို Android Version 4.0 ဖုန်းတွေမှာ Setting> Application> Move To SD ဆိုပြီး ပြောင်းချင်တဲ့ Applicationကို ပြောင်းလို့ရပါတယ်။ ပြောင်းချင်တဲ့ Applicationဆိုတာက အားလုံးတော့ မဟုတ်ပါဘူး။ ဒီနည်းက Built-in Memory နည်းတဲ့ ဖုန်းတွေမှာ အသုံးပြုရင် Application အများစုကို ဖုန်းထဲမှာ Install လုပ်လို့ရသွားမှာပါ။ အခု Application တစ်ခုကို အသုံးပြုပြီး SD Cardထဲ ရွှေ့မှာပါ။ Application နာမည်က Move Appsပါ။

Install လုပ်ပြီးရင် Move Appsကို ဖွင့်လိုက်ပါ။ Movable, On SD Card, Phone Only, All စတာတွေကို တွေ့ပါလိမ့်မယ်။ Movableဆိုတာ SD Cardထဲ ရွှေ့လို့ရတဲ့ Applicationတွေကို ဖေါ်ပြပေးထားတာပါ။ On SD Cardဆိုတာ SD Cardထဲ ရွှေ့ထားတာတွေကို ဖေါ်ပြပေးထားတာပါ။ Phone Only ဖုန်း Built-in Memoryထဲမှာ သွင်းထားတဲ့ Applicationတွေပါ။ အဲဒီ Applicationတွေကိုတော့ ရွှေ့လို့ရမှာ မဟုတ်ပါဘူး။ All, Application အကုန်လုံးကို ပြပေးထားတာပါ။ Movableထဲမှာရှိတဲ့ Applicationကို ရွှေ့ချင်ရင် ရွေးပေးပြီး Move To SD Cardကို နှိပ်လိုက်တာနဲ့ SD Cardထဲ ရောက်သွားပါပြီ။ Move Apps Applicationကို ဒေါင်းပြီး အဆင်ပြေပြေ စမ်းနိုင်ကြပါစေဗျာ။

# ဖုန်းမှာပါတဲ့ Power ခလုတ်ကို အသုံးမပြုချင်ဘူးဆိုရင်


ရဲထား




တကယ်လို့များ ဖုန်းမှာပါတဲ့ Power ခလုတ်ကို အသုံးမပြုချင်ဘူး။ မကြာခဏ နှိပ်ရင် ပျက်သွားမှာ စိုးရိမ်တဲ့ Userတွေအတွက် Application ကောင်းလေး တစ်ခု ပေးချင်ပါတယ်ဗျာ။ သူ့ကို အသုံးပြုမယ်ဆိုရင် Power ခလုတ်ကို အသုံးပြုရတဲ့ သက်တမ်းတစ်ဝက် သက်သာစေပါတယ်။ ဘယ်လို သက်သာတာလဲ ဆိုရင် ဖုန်းဖွင့်တဲ့ အချိန်မှာပဲ Power ခလုတ်ကို အသုံးပြုရမှာ ဖြစ်ပြီး ပိတ်တဲ့အချိန်မှာ ဒီ Applicationကို အသုံးပြုလို့ရပါတယ်။ Application နာမည်က Screen Off and Donateပါ။ ကြိုက်တဲ့ဆိုဒ်မှာ ဒေါင်းပြီး အသုံးပြုလို့ရပါတယ်။

# Memory Stickကို သုံးပြီး ကွန်ပျူတာရဲ့ Speedကို မြှင့်တင်မယ်

ညီညီနိုင်




Memory Stickကို Random Access Memory (RAM)အဖြစ် အသုံးပြုပြီး မိမိကွန်ပျူတာရဲ့ Speedကို မြှင့်တင်တဲ့ နည်းလမ်းကို Netbook အသုံးပြုသူ တော်တော်များများ အသုံးပြုကြပါသည်။ အကြောင်းရင်းကတော့ Netbookတွေ တော်တော်များများဟာ RAM 1GBလောက်ပဲ ပါဝင်လေ့ရှိကြလို့ပဲ ဖြစ်ပါတယ်။ အသုံးပြုဖို့ နည်းလမ်းကလည်း ရိုးရှင်းလွယ်ကူပါတယ်။ မိမိရဲ့ Systemမှာ တပ်ဆင်မယ့် Flash Driveမှာ နေရာလွတ် (Free Space) 256MBလောက်တော့ အနည်းဆုံး ရှိဖို့ လိုပါတယ်။

ပြုလုပ်ပုံကတော့ ပထမဦးဆုံး Memory Stickကို USB Portမှာ တပ်ဆင်လိုက်ပါ။ AutoPlay တက်လာပြီဆိုရင်တော့ Speed Up My Systemဆိုတာလေးကို ပုံထဲမှာ ပြထားတဲ့ အတိုင်း ရွေးချယ်ပေးပါ။ ရွေးချယ်လိုက်ပြီဆိုရင်တော့ Properties Dialog Boxလေး ကျလာပါလိမ့်မယ်။ Properties Dialog Box ကျလာပြီ ဆိုရင်တော့ ReadyBoost Tabရဲ့အောက်မှာ Use This Deviceဆိုတဲ့ Optionကို ရွေးပေးလိုက်ပါ။ ပြီးရင်တော့ Memory Space ဘယ်လောက်များများ ရယူ သုံးစွဲမလဲဆိုတာကို ရွေးချယ်ပေးရပါလိမ့်မယ်။ ဘယ်လောက် ပမာဏ သုံးစွဲသင့်တယ်ဆိုတဲ့ အကြံပြုချက်ကိုလည်း Recommend ပေးထားတာ တွေ့ရပါလိမ့်မယ်။ မိမိတပ်ဆင်ထားတဲ့ Memory Stick, Flash Driveရဲ့ Free Space အပေါ်မှာ မူတည်ပြီး ရွေးချယ်ပြီးရင်တော့ OK Buttomကို နှိပ်ပေးလိုက်ပါ။ ReadyBost Configure လုပ်တာကို ခဏစောင့်လိုက်ပြီးရင်တော့ System Perfermance ပိုမို ကောင်းမွန်လာတာကို တွေ့ရမှာပါ။ My Computer ထဲကို ဝင်ကြည့်ရင်တော့ သုံးစွဲထားတဲ့ ပမာဏကို ဖော်ပြထားမှာ ဖြစ်သလို အသုံးမပြုလိုတော့ဘူးဆိုရင်တော့ ပုံမှန်အတိုင်းပဲ Eject လုပ်ပြီး ဖြုတ်ယူလိုက်ရုံပဲ ဖြစ်ပြီး ReadyBoost Option မပါဘဲ ဆက်လက်လုပ်ဆောင်ဖို့ Continueကို ရွေးချယ်ပြီး ReadyBoostကို ရပ်နားပေးရမှာ ဖြစ်ပါတယ်။ ဒါဆိုရင်တော့ သင့်ရဲ့ Memory Stickထဲမှာ ReadyBoost File မရှိတော့ဘဲ Data Storage ပြန်လည်လုပ်ဆောင်ဖို့ နေရာလွတ်တွေ ပြန်ရလာမှာပါ။ ReadyBoostကို ရပ်နားဖို့ မလုပ်ဆောင်ခဲ့ဘဲ Memory Stickကို ဖြုတ်ခဲ့မယ် ဆိုရင်တော့ နောက်တစ်ကြိမ် ပြန်လည် တပ်ဆင်တဲ့အခါမှာ အသုံးပြုဖို့အတွက် Stickထဲမှာ နေရာယူထားပြီးသား ဖြစ်နေမှာပါ။

ဒီလိုမျိုး နည်းလမ်းနဲ့ System Performanceကို မြှင့်တင်တာဟာ မူလစွမ်းဆောင်ရည် မြင့်မားပြီးသား Deviceတွေလောက် ကောင်းမွန်မယ်လို့ မဆိုလိုပါဘူး။ ဒါပေမယ့် အရင်ကထက် မြန်ဆန်တဲ့ Performanceတွေ ရရှိပြီး Multitasking စွမ်းဆောင်ရည် ပိုမို ကောင်းမွန်လာတာကတော့ အမှန်ပါပဲ။ ယခုခေတ်မှာ Memory Stickတွေကလည်း ဈေးချိုတာမို့ ကုန်ကျစရိတ် သက်သက်သာသာနဲ့ System Performance မြှင့်တင်နိုင်ဖို့အတွက် တင်ပြလိုက်ရပါတယ်။

Ref: www.howtogeek.com

# VYBEကို သုံးပြီး ကိုယ်ပိုင် Vibration Ringtone တည်ဆောက်မယ်ဆိုရင်

ခင်ဆန့်




တကယ်လို့များ သင်ဟာ အစည်းအဝေး လုပ်နေတဲ့အချိန်၊ ဒါမှမဟုတ် အကြောင်းတစ်ခုခုကြောင့် Ringtone ဖျောက်ထားတဲ့ အချိန်တွေမှာဆိုရင် Vibration Alertဟာ သင့်ကို ဖုန်းလာနေတဲ့အကြောင်းကို အချက်ပြ ပေးပါလိမ့်မယ်။ ဒီနေရာမှာ Auto Vibrationတွေဟာ ပုံမှန်အတိုင်းသာ Vibrate လုပ်ပေးသွားမှာ ဖြစ်ပြီး VYBE ကိုသာ အသုံးပြုမယ် ဆိုရင်တော့ Vibrate လုပ်တဲ့ တုန်ခါနှုန်းကိုပါ အမျိုးအစားခွဲပြီး စိတ်ကြိုက် ဖန်တီးနိုင်မှာ ဖြစ်ပါတယ်။ အလွယ်ဆုံး ပြောရရင်တော့ VYBEဟာ Contactတွေကို အမျိုးအစားခွဲပြီး မှတ်ထားနိုင်အောင် ကူညီပေးမယ့် Free Tool တစ်ခု ဖြစ်ပါတယ်။ တကယ်လို့ သင်စိတ်ဝင်စားမယ် ဆိုရင်တော့ Google Playမှာ ဝင်ရောက် ရှာဖွေပြီး Download လုပ်နိုင်ပါတယ်။ ပထမအဆင့် အနေနဲ့ အနီရောင် Record ခလုတ်ကို သုံးပြီး သင့်စိတ်ကြိုက် Vibrate တစ်ခုကို ကူးယူလိုက်ပါ။ တကယ်လို့ Record လုပ်ပြီး သဘောကျ နှစ်ခြိုက်တယ် ဆိုရင်တော့ Main Circular Buttonကို သုံးပြီး သိမ်းထားနိုင်ပါတယ်။ ဒါ့အပြင် Morse Codeတွေ၊ Percussive Patternတွေနဲ့ တခြား ဖန်တီးထားတဲ့ အသံတွေကိုလည်း သိမ်းထားနိုင်ပါ သေးတယ်။ အချိန် အနည်းငယ်လောက် Record လုပ်ပြီးရင်တော့ ကိုယ်ဖန်တီးထားတဲ့ Vibrateကို ပြန်ဖွင့်ပြီး ပြန်ပြီး ခံစားကြည့်သင့်ပါတယ်။ ဒါမှလည်း ကိုယ်ဖန်တီးလိုက်တဲ့ Vibrateဟာ ပုံမှန် Vibrateတွေနဲ့ ပုံစံ ကွဲရဲ့လား၊ ကိုယ်တိုင်ရော အလွယ်တကူ မှတ်မိနိုင်လောက်ရဲ့လား ဆိုတာတွေ ဆန်းစစ် နိုင်မှာပါ။ တကယ်ပဲ သဘောကျတယ်ဆိုရင်တော့ Disk Iconကို နှိပ်ပြီး သိမ်းထားနိုင်မှာ ဖြစ်သလို၊ မကြိုက်သေးရင်တော့ Flash Buttonက တစ်ဆင့် အသစ်က ပြန်စနိုင်ပါတယ်။ တစ်ခါတည်း အသုံးပြုမယ်ဆိုရင်တော့ Screenရဲ့ ညာဖက်ထောင့်မှာရှိတဲ့ Add Contact Buttonကတဆင့် တပ်ဆင် အသုံးပြုနိုင်မှာ ဖြစ်ပြီး Settingထဲက Apply to Callနဲ့ Apply to SMSတွေက တစ်ဆင့် ကိုယ်အသုံးပြုမယ့် Ring အမျိုးအစားကို ရွေးချယ်ရမှာပါ။ အဲဒီလို Vibration Ringtoneတွေ ဖန်တီးထားလို့ များလာခဲ့ပြီ၊ ဒါမှမဟုတ် ကိုယ်ဖန်တီးထားတဲ့ Vibrationကို အသုံးပြုတော့မယ် ဆိုရင်တော့ Settingထဲကို ဝင်ရောက်ပြီး ပြောင်းလဲ အသုံးပြုနိုင်ပါတယ်။ ဒါပေမဲ့ VYBEရဲ့ စည်းကမ်းချက် တစ်ခုကတော့ Contact တစ်ခုချင်းစီအတွက် Vibrate တစ်ခုစီ ထားပေးရမှာ ဖြစ်ပါတယ်။ ဖန်တီးထားတဲ့ Vibrateတွေနဲ့ ပတ်သက်တဲ့ Manageတွေကိုတော့ Screenရဲ့ ဘယ်ဘက် အောက်ဖက်ထောင့်မှာ ရှိတဲ့ Appက တစ်ဆင့် လုပ်နိုင်မှာပါ။

Ref: www.howtogeek.com

## Web Guide

### လှပဖို့ အကြံဉာဏ်ပေးမယ်



http://beautyandfashionadvice.com

အလှအပရေးရာ၊ ဖက်ရှင်၊ ကျန်းမာရေးဆိုင်ရာ အကြံဉာဏ်ပေးတဲ့ ဝက်ဘ်ဆိုက်ပါ။ ဆံကေသာ၊ အသားအရေ၊ မိတ်ကပ်၊ မျက်ခုံးအလှ၊ နှုတ်ခမ်း၊ နှုတ်ခမ်းနီ၊ လက်သည်းအလှနဲ့ အစားအသောက်ဆိုင်ရာ အကောင်းဆုံး အကြံဉာဏ် ပေးချက်တွေကို ကြည့်ရှုနိုင်မှာ ဖြစ်ပြီး ဖက်ရှင်ရေးရာ ဆောင်ရန်၊ ရှောင်ရန်တွေကိုလည်း ဖတ်ရှုရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အလှအပအတွက် အထောက်အကူ ပြုစေဖို့ရာ ဂရုစိုက်ရမယ့် ကျန်းမာရေး အလေ့အကျင့် ကောင်းတွေလည်း တင်ပြပေးထားတဲ့အပြင် လှပတဲ့ အသားအရေအတွက် လျှို့ဝှက်ချက်၊ ပိန်ပါးသွယ်လျစေဖို့ နည်းလမ်း၊ မိန်းမတိုင်း ဆောင်ထား သင့်တဲ့ ဘာညာဘာညာတွေ၊ ညလယ်စာကို ဘယ်လိုရှောင်မလဲ၊ ဖက်ရှင် ရှော့ပင်းထွက်ခြင်းရဲ့ မှားယွင်းမှု အချက်များ၊ မျက်နှာသွင်ပြင်နဲ့ ပတ်သက်သမျှ မျက်ခုံးမွေးဆွဲနည်း စတဲ့ အကြံပေးချက် ဆောင်ပါးတွေပါ ဖတ်မှတ်နိုင်မှာ ဖြစ်ပါတယ်။

### အလုပ်လုပ်ပါ ငွေစုပါ



http://www.business.com

ကွမ်းယာဆိုင်ကအစ ကုမ္ပဏီ အဖွဲ့အစည်းတွေအထိ မိမိရဲ့ လုပ်ငန်းကို ရေရှည် အောင်မြင်တဲ့ လုပ်ငန်းတစ်ခု ဖြစ်ချင်ရင် ဒါမှမဟုတ် နိုင်ငံတကာ အဆင့် မီစေချင်ရင် ပုံမှန် အမြတ်ဝင်ငွေ ရရှိနေရုံနဲ့ မဖြစ်နိုင်သေးပါဘူး။ လူလည်းလှ၊ စိတ်လည်းလှမှ ပြည့်စုံနိုင်သလို နေရာနဲ့ စနစ်ကောင်း ရှိမယ်ဆိုရင် လုပ်ငန်း မအောင်မြင်သေးရင်တောင် ကျရှုံးဖို့လမ်း မရှိပါဘူး။ ဒီဝက်ဘ်ဆိုက်ကတော့ အောင်မြင်တဲ့ လုပ်ငန်းဖြစ်ဖို့ရာ လိုအပ်တဲ့ နည်းဗျူဟာ အသွယ်သွယ် ခင်းကျင်းတင်ပြထားပြီး လုပ်ငန်းရေးရာ အကြံပေးချက်၊ ဖြေရှင်းချက်တွေ ရယူနိုင်မှာ ဖြစ်ပါတယ်။ Accounting၊ ဆောက်လုပ်ရေး၊ ငွေကြေး၊ ပညာရေး၊ Human Resource၊ စက်မှုထုတ်ကုန်၊ အင်တာနက်၊ ဥပဒေ၊ စီမံခန့်ခွဲမှု ဗျူဟာ၊ ရုံးတွင်းစည်းကမ်း၊ ဈေးကွက်၊ ဆော့ဖ်ဝဲနှင့် နည်းပညာ၊ ဖြန့်ချိရေး စတဲ့ လုပ်ငန်းနဲ့ ပတ်သက်တဲ့ အကြောင်းအရာစုံ ရေးသား တင်ပြပေးထားပါတယ်။

### ကျော်မယ် ခွမယ်



https://ultrasurf.us

အင်တာနက်လိုင်း ကြပ်၊ ပြတ်တောက်တာတွေ ဖြေရှင်းပေးနိုင်မယ့် Ultra Surf 10.06 ဗားရှင်းကို အခမဲ့ ရယူနိုင်မယ့် ဝက်ဘ်ဆိုက်ပါ။ ရယူနိုင်မှာ ဖြစ်ပြီး လုံခြုံစိတ်ချမှု အပြည့်အဝ ရှိပြီး အဆင့်မြင့် Encryptionနဲ့ Proxy နည်းပညာ သုံးစွဲထားတဲ့အတွက် ဘယ် ဝက်ဘ်ဆိုက်ကို ကြည့်ကြည့် ထောက်လှမ်း ကြည့်ရှု မရနိုင်အောင် ကွန်ပျူတာ IPကို ဖျောက်ထားပေးနိုင်တယ်လို့ ဆိုပါတယ်။ အသုံးပြုလိုသူတွေ အနေနဲ့ ဒေါင်းလုပ်ရယူပြီး exe ဖိုင်ကို Double Click လုပ်ပါ။ Optionမှာ Proxy Settingကို ဝင်ပြီး Auto Detect Proxy Radio Buttonကို ရွေးချယ်ပါ။ IE  အသုံးမပြုချင်သူတွေက Do not use IEကို ရွေးချယ် ပေးခဲ့ပြီး Firefox Browserက Network Connection Settingမှာ HTTP Proxy: 127.0.0.1နဲ့  Port: 9666 ရိုက်ထည့်ကာ No Proxy for: localhost, 127.0.0.1 ပေးလိုက်ရင် ရပါပြီ။

### လေ့လာစရာ သိပ္ပံနည်းပညာ



http://www.learningscience.org

သိပ္ပံနှင့်နည်းပညာရပ်တွေကို လေ့လာသင်ယူနိုင်မယ့် Learning Tools တွေ စုစည်းပေးထားတဲ့ ဝက်ဘ်ဆိုက်ပါ။ သိပ္ပံပညာရေး သုတေသနပြု သုံးသပ်ချက်တွေ တင်ပြ ပေးထားတဲ့အပြင် ဆရာ၊ ကျောင်းသားတွေနဲ့ စိတ်ဝင်စားသူ မည်သူမဆို သင်ယူ လေ့ကျင့်နိုင်မယ့် Interactive Lessonတွေလည်း ပါရှိပါတယ်။ ဒါ့အပြင် Science as Inquiry, Physical Science, Life Science, Earth & Space, Science & Technology, Science & Society နဲ့ The History & Nature of Scienceစတဲ့ သိပ္ပံဘာသာရပ်တွေကို အသက်အရွယ်နဲ့ Level အလိုက် သင်ယူနိုင်မှာဖြစ်ပြီး ဗီဒီယိုပြကွက်တွေပါ ကြည့်ရှုရမှာ ဖြစ်ပါတယ်။

### ဒစ်ဂျစ်တယ် လက်မှတ်



http://mylivesignature.com

အွန်လိုင်းပေါ်မှာ သတင်း၊ ဓာတ်ပုံ၊ အီးမေးလ်နဲ့ ဘလော့ခ်တွေ တင်တဲ့အခါ မိမိရဲ့ လက်ရေးမူရင်း လက်မှတ်ကို ဒစ်ဂျစ်တယ် လက်မှတ် အသွင်နဲ့ပြောင်းကာ ထည့်သွင်းပေးနိုင်မယ့် ဝက်ဘ်ဆိုက် ဖြစ်ပါတယ်။ Register  ပြုလုပ်ရန်ပင် မလိုဘဲ မိမိပြုလုပ်ထားတဲ့ ဒစ်ဂျစ်တယ် လက်မှတ်တွေကို တစ်နေရာတည်းမှာ သိမ်းဆည်းပေးထား နိုင်ပါတယ်။ ဒီဂျစ်တယ်လက်မှတ် ပြုလုပ်သူတွေအနေနဲ့ Image အဖြစ် အခမဲ့ ပြုလုပ် ရယူနိုင်မှာဖြစ်ပြီး သက်ဝင်လှုပ်ရှားမှု Animated Image အဖြစ် ဖန်တီး ရယူချင်ရင်တော့ ငွေပေးချေရမှာ ဖြစ်ပါတယ်။  ပြုလုပ်လိုသူတွေ အနေနဲ့ Start Now ကိုနှိပ်ပြီး Signature Creation Wizardမှာ နာမည်ထည့်၊ လိုချင်တဲ့ ပုံသဏ္ဌာန်၊ စာလုံး အရွယ်အစား၊ ကာလာနဲ့ Slope ရွေးပြီးရင် ပေးထားတဲ့ ID နံပါတ်ကို ကူးယူကာ အသုံးပြုနိုင်ပါပြီ။

### သရီးဒီ ချက်ရွှန်း



http://www.imvu.com

ဒီဝက်ဘ်ဆိုက်ကတော့ ဂိမ်းနဲ့ ဖျော်ဖြေရေးအတွက် ကြည့်ရှုနိုင်မယ့် ဝက်ဘ်ဆိုက်ဖြစ်ပြီး သန်းပေါင်းများစွာသော လူတွေ တွေ့ဆုံ စကားပြော၊ ဂိမ်းဆော့ကြတဲ့ ဝက်ဘ်ဆိုက် ဆိုရင်လည်း မမှားပါဘူး။ အခန်း၊ ဈေးဆိုင်နဲ့ ရုပ်ပုံတွေကို စိတ်ကြိုက် အလှတန်ဆာ ဆင်ယင်ပေးနိုင်မှာ ဖြစ်တဲ့အပြင် ကိုယ်ပိုင် ရုပ်ပုံတွေကိုလည်း သရီးဒီအဖြစ် ဖန်တီးနိုင်တဲ့ အတွက် စတား ဒီဇိုင်နာ တစ်ယောက်လည်း ဖြစ်နိုင်ပါသေးတယ်။ ကမ္ဘာတဝန်းက သူငယ်ချင်း အသစ်တွေနဲ့လည်း မိတ်ဖွဲ့နိုင်ပြီး ဖက်ရှင်၊ ပရိဘောဂစတဲ့ ကိုယ်ပိုင်ဒီဇိုင်းတွေ အခမဲ့ ဖန်တီးကာ ဒီဝက်ဘ်ဆိုက်မှ တစ်ဆင့် ရောင်းချနိုင်မှာလည်း ဖြစ်ပါတယ်။ အသုံးပြုလိုသူတွေ အနေနဲ့ ဒီဝက်ဘ်ဆိုက်မှာ ပေးထားတဲ့ IMVU ဆော့ဖ်ဝဲကို အခမဲ့ ရယူထားရမှာ ဖြစ်ပြီး နေ့စဉ် အသုံးပြုနေသူပေါင်း ခြောက်သောင်းကျော် ရှိတယ်လို့ ဝက်ဘ်ဆိုက်က ဆိုပါတယ်။

APT တင်ဆက်သည်။

# Toshibaမှ ကုမ္ပဏီထုတ် ပစ္စည်းသစ်များအား ဈေးလျှော့ရောင်းချမည်

ယင်းစန္ဒ



Image Credit: www.toshiba.com

Toshibaမှ နောက်ဆုံးထုတ်လုပ်ခဲ့သော ပစ္စည်းသစ်များဖြစ်သည့် Toshiba Satellite U945-ST4N01 Ultrabook ၊ Linksvs Wireless-N Range Extenderနှင့် Sharp LC-60E69U 60" HDTV တို့အား ဈေးနှုန်းများ လျှော့ချ၍ ရောင်းချသွားမည်ဖြစ်ကြောင်း သိရပါသည်။ Toshiba ၏ နောက်ဆုံးထုတ် ပစ္စည်းသစ်တစ်ခုဖြစ်သော Toshiba Satellite U945-ST4N01 Ultrabookသည် အလွန်ပါးလွှာသော ဒီဇိုင်းဖြင့် ထုတ်လုပ်ထားခဲ့ပြီး Ultrabookတစ်လုံးလျှင် ဒေါ်လာ ၅၉၉.၉၉ ဖြင့် ရောင်းချသွားမည်ဖြစ်သောကြောင့် ပုံမှန်ဈေးနှုန်းထက် ဒေါ်လာ ၁၃၀ သက်သာမည်ဖြစ်ကြောင်း သိရပါသည်။ ထို့ပြင် Wifi သုံးစွဲသူများ စိတ်ကြိုက်ဖြစ်စေမည့် Linksvs Wireless-N Range Extenderကိုလည်း ဒေါ်လာ ၃၇.၉၉ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရပါသည်။ နောက်ဆုံးအနေဖြင့် Sharp LC-60E69U 60" HDTV တစ်လုံးလျှင် ၆၉၈ ဒေါ်လာဖြင့် ရောင်းချသွားမည်ဖြစ်ပြီး အဆိုပါ ဈေးနှုန်းမှာ ပြည်ပမှ မှာယူသူများအတွက် သယ်ယူစရိတ်ကိုပါ ထည့်သွင်းတွက်ချက်ထားသော ဈေးနှုန်းဖြစ်ကြောင်းသိရသည်။ ယခုကဲ့သို့ HDTV တစ်လုံးလျှင် ဒေါ်လာ တစ်ထောင်အောက်နှင့် ရောင်းချပေးနိုင်ခြင်းမှာ ဈေးကွက်အတွင်း ပထမဆုံး အကြိမ်ဖြစ်ကြောင်း သိရပါသည်။

Ref: www.toshiba.com

အိုင်စီတီ ဂျာနယ်
Volume 2, Issue 13
MYANMAR ICT JOURNAL

# Smartphone အသုံးပြုမှုကြောင့် စိတ်ဖိစီးမှုတွေ ဖြစ်စေနိုင်သော အချက် ၆ချက်ရှိဟု iPhoneမှဆို

ပင်းခန်


Image Credit: www.123rf.com

Wikiaရဲ့ လေ့လာမှု တစ်ခုအရတော့ ယနေ့ လူငယ်တွေဟာ တစ်ရက်ကို အနည်းဆုံး ၁၀ နာရီလောက် ထိအောင် ကွန်ပျူတာတွေနဲ့ ဆက်စပ် ကိုင်တွယ် နေကြတယ်လို့ ဆိုပါတယ်။ အဲဒီထဲက လေးချိုး တစ်ချိုးလောက်ဟာ အချိန်တိုင်းလိုလို ကွန်ပျူတာ ကိုင်တွယ်နေကြတယ်လို့လည်း ဆိုပါတယ်။ ဒါကြောင့်လည်း တစ်ရက်မှာ အနားယူချိန် ၇ နာရီလောက် နုတ်လိုက်မယ်ဆိုရင် ကျန်တဲ့အချိန်တွေ အားလုံးဟာ ကွန်ပျူတာနဲ့ ထိတွေ့နေတာကြောင့် စိတ်ဖိစီးမှုတွေ ဖြစ်လာရပါတော့တယ်။ ဒါပေမဲ့ PCတွေနဲ့စာရင် iPhoneတွေဟာ လူတွေရဲ့ လိုအပ်ချက် တော်တော်များများကို ဖြည့်ဆည်းပေးနေ နိုင်တာကြောင့် စိတ်ဖိစီးမှု ဖြစ်ပေါ်ရခြင်းတွေတော့ နည်းပါးစေတယ်လို့ ဆိုပြန်ပါတယ်။ ၂၀၁၁ ခုနှစ်အတွင်းက လေ့လာမှုတစ်ခုအရ လူငယ် တစ်ယောက်ဟာ နည်းပညာနဲ့ ပတ်သက်ပြီး ၂၄ နာရီကြာမျှ ကင်းကွာမှုဆိုတာ မရှိဘူးလို့ ဆိုပါတယ်။ နည်းပညာအပေါ် စွဲလမ်းမှုဟာ ဆေးစွဲသူ တစ်ယောက်လို ဖြစ်စေနိုင်ပြီး စိတ်ဖိစီးမှုတွေလည်း ဖြစ်လာပါတော့တယ်။ Smartphoneတွေက သင့်ကို စိတ်ဖိစီးမှုဖြစ်စေမယ့် အဓိကအချက် ၆ ချက် ရှိပါတယ်။ နံပါတ်တစ် အချက်ကတော့ သင့်ဖုန်းဆီကို ရောက်ရှိလာတဲ့ Messageနဲ့ Callတွေကို ဘယ်လိုချက်ချင်း တုံ့ပြန်မလဲဆိုတာပါ။ အဲဒီလို ချက်ချင်း တုံ့ပြန်နိုင်မှု ပေးနိုင်ခြင်း၊ မပေးနိုင်ခြင်းတွေကလည်း သင့်ကို အနည်းနဲ့ အများတော့ စိတ်ဖိစီးမှုတွေ ဖြစ်စေပါတယ်။ နံပါတ်နှစ် အချက်ကတော့ Phantom Cellphone Syndromeကြောင့် ဖြစ်နိုင်ပါတယ်။ အကြောင်းကတော့ Smartphoneတွေမှာ Phantom Cellphone Vibration Syndrome တပ်ဆင် ပါဝင်မှုတွေကြောင့် သုံးစွဲချိန် ကြာမြင့်လာတဲ့အခါ ဖုန်းမလာပေမယ့် လာတယ်လို့ ထင်တဲ့ အထင်မှားမှုတွေလိုမျိုး စိတ်ဖိစီးမှုတွေ ဖြစ်လာနိုင်ပါတယ်။ နံပါတ်သုံး အချက်ကတော့ FOMOလိုမျိုး ကိစ္စရပ်တွေ ရှိနေတာပါပဲ။ FOMOဆိုတာ Fear of Missing Outကို ဆိုလိုတာဖြစ်ပြီး ကိုယ်တိုင် လျှို့ဝှက် ထားချင်တဲ့ အရာတွေကို Smartphone အသုံးပြုရင်း ပျောက်ရှသွားတာကြောင့် ပူပန်ရတဲ့ စိတ်ဖိစီးမှုကို ပြောတာပါ။ နံပါတ်လေးအချက်ကတော့ သင့်မိသားစု ဒါမှမဟုတ် သူငယ်ချင်းတွေကို သေချာ ဂရုစိုက် အလေးပေးမှု မရှိနိုင်တာပါ။ သင်ကိုယ်တိုင်မှာ အရေးကြီးတဲ့ အလုပ်ကိစ္စရပ်တွေကြောင့် မိသားစုနဲ့ ဒါမှမဟုတ် သူငယ်ချင်းတွေနဲ့ Date လုပ်ထားတာတွေကို ဖျက်ပစ်လိုက်ရတာကလည်း စိတ်ဖိစီးမှုတွေ ဖြစ်စေပါတယ်။ နံပါတ်ငါးအချက် ကတော့ သင်ဟာ သင်ရဲ့ ဖုန်းနဲ့ ဝေးကွာနေတဲ့ အချိန်တွေမှာ စိတ်ဖိစီးမှုတွေ ဖြစ်လာခဲ့ရတာပါ။ ဝေးကွာနေတယ် ဆိုတာကတော့ ဖုန်းပိတ်ထားတဲ့ အချိန်တွေနဲ့ အိမ်မှာ၊ ရုံးမှာ၊ ဒါမှမဟုတ် တစ်နေရာရာမှာ ဖုန်းကျန်ခဲ့တာတွေ၊ ပျောက်ရှသွားတာတွေကို ဆိုလိုပါတယ်။ နောက်ဆုံးအချက် ကတော့ စာသင်နေချိန်မှာ သတင်းဆိုး တစ်ခုခုကြောင့် စိတ်ညစ်မှုတွေ ဖြစ်နေတဲ့အချိန်နဲ့ ဒါမှမဟုတ် တခြားအရာ တစ်ခုခုကို တုံ့ပြန်ဖို့ ကြိုးစားနေချိန်တွေမှာ ကျောင်းစာမှာ စိတ်ဝင်စားမှု နည်းသွားနိုင်သလို နောက်ဆက်တွဲ စိတ်ဖိစီးမှုတွေလည်း ခံစားလာရနိုင်ပါတယ်ဆိုတဲ့ အချက်တွေပါပဲ။

Ref: www.huffingtonpost.com

# Samsungမှ မြင်ကွင်းကျယ် Smart TVများအား ဈေးကွက် တင်တော့မည်

TV ထုတ်လုပ်ရေး ကုမ္ပဏီ တစ်ခုဖြစ်တဲ့ Samsungဟာ Screen ကြီးမားမှု၊ Panels ပါးလွှာမှုတို့ကြောင့် ကမ္ဘာ့ဈေးကွက်၏ နံပါတ်တစ်နေရာကို မကြာသေးခင်က ရရှိခဲ့ပါတယ်။ အရင်ကတော့ Samsungဟာ Hardware ပစ္စည်းတွေကိုသာ အဓိက ထုတ်လုပ်ခဲ့တာဖြစ်ပြီး၊ ယခုအခါ Smart TVများ ခေတ်စားလာသည့် အတွက်ကြောင့် တောင်ကိုရီးယား အခြေစိုက် ကုမ္ပဏီဟာ Internet-connected-TVများရဲ့ ဈေးကွက်ကို ထိုးဖောက်ဖို့ ကြိုးစား လာခဲ့တာပါ။ Samsungရဲ့ ကြေညာမှုအရတော့ ဒီနှစ်အတွင်းမှာ Samsungဟာ TVအသစ် အမျိုးပေါင်း ၁၀၀ကျော်ကို ဈေးကွက် တင်သွင်းမှာဖြစ်ပြီး အဲဒီထဲက ထက်ဝက်ကျော်ဟာ SmartTVများ ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ ယနေ့ခေတ် သုံးစွဲသူများ အနေဖြင့် ပိုမိုကြီးမား ကျယ်ပြန့်သော TVများအပေါ် ကြိုက်နှစ်သက်လျက် ရှိတာကြောင့် Samsungဟာ သူ့ရဲ့ TVတွေကို လက်မ ၆၀ကျော်နှင့် အကျယ်ကိုပါ ၅၀ ရာခိုင်နှုန်း ချဲ့ဖို့အထိ ကြိုးစားနေတယ်လို့ သိရပါတယ်။ ဒါ့အပြင် အသံနှင့် ထိန်းချုပ်သည့် စနစ်ကိုပါ ထည့်သွင်း အသုံးပြုနိုင်ဖို့အထိ Samsungက မျှော်လင့်နေပါတယ်။ ဈေးကွက်ပိုင်းမှာလည်း သေချာတဲ့ လေ့လာမှုတွေကို Samsungက ကြိုးစား လုပ်ဆောင်နေပါတယ်။ အကြောင်းကလည်း ပြီးခဲ့တဲ့နှစ်အတွင်းက Samsungဟာ ဈေးကွက်အတွင်း ကုမ္ပဏီထုတ် Smart TV, Smartphoneနဲ့ Tabletတွေ အနက် Smart TV တွေအပေါ် လူကြိုက်နည်းခဲ့ရလို့ ဖြစ်ပါတယ်။ ဒါပေမယ့် Samsungဟာ ဇန်နဝါရီလအတွင်း Las Vegasမှာ သူ့ရဲ့ နောက်ဆုံးထုတ် Smart TVကို မိတ်ဆက် ပြသခဲ့ပြီး အောင်မြင်မှုရရှိခဲ့တယ်လို့ သိရပါတယ်။ အဲဒီ Smart TVဟာ ၈၅လက်မ အကျယ်ရှိပြီး၊ Ultra-High-Definition Luxury အမျိုးအစား ဖြစ်ကာ ကြိုတင် မှာယူလိုသူများ အနေဖြင့် Samsung's Websiteမှာ တစ်လုံးလျှင် ဒေါ်လာ ၄၀,၀၀၀နှုန်းဖြင့် မှာယူနိုင်ကြောင်း သိရပါတယ်။

Ref: www.samsung.com


Image Credit: www.samsung.com

# ကမ္ဘာ့အကြီးဆုံး All-in-one PC InFocus Big Touch


Image Credit: www.engadget.com

